KIC
Karen Information Center

ကညီအတင်းခန်

လူအခွင့်အရေး
တိုင်းရင်းသားအခွင့်အရေး
ဒီမိုကရေစီအရေး

ဒီဇင်ဘာလ၊ ၂၀၁၈ ခုနှစ် | The Karen News | အတွဲ (၆)၊ အမှတ် (၄)

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး KWO ၏ (၁၆) ရက်တာလှုပ်ရှားမှု လူထု (၅၀၀) နီးပါး ပါဝင်

နိုဝင်ဘာ ၂၅ ရက်၊ ၂၀၁၈ ခုနှစ် နန်းဝေဖြိုးဇော

စည်းအရုံးက ဦးဆောင်ပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှု KWO– ကရင်အမျိုးသမီး အဖွဲ့ ပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှား မဟာ(၁)ရှိ တမို့ဒေါ (ကျောက်ဆည်) မြို့နယ်အတွင်း ဆန္ဒပြပွဲ အခမ်းအနားကို ကေအဲန်ယူ တောင်)ကျေးရွာ လေးဂယ်ကလယ် သရဲ ကရင်ပြည်သူလူထုနှင့် နယ်မြေ အသီးသီးမှ ကရင်အမျိုးသမီး ရောက်ခဲ့ကြသည်။

စာမျက်နှာ (၄) သို့ ▶▶▶

နိုင်ငံတကာ ရိုက်ခတ်တူရိယာဖျော်ဖြေပွဲ ဖားအံမြို့တွင် ဒုတိယအကြိမ် ကျင်းပ

နိုဝင်ဘာ ၁၃ ရက်၊ ၂၀၁၈ ခုနှစ် နန်းဝေဖြိုးဇော

ရိုက်ခတ်တူရိယာများ ဖလှယ်သည့်အနေဖြင့် နိုင်ငံတကာနှင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားများ ရိုက်ခတ်တူရိယာများ ပေါင်းစပ်၍ Gongs &Skins III နိုင်ငံတကာ ဂီတဖျော်ဖြေပွဲတော်ကို ကရင်ပြည်နယ်၊ ဖားအံမြို့ ဇွဲကပင် ခန်းမ၌ နိုဝင်ဘာ ၁၂ ရက်က ကျင်းပပြုလုပ်ခဲ့ကြသည်။

မြန်မာနှင့် ကမ္ဘာတစ်လွှားမှ မတူကွဲပြားသော ဂီတယဉ်ကျေးမှုကြွားမှ ငြိမ်းချမ်းသော အပြန်အလှန်ရရှိမှု ရသကို ပေးစွမ်းနိုင်ရန် ရည်ရွယ်ကျင်းပသည့် အဆိုပါ ဂီတပွဲတော်ကို အီတလီ၊ ဒိန်းမတ်၊ ဂျာမနီ၊ ပြင်သစ်၊ ပိုလန်၊ ကနေဒါ၊ တရုတ်၊ မလေးရှား၊ ဂျပန်၊ နိုင်ငံတို့မှ ရိုးရာ ရိုက်ခတ် တူရိယာနှင့် မြန်မာနိုင်ငံရှိ ကရင်၊ ရှမ်း၊ ရခိုင်၊ ဗမာ စသည့် တိုင်းရင်းသားများ၏ တီးခတ်တူရိယာများနှင့် အတူ အဖွဲ့ ၃ ဖွဲ့ခွဲပြီး ပူးတွဲတီးခတ် ဖျော်ဖြေသွားခဲ့ကြသည်။

ရိုက်ခတ်တူရိယာ ဂီတပွဲတော်တွင် ကရင်အနေဖြင့် 'မောင်ရိုးလေး .. လေး..' ကရင်ဒုံးအက သီချင်းတေးသွားကို ယူပြီး ဒုံးအကတွင် ပါဝင်သည့် ဖားစည်၊ ဘင်၊ ကျဲချို၊ မောင်း၊ ဝါးလက်ခေါက်၊ လင်းကွင်း၊ နဲ့ စသည့် ရိုးရာတူရိယာများနှင့် တီးခတ်ဖျော်ဖြေသွားခဲ့သည်ဟု ပွဲတော်တွင် ပါဝင်သူ K ဖိုးခွားက ကရင်သတင်းစဉ်သို့ ပြောသည်။

'ဒီပွဲမှာ ကျနော်တို့တွေက အုပ်စုခွဲပြီး တီးတယ်။ ကျနော်တို့ ကရင်အဖွဲ့မှာ ဗမာပါတယ်။ ပြီးတော့ ဂျာမနီ၊ ဂျပန်၊ ပိုလန်နဲ့ အာဖရိက တစ်ယောက်ပါတယ်။ ကျနော်တို့ ကရင်တူရိယာတေးသံကို တီးတဲ့ခါဆိုရင် ကျန်တဲ့ လူတွေက သူတို့တူရိယာနဲ့ လိုက်တီးတယ်။

စာမျက်နှာ (၅) သို့ ▶▶▶

စစ်အုပ်စုလက်ခုပ်ထဲက ၎င်း

မောင်ကျော်စွာ

"ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ တရားဝင် အစည်းအဝေးများတွင် ပါဝင်မှု အား ယာယီရပ်ဆိုင်းကြောင်း" ကြေညာပြီးနောက် ရက်သတ္တပတ်မျှ ကာလအတွင်း **"အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုတွေ"** အစီအရီ ပေါ်ပေါက်လာပါတယ်။

နိုဝင်ဘာ ၁၇ ရက်နေ့၊ ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့မှာ KNU နဲ့ အလွတ်သဘော ဆွေးနွေးပွဲမှာ ဦးဇော်ဌေးပြောတဲ့ 'ခဏ ရပ်ဆိုင်းသွားတဲ့ အနေအထားက ပုံမှန်အတိုင်းဖြစ်ဖို့ အမြန်ဆုံးကြိုးစားမယ်။ နှစ်လ၊ သုံးလ အတွင်းလည်း ဖြစ်သွားနိုင်တယ်။ ဒီထက် မြန်အောင်လည်း ကြိုးပမ်းသွားမယ်' ဆိုတဲ့စကားက အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ဆန္ဒသဘောထားနဲ့ ပိုင်းဖြတ်ချက်ကို ထင်ဟပ်ပြတာလို့ ယူဆနိုင်ပါတယ်။

အလွတ်သဘော လာရောက်ဆွေးနွေးကြသူတွေအနက်

စာမျက်နှာ (၁၆) သို့ ▶▶▶

အနာဂတ်အတွက် လူငယ့်ခွန်အား စွမ်းပကား

လူငယ်တိုင်းသည် တိုင်းပြည်၏ အနာဂတ် ကြယ်ပွင့်ကလေးများဟု တင်စားသည့် ဆိုရိုးစကား ရှိခဲ့သည်။ သို့အတွက် မျိုးဆက်သစ် လူငယ်များကို ပညာရေး ဆုံးခန်းတိုင် သင်ကြားစေခြင်း၊ မိမိတို့စိတ်အားထက်သန်သည့် အသက်မွေး ပညာရပ်များကို လေ့လာလိုက်စားစေခြင်း၊ လူမှုအဖွဲ့အစည်းများတွင် ပါဝင်ကူညီစေခြင်း၊ ဘာသာတရားဖြင့် ဆုံးမခြင်း၊ လူ့ယဉ်ကျေးမှုအရ သွန်သင်ခြင်းအားဖြင့် လူမှုအသိုင်းအဝိုင်း၏ လှုပ်ရှားဆောင်ရွက်မှုများတွင် ကဏ္ဍအသီးသီးက ပါဝင်စေခဲ့ကြသည်။ ပညာသည် လူ၏တန်ဘိုးဆိုသကဲ့သို့ လူငယ်များ၏တန်ဘိုးသည်လည်း လူမျိုးတစ်မျိုး၊ တိုင်းပြည်တစ်ခု၏ ပြယုဂ်ဆိုလျှင်လည်း မှားမည် မထင်ပေ။

'ယနေ့ လူငယ်၊ နောင်ဝယ် လူကြီး' စကားအရ တစ်ချိန်တွင် ရင့်ကျက်တည်ငြိမ်သော လူကြီးသူမအဖြစ် လူမှုပတ်ဝန်းကျင်ကို ဦးဆောင်နိုင်ရေးအတွက် မူးယစ်သောက်စားခြင်း၊ စာရိတ္တပျက်ပြားခြင်း၊ ကိုယ်ကျင့်တရား ဆိုးသွမ်းခြင်းများ ကင်းရှင်းရမည်ဖြစ်သကဲ့သို့ လူငယ်ဘဝတွင် မှန်ကန်သော လမ်းကြောင်း၊ တည့်မတ်သော လမ်းစဉ်၊ မျှတပြီး ယိုင်းပင်းကျညှိပုံပိုးတတ်သော စိတ်ထားများနှင့် 'ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနား' ဆိုသည့်အတိုင်း ရှင်သန်ကြီးပြင်းလာရန် လိုအပ်သည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၁၉ ရက်မှ ၂၃ ရက်နေ့အတွင်း ကရင်လူငယ်နှီးနှောဖလှယ်ပွဲကို မြန်မာနိုင်ငံ၏ ပြည်ပနယ်မြေအသီးသီးမှ ကရင်လူငယ်မောင်မယ် အင်အား ၃၀၀ နီးပါးဖြင့် ကျင်းပပြီးစီးခဲ့သည်။ တိုင်းပြည်၏မဏ္ဍိုင်ကြီးများကို လူငယ့်အားဖြင့် စနစ်တကျ ပြုပြင်၊ ပြင်ဆင်၊ တိုင်ပင်စီစဉ်သွားနိုင်ရေး ဒေသအလိုက် အစုအဖွဲ့များအားလုံး စုပေါင်းပါဝင်ခဲ့ကြသည်။ တက်ရောက်သူ ကရင်လူငယ်များမှာ မတူကွဲပြားသော မျိုးနွယ်စု၊ ကိုးကွယ်ရာဘာသာ၊ ဓလေ့ရိုးရာများ ရှိကြသော်လည်း တစ်ခုတည်းသော အမျိုးသားအလံတော်အောက်တွင် တစ်စိတ်တစ်ဝမ်းတည်း နှီးနှောဖလှယ်ခဲ့ကြသည်မှာ စုစည်းခြင်း၏ အောင်မြင်မှုကြီးတစ်ခုဟု ဆိုနိုင်သည်။

လူငယ်ပွဲဟု ခေါ်ဆိုသော်လည်း ၎င်းတို့ကို သမိုင်းကြောင်းဆိုင်ရာ၊ လက်ရှိ နိုင်ငံရေး ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာနှင့် လူငယ်များ၏ အခန်းကဏ္ဍများကို လမ်းညွှန်မှုပေးနိုင်သည့် တတ်သိပညာရှင်များ၊ ကရင်အမျိုးသားအစည်းအရုံး ခေါင်းဆောင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များက ဟောပြော ဆွေးနွေး ဖလှယ်ပေးခဲ့ကြသည်မှာ လူမျိုးတစ်မျိုး၊ လူမှုအသိုင်းအဝိုင်းတစ်ခုအတွက် လုပ်သင့်လုပ်ထိုက်သည့် လုပ်ရပ်အဖြစ် ရှုမြင်မိသည်။ ယင်းနှီးနှောဖလှယ်ဆွေးနွေးမှုများ၏ ရလဒ်အဖြစ် လူငယ့်အရေးဆိုင်ရာ ဆုံးဖြတ်ချက် ၆ ချက်ကို ချမှတ်ခဲ့ကြသည်။

၎င်းတို့မှာ

၁။ ကရင့်အမျိုးသားရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဖြစ်စဉ်တွင် လူငယ်အခန်းကဏ္ဍမှ ချိတ်ဆက် ပါဝင် ဆောင်ရွက်ရန် ခိုင်မာသည့် ကွန်ရက်နှင့် အချက်အလက်ဖလှယ်ရေး ယန္တရားတစ်ခု ဖော်ဆောင်ရေး၊

၂။ ကရင်အမျိုးသားလူငယ်ရေးရာမူဝါဒ (Karen National Youth Policy) တစ်ခု အကောင်အထည်ဖော်ရေး၊

၃။ ကဏ္ဍတိုင်းကို သုတေသနပြုရန် သုတေသနအဖွဲ့ (Research team) ပေါ်ထွက်လာရေး၊

၄။ ကရင့်အမျိုးသားရေး သမိုင်းဆိုင်ရာများကို ကရင်လူငယ်များ ပိုမိုသိရှိနားလည်လာစေရန် လုပ်ငန်းစဉ်တစ်ရပ် စီစဉ် ဆောင်ရွက်ရေး၊

၅။ ကရင်လူငယ်ထုတစ်ရပ်လုံး၏ စုရုပ်အဖြစ် ကရင်လူငယ်စင်တာ (Karen Youth Center) တစ်ခု ပေါ်ထွက်လာရေး နှင့်

၆။ ယခုဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းအဆောက်အကူဖြစ်ရန် ရန်ပုံငွေရှာဖွေရေး ကော်မတီ တစ်ရပ် ဖွဲ့စည်းသွားမည်ဟူ၍ ဖြစ်သည်။

ကရင်လူငယ်များအနေဖြင့် ခေတ်အဆက်ဆက် ကရင့်အမျိုးသားရေး လှုပ်ရှားမှုတွင် တက်ကြွစွာ ပါဝင်ခဲ့သည့် သမိုင်းကြောင်း ရှိခဲ့ဖူးသည်။ ၁၉၄၇ ခုနှစ် ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံးကို စတင်ထူထောင်စဉ်ကတည်းက ကရင်လူငယ်အသင်း (KYO) သည်လည်း ပါဝင်ခဲ့သည်။ သို့သော် လူငယ်များ၏ တက်ကြွမှုကို အသုံးချကာ သွေးခွဲခံခဲ့ရသည့် ဖြစ်စဉ်များလည်း ကရင့်သမိုင်းတွင် ရှိခဲ့သည်။ ထို့အတွက် ကရင်လူငယ်များသည် ကရင့်အမျိုးသားရေးအတွက် မှန်ကန်သည့်လမ်းကို ရွေးချယ်တတ်ရန် လိုပြီး နိုင်ငံရေးသမားများ၊ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၏ အမျိုးမျိုးသောအကျိုးအတွက် အသုံးချခံမဖြစ်ရန် သတိကြီးစွာ ထားရမည် ဖြစ်သည်။

အမျိုးသားစီမံကိန်းအတွက် အကောင်အထည်ဖော်ရာတွင် လူငယ်များ၏ အခန်းကဏ္ဍ၊ အမျိုးသမီးများ၏ အခန်းကဏ္ဍမှာ မရှိမဖြစ် အရေးပါသည်။ အထူးသဖြင့် တာဝန်အသီးသီးကို ပုခုံးပြောင်းတာဝန်လွဲယူသွားကြရမည့် လူငယ်မောင်မယ်များ၏ ခြေတစ်လှမ်းချင်းတိုင်းမှာ တော်၊ တည့်၊ မှန်ကန်ဖို့ လိုသည်။ ယင်းသို့ဖြစ်လာရန် အခြေအနေပေါင်းစုံ၏ နောက်ခံ သမိုင်းကြောင်း၊ ဖြစ်စဉ် ဖြစ်ရပ်နှင့် သင်ခန်းစာ၊ အကြောင်းအရာများကို စေ့စပ်သေချာစွာ လေ့လာမှုရင်း အစွန်းရောက်၊ အရိုးစွဲနှင့် တစ်ဖက်စောင်းနင်း တွေးခေါ်မှုမျိုး မဖြစ်ရေး ချိန်ဆတတ်ရန်လည်း လိုအပ်သည်။

သို့ဖြစ်ပေရာ အရပ်ဖက်အဖွဲ့အစည်းများမှ နည်းပညာရှင်လူငယ်များ၊ ဥပဒေပညာရှင်လူငယ်များ၊ ကျောင်းသားလူငယ်များအနေဖြင့် သမိုင်း၏ အရင်းခံဖြစ်တည်ခဲ့မှုအပေါ် အခြေခံ၍ တည့်မတ် ဖြောင့်တန်းစွာ ပြုပြင်ပြောင်းလဲသွားရမည့်အပြင် အနာဂတ် အမျိုးသားရေးအတွက်ဖြစ်စေ၊ အနှစ်သာရ ပြည့်ဝသည့် ငြိမ်းချမ်းရေးအတွက်ဖြစ်စေ အမျိုးသမီး၊ အမျိုးသား လူငယ်လူရွယ်များ၏ ခွန်အား စွမ်းပကားကို ထက်မြက်သည့် ဓားတစ်လက်အဖြစ် အသုံးချကာ ခွဲခြားဖိနှိပ်ဆက်ဆံခြင်း၊ စိတ်ပိုင်း/ရုပ်ပိုင်း အကြမ်းဖက်ခြင်း အလျင်းမရှိဘဲ စုစည်းညီညွတ်မှုအားဖြင့် ဆောင်ရွက်သွားကြစေလိုပါသည်။

ကရင်လူငယ် နှီးနှောဖလှယ်ပွဲမှ ရှေ့လုပ်ငန်းစဉ် (၆)ရပ် ချမှတ်ဆုံးဖြတ်

နိုဝင်ဘာ ၂၄ ရက်၊ ၂၀၁၈ ခုနှစ် စအိုင်ဆူး

ကေအဲန်ယူ– ကရင်အမျိုးသားအစည်းအရုံး၊ ဖားအံခရိုင်၊ လေးဝါး(လောခီးလာ)တွင် ကရင်လူငယ်အစည်းအရုံး–KYO ဦးဆောင်၍ နိုဝင်ဘာလ ၁၉ ရက်မှ ၂၃ ရက်နေ့အထိ ကျင်းပခဲ့သည့် ကရင် လူငယ် နှီးနှောဖလှယ်ပွဲ (Karen Youth Seminar)တွင် ရှေ့လုပ်ငန်းစဉ် ၆ ရပ် ချမှတ် ဆုံးဖြတ်ခဲ့သည်ဟု သိရသည်။

နှီးနှောဖလှယ်ပွဲအတွင်း ပြည်တွင်း၊ ပြည်ပနှင့်နယ်စပ်ဒေသမှ တက်ရောက်လာသည့် ကရင်လူငယ် ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များမှ ပေါ်ထွက်ရရှိလာသည့် အခြေအနေရလဒ်များအပေါ် အခြေခံ၍ ၎င်း ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်ဟု KYO ဥက္ကဋ္ဌ စောလယ်နယ်ကယခုလို ပြောသည်။

'ကျနော်တို့ရဲ့ ဒီနှီးနှောဖလှယ်ပွဲကို ခေါင်းဆောင်တွေ ပညာရှင်တွေအနေနဲ့ လက်ရှိနိုင်ငံရေး အခြေအနေတွေကို လာပြီးဆွေးနွေးချပြတယ်။ ဒီအပေါ်မှာ ကျနော်တို့ကနေပြီးတော့ ကရင်လူငယ်တွေ၊ ဘာတွေ လုပ်ဆောင်သင့်သလဲဆိုတဲ့အပေါ်မှာ ကရင့်အမျိုးသားနိုင်ငံရေးလှုပ်ရှားမှု၊ လက်ရှိ နိုင်ငံရေး၊ ငြိမ်းချမ်းရေးအခြေအနေနဲ့ လက်ရှိ ကရင်လူငယ်တွေရဲ့ အခြေအနေစတဲ့ ဆွေးနွေးရမယ့် ခေါင်းစဉ် ၃ ခုကို ရွေးချယ်ပြီး အားနည်းချက်၊ အားသာချက်တွေကို အုပ်စုအလိုက် ဆွေးနွေးခိုင်းပြီး အဲ့ကနေ ထွက်ပေါ်လာတဲ့ ရလဒ်တွေအနေနဲ့ ဒီရှေ့လုပ်ငန်းစဉ်တွေ အကောင်အထည်ဖော် ဆောင်ရွက်ဖို့ ဖြစ်လာတာဖြစ်တယ်'ဟု ပြောသည်။

အဆိုပါ ရှေ့လုပ်ငန်းစဉ် ၆ ရပ်မှာ ကရင့်အမျိုးသားရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဖြစ်စဉ်တွင် ကရင်လူငယ်များ အခန်းကဏ္ဍမှ ချိတ်ဆက်ပါဝင် ဆောင်ရွက်မှုရှိရန် ခိုင်မာသော ယန္တရားတစ်ခုဖော်ဆောင်ရန်၊ ကရင့်အမျိုးသား လူငယ်ရေးရာမူဝါဒတစ်ခု အကောင်အထည်ဖော်ရန်၊ ကဏ္ဍတိုင်းအတွက် သုတေသနများ ပြုလုပ်ရန် သုတေသန အဖွဲ့ပေါ်ထွက်ရေး ဆောင်ရွက်ရန်၊ ကရင်အမျိုးသားရေး သမိုင်းများ ပိုမိုသိရှိ နားလည်စေမည့် လုပ်ငန်းတစ်ရပ် ဆောင်ရွက်ရန်၊ နှီးနှောဖလှယ်ပွဲမှ ချမှတ်ခဲ့သည့် လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုမည့် ရုံပုံငွေ ရှာဖွေရေး ကော်မတီတစ်ရပ် ဖွဲ့စည်းသွားရန်နှင့် ကရင်လူငယ်ထု တစ်ရပ်လုံးအတွက် ကရင်လူငယ်စင်တာတစ်ခု ပေါ်ထွက်လာရေး အကောင်အထည်ဖော် ဆောင်ရွက်သွားရန်တို့ကို ဆုံးဖြတ်ခဲ့သည်။

ဌင်းအပြင် ကရင်လူငယ်ညီလာခံတစ်ရပ် ခေါ်ယူရန် သဘောတူဆုံးဖြတ်ခဲ့ပြီး ထိုလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရန် ကရင်လူငယ် အစည်းအရုံး–KYO၊ ကရင်ယဉ်ကျေးမှု အဖွဲ့အစည်းများ–KCO၊ ကရင်လူငယ်ကွန်ရက်–KYN နှင့် ဧရာဝတီ၊ ရန်ကုန်၊ ပဲခူး၊ တနင်္သာရီစသည့်တိုင်း ဒေသကြီးများ၊ ကရင်၊ မွန်၊ ကယား(ကရင်နီ) စသည့် ပြည်နယ်ဒေသများ၊ အထက် မြန်မာပြည်စသည့် ဒေသများမှ လူငယ်ကိုယ်စားလှယ် ၁၅ ဦးပါဝင်သည့် ကရင်လူငယ် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီကိုပါ ဖွဲ့စည်းခဲ့သည်ဟု KYO က ဆိုသည်။

ဌင်းနှီးနှောဖလှယ်ပွဲသို့ ပြည်တွင်းရှိ ဧရာဝတီ၊ ရန်ကုန်၊ ပဲခူးနှင့် တနင်္သာရီတိုင်း၊ ကရင်၊ မွန်၊ ကယားပြည်နယ်၊ အထက်မြန်မာပြည်၊ နယ်စပ်လူငယ် အဖွဲ့အစည်းများ၊ လေ့လာသူ အခြားတိုင်းရင်းသား လူငယ်များ စုစုပေါင်း ၂၈၂ ဦး အပြင် တတ်သိပညာရှင်များ၊ ကေအဲန်ယူ–ကရင်အမျိုးသား အစည်းအရုံးမှ ခေါင်းဆောင် အချို့လည်း ပါဝင် တက်ရောက်ခဲ့သည်။

ကရင်သတင်းစဉ်

အမှုဆောင်နာယက	မန်းလင်းမြတ်ကျော်
အယ်ဒီတာချုပ်	နန်းဖော့ဂေ
အမှုဆောင်အယ်ဒီတာ	စောထွန်းလင်း
သတင်းအယ်ဒီတာ	စောသိန်းမြင့်
သတင်းတာဝန်ခံ	စဖန်းရှောင်း
သတင်းထောက်များ	နန်းဝေဖြိုးဇာ၊ စအိုင်ဆူး၊ စောမြတ်ဦးသာ စောရှား၊ နမ့်ဘွားခလိန်
ကရင်ပိုင်းအယ်ဒီတာ	စောခလီကယို
ကရင်ပိုင်းဘာသာပြန်	နော်စေးခုဒူး
စာစီဒီဇိုင်းအယ်ဒီတာ	စောဖိုးမူး၊ ကျော်အဲနယ်
ထုတ်ဝေသူ	စောထွန်းလင်း (၀၂၀၄၈) အမှတ် (၈) ရပ်ကွက်၊ ထောင်ဝိ (၁၂) လမ်း၊ ဖားအံမြို့ ကရင်ပြည်နယ်
ပုံနှိပ်သူ	နှစ်သစ်ဦးပုံနှိပ်တိုက် (၀၀၆၀၁) 27(A), Corner of U Hmoo St and U Tun Nyo St, Dagon (East) Industrial Zone, Yangon
တန်ဘိုး	၅၀၀ ကျပ်
ဆက်သွယ်ရန်	အမှတ် (၈) ရပ်ကွက်၊ ထောင်ဝိ (၁၂) လမ်း၊ ဖားအံမြို့ ကရင်ပြည်နယ် kicnews@yahoo.com, kicnews97@gmail.com www.kicnews.org, www.karennews.org 09973883218, 09452849329, 09764943688

ပထမအကြိမ် Miss Teen Universe 2018 ကိုဖားအံတွင်ပြုလုပ်ပြီးစီး

နိုဝင်ဘာလ ၂၅ ရက်နေ့၊ ၂၀၁၈ ခုနှစ်

ကရင်ပြည်နယ်အတွင်းမှ ပြည်နယ် ဂုဏ်ဆောင်နှင့် နိုင်ငံဂုဏ်ဆောင် အလှမယ်လေးများ ပေါ်ထွက်လာရေး ရည်ရွယ်ပြီး Miss Teen Universe Hpa-an 2018 အမည်ရသည့် အလှမယ်ရွေးချယ်ပွဲ တစ်ခုကို ယမန်နေ့ နိုဝင်ဘာလ ၂၄ ရက်နေ့က ဖားအံမြို့ ခွဲကပင် ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲကို ကရင်ပြည်နယ်တွင် ပထမဆုံးအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး ထိုသို့ကျင်းပရသည့် ရည်ရွယ်ချက်များနှင့် ပတ်သက်၍ Miss Teen Universe Hpa-An 2018 ၏ Country Director ဖြစ်သူ စောဇေယျာဝင်းက ယခုလို ပြောသည်။

ငင်းက 'ကျနော်အနေနဲ့ ဒီလို Miss ပွဲတွေ၊ ရှူးပွဲတွေ၊ ဖက်ရှင်ပွဲတွေကို ကရင်ပြည်နယ်မှာ လုပ်ချင်နေတာ၊ စိတ်လည်းဝင်စားတယ်။ နောက်ပြီး ကရင်ပြည်နယ်မှာ ကရင်မလေး တစ်ယောက်ကိုပေါ့၊ တိုင်းရင်းသူလေး တစ်ယောက်ကို ကိုယ့်ပြည်နယ်အတွက် တိုးတက်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဖြစ်ပါတယ်'ဟု ပြောသည်။

Miss Teen Universe Hpa-An 2018 အလှမယ်ရွေးချယ်ပွဲအတွက် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပါဝင်ယှဉ် ပြိုင်လိုသူ အလှမယ် အယောက် ၂၀ ကျော် စာရင်းပေးသွင်းထားပြီး ထိုအထဲမှ ဆန်ကာတင် အလှမယ် ၁၀ ဦးကို ရွေးချယ်ခဲ့ရာ တစ်ဦးမှာ ကျန်းမာရေးကြောင့် အ ခြေအနေအရ နှုတ်ထွက်လိုက်ရသည့်အတွက် ယမန်နေ့ပြိုင်ပွဲတွင် ၉ ဦးသာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ပြိုင်ပွဲကို ဒိုင် ၆ ဦးမှ အကဲဖြတ်အမှတ်ပေးခဲ့ပြီး ဆန်ကာတင် အလှမယ် ၉ ဦး ထဲမှ ၅ ဦးကို ထပ်မံရွေးချယ်ခဲ့နောက် သထုံမြို့နယ်မှ ပြိုင်ပွဲဝင် ခါးနံပါတ်-၉ မဖူးပွင့်စုံက Miss Teen Universe Hpa-an 2018 ၏ First Winner ဆုကို ဆွတ်ခူး ရရှိသွားသည်။

ယခု First Winner ရရှိသွားသူ မဖူးပွင့်စုံအနေဖြင့် လာမည့် ၂၀၁၉ နှစ်ဆန်းပိုင်း နေပြည်တော်တွင် ပြုလုပ်မည့် Teen Universe Nay-pyitaw Grand final ပွဲတွင် သွားရောက်ယှဉ်ပြိုင်မည် ဖြစ်သည်ဟုလည်း သိရသည်။

ရောဝတီတိုင်းတွင်ကရင်အမျိုးသားနှစ်သစ်ကူးနှင့် ကောက်သစ်စားပွဲတော်ကို တစ်ရက်တည်း ပူးတွဲကျင်းပမည်

နိုဝင်ဘာလ ၁၉ ရက်၊ ၂၀၁၈ ခုနှစ်
နန့်ဘွားခလိန်

အမြင်အမျိုးမျိုး ကွဲပြားနေသည့် ဧရာဝတီတိုင်းဒေသကြီး ကောက်သစ်စားပွဲတော်ကို လာမည့် ဇန်နဝါရီလ ၆ ရက်နေ့၌ အိမ်မဲမြို့နယ်၊ ရွာသစ်ကျေးရွာအုပ်စု၊ တောင်စုကျေးရွာတွင် ကျင်းပမည့် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ ပွဲတော်နှင့် တစ်ရက်တည်း ပူးတွဲကျင်းပသွားမည်ဖြစ်ကြောင်း ၎င်းကရင်နှစ်သစ်ကူး ကျင်းပရေးကော်မတီထံမှ သိရသည်။

အဆိုပါ ကရင်ရိုးရာ ကောက်သစ်စားပွဲတော် ကျင်းပနိုင်ရေး အတွက် ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဂျိ မိုးမြတ်မြတ်သူနှင့် ကျင်းပရေးကော်မတီများ၊ ကျေးရွာစာယဉ်အဖွဲ့များနှင့် ရန်ကုန် ကရင်လူငယ်များမှ ယမန်နေ့ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် အိမ်မဲ မြို့နယ်၊ အုပ်ချုပ်ရေးမှူးရုံး၌ ညှိနှိုင်းအစည်းအဝေးတစ်ခု ပြုလုပ်ပြီး ထိုသို့ ဆုံးဖြတ်လိုက်ခြင်း ဖြစ်သည်။

'တို့ကတော့ ကရင်နှစ်သစ်ကူး လုပ်တဲ့အထဲမှာမှ ရိုးရာပွဲလေးတစ်ခုကို ဖော်ထုတ်တာဖြစ်တယ်။ မနေ့က အစည်းအဝေးမှာ ဝန်ကြီးက ပြောတယ်။ အကုန်လုံး အစီအစဉ်က နှစ်သစ်ကူးနေ့ တစ်ရက်တည်းမှာ စုပေါင်းလုပ်မယ်။ ကရင်နှစ်သစ်ကူးနေ့မှာ ခါတိုင်းလိုပဲ အလံတင် အခမ်းအနားလုပ်မယ်။ ၁၀ နာရီလောက်မှာ ကောက်သစ်စားပွဲတော်ကို လုပ်မယ်'ဟု အိမ်မဲမြို့နယ် နှစ်သစ်ကူးကျင်းပရေး ကော်မတီမှ ဒေါက်တာ မောင်မောင်စိုးက ကရင်သတင်းစဉ်သို့ ပြောသည်။

ယခင်က ဧရာဝတီတိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး၏ စီစဉ်ဦးဆောင်မှုဖြင့် ပြည်ထောင်စုအဆင့် ကောက်သစ်စားပွဲတော်ကို သီးသန့် ကျင်းပမည့် ကိစ္စများနှင့် ပတ်သက်ပြီး ကရင်အသိုင်းအဝိုင်းများကြားတွင် သဘောထားကွဲလွဲမှုများရှိခဲ့ကာ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း အတွင်းရှိ ကရင်စာယဉ်အဖွဲ့များအပါအဝင် ကရင်လူငယ်များက ယှဉ်ပွဲကျင်းပရန် သက်ဆိုင်ရာများထံ စာတင် တောင်းဆိုမှုများလည်း ရှိခဲ့သည်။

ပန်းတနော်မြို့နယ် ကရင်စာပွဲတော်ကို ထည့်သွင်းကျင်းပမည့် အပြင် တိုင်းဒေသအတွင်းရှိ သုံးဘာသာနှင့်အထက် ဂုဏ်ထူးရ ကရင် ကျောင်းသူ/သားများအား ဆုချီးမြှင့်ခြင်း၊ သက်ကြီးပူဇော်ပွဲများ၊ ရိုးရာလက်ဝှေ့ပြိုင်ပွဲများ၊ ကဗျာနှင့် တေးသီချင်းပြိုင်ပွဲများ၊ ကရင်ဒုံးပြိုင်ပွဲများနှင့် ဘောလုံးပြိုင်ပွဲများလည်း ထည့်သွင်းကျင်းပသွားမည်ဟု သိရသည်။

ကရင်ရိုးရာ ကောက်သစ်စားပွဲတော်ကို ကရင်ပြည်နယ် နေရာအနှံ့အပြားတွင် တောင်ယာရိတ်သိမ်းပြီးချိန်တိုင်း ကျင်းပသည့် ဓလေ့များရှိသော်လည်း ဧရာဝတီတိုင်း၊ မြစ်ဝကျွန်းပေါ်ဒေသအတွင်း ကျင်းပခဲ့ခြင်း မရှိသောကြောင့် ရိုးရာကောက်သစ်စားပွဲ ပြန်လည်ဖော်ထုတ်သည့် အနေဖြင့် ပထမဆုံးအကြိမ် ထည့်သွင်းကျင်းပခြင်းလည်း ဖြစ်သည်။

ဆွေးနွေးပွဲများတွင် KNU ပါဝင်မှုရပ်ဆိုင်းထားခြင်းသည် EAOများအတွက် အဆင်မပြေဟု မွန်ပြော

နိုဝင်ဘာ ၁၈ ရက်၊ ၂၀၁၈ ခုနှစ် စောမြတ်ဦးသာ

ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် တရားဝင်ပါဝင်မှု ကေအဲန်ယူ–ကရင်အမျိုးသား အစည်းအရုံးက ယာယီ ရပ်ဆိုင်းလိုက်သည့် အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) အတွက် အဆင်မပြေမှုများကို ဖြစ်စေသည်ဟု မွန်ပြည်သစ်ပါတီ (NMSP) ဗဟိုကော်မတီဝင် နိုင်အောင်မငေးက ကရင်သတင်းစဉ်သို့ ပြောသည်။

၎င်းက 'KNU အနေနဲ့ အခုလို ယာယီရပ်ဆိုင်းထားတော့ ကျနော်တို့ EAO တစ်ခုလုံးအတွက် မကောင်းဘူးပေါ့နော်။ ငြိမ်းချမ်းရေး ဖြစ်စဉ်တွေမှာ တူတူသွားရမယ်။ အတူတူဆုတ်၊ အတူတူတက်၊ အတူတူပြော၊ အတူတူ ဆွေးနွေးကြမယ်။ KNU ရပ်ဆိုင်းလိုက်တော့ ကျနော်တို့လည်း CEC တွေ၊ ဗဟိုကော်မတီဝင်တွေ ဒီကိစ္စအပေါ် ပြန်လည်သုံးသပ်ဖို့ အစည်းအဝေးလုပ်သွားမယ်'ဟု နိုဝင်ဘာ ၁၆ ရက်နေ့တွင် ပြောသည်။

ထို့အပြင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် နယ်မြေအခြေအနေ ယူဆချက် အခက်ခဲ ပြဿနာ ကွဲပြားမှု ရှိသည့်အပေါ် ယခုကိစ္စတွင် NCA လက်မှတ်ထိုးထားသည့် မိမိတို့ မွန်ပြည်သစ်ပါတီအပေါ် အကျိုးသက်ရောက်မှု မည်သို့ ရှိမည်ကို တိတိကျကျ မပြောနိုင်သေးကြောင်း ၎င်းက ဆက်ပြောသည်။

'KNU ယာယီရပ်ဆိုင်းလိုက်တော့ ရှေ့ဆက်သွားမယ့် ငြိမ်းချမ်းရေးဖြစ်စဉ်တွေမှာ တစ်ဆို့မှုတွေ အများကြီး ဖြစ်သွားနိုင်တာပေါ့။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ တောင်ပိုင်းဒေသအနေနဲ့ဆို မွန်၊ ကရင် နယ်မြေလွှမ်းမိုးမှုက အများဆုံးပါ။ ကရင်က ဆိုင်းငံ့ထားမယ်။ မွန်က ဆက်သွားနေတယ်။ ဒါကတော့ သိပ်ပြီး အဆင်မပြေလှဘူးပေါ့လေ။ အချင်းချင်းပြဿနာ မဖြစ်ဘူး ဆိုပေမယ့် ပင်လုံညီလာခံမှာ သက်ရောက်မှု ရှိလာနိုင်တယ်' ဟု မွန်နိုင်ငံရေး အနီးကပ် စောင့်ကြည့်သူ နိုင်မင်းမင်းနွယ်က နိုဝင်ဘာ ၁၇ ရက်နေ့တွင် မှတ်ချက်ပြု ပြောသည်။

ကေအဲန်ယူ– ကရင် အမျိုးသား အစည်းအရုံးအနေဖြင့် ယခုလဆန်းပိုင်းတွင် ဖားအံခရိုင်၊ လေးဝါးစခန်း (လော်ခီးလာ)၌ ပြုလုပ်သည့် ဒဂြိမ်မြောက် ဗဟိုအမြဲတမ်း ကော်မတီ အရေးပေါ် အစည်းအဝေးတွင် ငြိမ်းချမ်းရေးဆိုင်ရာ တရားဝင် အစည်းအဝေးတွင် ပါဝင်မှုကို ယာယီ ရပ်ဆိုင်းထားပြီး အလွတ်သဘော တွေ့ဆုံဆွေးနွေးမှု လမ်းကြောင်းမှ တစ်ဆင့်ဆွေးနွေး အဖြေရှာသွားမည်ဟု အစည်းအဝေး အပြီး နိုဝင်ဘာ ၁၀ ရက်နေ့ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မွန်ပြည်နယ် JMC-S ထဲ မွန်ပြည်သစ်ပါတီပါဝင်ရန် ခက်ခဲနေဆဲ

နိုဝင်ဘာ ၂၁ ရက်၊ ၂၀၁၈ ခုနှစ် စောမြတ်ဦးသာ

မွန်ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-Mon) တွင် မွန်ပြည်သစ်ပါတီ (NMSP) ပါဝင်ရန် ပြည်ထောင်စုအဆင့်၏ ဆုံးဖြတ်ချက် လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ရန် အခက်အခဲ ရှိနေသေးကြောင်း ကော်မတီ၏ အရပ်သား ကိုယ်စားလှယ်က ကရင်သတင်းစဉ်သို့ ပြောသေးဘူးပေါ့နော်။ ပြည်ထောင်စုကနေ ဆုံးဖြတ်ပြီးတော့မှ ဖြစ်လာမှာဆိုတော့လေ။ JMC အဖွဲ့ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်ထဲမှာ မပါလာဘူးဆိုရင်တော့ တကယ်လို့ NCA မှာ ပါတဲ့အချက်ပေါ် လိုက်နာ စောင့်ကြည့်ရတဲ့အခါမျိုးမှာဆို ကိစ္စရပ်အားလုံးက ပြည်နယ်မှာပဲ နေ့စဉ်ရှိနေတဲ့အခါဆိုတော့ ဆက်စပ် ညှိနှိုင်းဆောင်ရွက်ရမယ့် တာဝန်တော့ နည်းနည်း အခက်အခဲတော့ ရှိနိုင်ပါတယ်'ဟု ပြောသည်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်–NCA လက်မှတ်ထိုးထားသည့် မွန်ပြည်သစ်ပါတီ အနေဖြင့်လည်း မိမိတို့ တောင်းဆိုထားသည့် တပ်တည်နေရာအားလုံးရရှိမှသာ မွန်ပြည်နယ်၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ- JMC-S အဖွဲ့ထဲ ပါဝင်သည်။

JMC-Mon အဖွဲ့ဝင် နော်ဆာထူးက 'JMC မှာ သူတို့ပါဝင်ဖို့ကိစ္စလက်ရှိအထိတော့ ဘာမှ မပြောသေးဘူးပေါ့နော်။ ပြည်ထောင်စုကနေ ဆုံးဖြတ်ပြီးတော့မှ ဖြစ်လာမှာဆိုတော့လေ။ JMC အဖွဲ့ရဲ့ တာဝန်နဲ့ လုပ်ပိုင်ခွင့်ထဲမှာ မပါလာဘူးဆိုရင်တော့ တကယ်လို့ NCA မှာ ပါတဲ့အချက်ပေါ် လိုက်နာ စောင့်ကြည့်ရတဲ့အခါမျိုးမှာဆို ကိစ္စရပ်အားလုံးက ပြည်နယ်မှာပဲ နေ့စဉ်ရှိနေတဲ့အခါဆိုတော့ ဆက်စပ် ညှိနှိုင်းဆောင်ရွက်ရမယ့် တာဝန်တော့ နည်းနည်း အခက်အခဲတော့ ရှိနိုင်ပါတယ်'ဟု ပြောသည်။

'ကျနော်တို့ တပ်တည်နေရာအားလုံးက မွန်၊ ကရင်၊ တနင်္သာရီတိုင်းမှာ ရှိကြတယ်။ အစိုးရဘက်က မွန်ပြည်နယ်တစ်ခုပဲ ခွဲပြုတယ်။ ကရင်နဲ့ တနင်္သာရီတိုင်းမှာ ခွဲမပြုဘူး။ ဒါကြောင့်မို့ မွန်ပြည်နယ်တစ်ခုပဲ ခွဲပြုမယ်ဆိုရင် ကျနော်တို့ လောလောဆယ် JMC-S Mon မှာ မယူသေးဘူးပေါ့နော်။ အားလုံးပါဝင်မှ ကော်မတီအဖွဲ့ထဲပါဖို့ ချထားတာရှိတယ်'ဟု မွန်ပြည်သစ်ပါတီ ဗဟို ကော်မတီဝင် နိုင်အောင်မငေးက နိုဝင်ဘာ ၁၇ ရက်နေ့တွင် ကရင်သတင်းစဉ်သို့ ပြောသည်။

ထို့အပြင် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ မိမိတို့၏ တပ်တည်နေရာအားလုံး ပါဝင်ရန် အစိုးရထံ တင်ပြထားသော်လည်း တရားဝင် အကြောင်းပြန်ကြားလာခြင်း မရှိသေးသည့် အတွက် အခြေအနေကို စောင့်ကြည့်ရောက်ခဲ့ကြသည်။

ကေအဲန်ယူ တပ်မဟာ(၆) နယ်မြေမှ လာရောက်သည့် ရွာသူကြီးမ နော်စုက 'ကျမ ရွာသူကြီးဖြစ်တဲ့ အနှစ် ၂၀ ကျော်အတွင်းမှာ ဒီလို လှုပ်ရှားမှုပွဲမျိုးက အခု ပထမဦးဆုံးအကြိမ် တက်ရောက်ဖူးတာဖြစ်တယ်။ ဒီလိုပွဲမျိုး တက်ရောက်တော့ ဟိုးလွန်ခဲ့တဲ့အချိန်တွေတုန်းက ကျမဒေသမှာ အကြမ်းဖက်ခံရပြီး သေဆုံးခဲ့ရတဲ့ အမျိုးသမီးတွေကို ပြန်အောက်မေ့တယ်။ ဒီပွဲမှာ ကျမ မြင်ရတဲ့ဆိုင်းဘုတ်က အကြမ်းဖက်မှု ရပ်တန့်အောင် လုပ်မယ်ဆိုတဲ့ စာသားကို တွေ့နေဆဲဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။

လက်နက်ကိုင် တပ်ဖွဲ့များ၏ တပ်ပိုင်းဆိုင်ရာ စောင့်ထိန်းရမည့် ကျင့်ဝတ်နှင့် နှစ်ဘက်စောင့်ကြည့် ညှိနှိုင်းရမည့် အခြေအနေမျိုးတွင် JMC အဖွဲ့ထဲ ပါဝင်ခြင်းမရှိပါက အောက်ခြေပြဿနာ ကိစ္စရပ်များတွင် အမှန်တိုင်း စီရင်ဆုံးဖြတ် စီစစ်နိုင်မှု အားနည်းသွားမည်ဖြစ်ပြီး အသေးအဖွဲကိစ္စမှ ပဋိပက္ခဘက်သို့ ဦးတည်သွားနိုင်မည် ဖြစ်သည်ဟု မွန်နိုင်ငံရေး လေ့လာစောင့်ကြည့်သူ နိုင်မင်းမင်းနွယ်က ပြောသည်။

မွန်ပြည်သစ်ပါတီသည် လားဟူ ဒီမိုကရက်တစ်ပါတီ (LDU)နှင့် အတူ ယခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ဒုတိယအသုတ် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ဖြစ်ပြီး မွန်ပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်ရှိ အချို့နေရာဒေသများတွင် အခြေစိုက်သည့်အဖွဲ့ ဖြစ်သည်။

▶ ရှေ့ဖုံး "အမျိုးသမီးများအပေါ်အကြမ်းဖက်မှု"မှ

ပုဒ်မှာ **"အနာဂတ်မျိုးဆက်သစ်များ အကြမ်းဖက်မှုအားလုံး လွတ်မြောက်စေရန်"** ဖြစ်ပြီး KWO ဗဟို အနေဖြင့် ဒုက္ခသည်စခန်းများနှင့် ခရိုင်ဒေသအသီးသီးရှိ အမျိုးသမီး ကိုယ်စားလှယ်များ ပါဝင်မှုဖြင့် ပထမဆုံးအကြိမ် စုပေါင်း ကျင်းပပြုလုပ်သည့် လှုပ်ရှားမှုလည်း ဖြစ်သည်ဟု KWO ဗဟိုအလုပ်အမှုဆောင်မှ လူမှုရေးတာဝန်ခံ နော်ဒါးမုက ကရင်ဘာသာဖြင့် ယခုလို ပြောသည်။

'ဒီလိုမျိုး လှုပ်ရှားမှုတွေက ကျမတို့ KWO အနေနဲ့ အရင်က နယ်စပ်ဒေသမှာ ကျင်းပကြတာများတယ်။ ပြီးတော့ သက်ဆိုင်ရာ ခရိုင်အသီးသီးတွေမှာ KWO တာဝန်ရှိသူတွေမှာလည်း အနည်းနဲ့ အများ ကျင်းပကြတာရှိတယ်။ ပြီးတော့ စာသင်ကျောင်းတွေ၊ လူထုတွေကို အမျိုးသမီးများ လုံခြုံရေး၊ အကြမ်းဖက်မှုတွေ၊ အမျိုးသမီး အခွင့်အရေးနဲ့ အိမ်မတွင်း အကြမ်းဖက်မှုနဲ့ ပတ်သက်ပြီး အသိပညာပေးလုပ်တာ ရှိတယ်။ ဒီလို စုပေါင်းပြီး ပြည်တွင်းမှာ လှုပ်ရှားမှု ပြုလုပ်တာက မရှိဖူးသေးဘူး' ဟု နော်ဒါးမုက ကရင်သတင်းစဉ်သို့ ပြောသည်။

ယနေ့ လှုပ်ရှားမှု အထိမ်းအမှတ် အခမ်းအနား မတိုင်ခင် နိုဝင်ဘာလ ၂၄ ရက်နေ့ကလည်း ကေအဲန်ယူ သထုံခရိုင်အတွင်းရှိ ကျန်းမာရေး၊ ပညာရေးဌာန အပါအဝင် ဒေသခံ ပြည်သူလူထုများ ပါဝင်သည့် ခြင်းလုံး၊ ဘောလုံး၊ ဘောလီဘော အားကစားပွဲများ အပြင် အမျိုးသမီးနှင့် ခလေးသူငယ်များအတွက် အခြားကစားနည်း အမျိုးမျိုး ယှဉ်ပြိုင်ပေးခဲ့ကြပြီး ညဘက်တွင် ဆုပေးပွဲ၊ ဟောပြောပွဲနှင့် ဖျော်ဖြေရေး အစီအစဉ်များကို ပြုလုပ်ပေးခဲ့ကြသည်။

လှုပ်ရှားမှုနေ့ အခမ်းအနားတွင် ၁၆ ရက်တာ လှုပ်ရှားမှု ဖြစ်ပေါ်လာသည့်အကြောင်း ရှင်းပြခြင်း၊ အမျိုးသမီး အခွင့်အရေးနှင့် အကြမ်းဖက်မှုများ ဖြစ်ပွားစေသည့် အကြောင်းရင်းများ၊ ကုစားဖြေရှင်းခြင်းများနှင့် လှုပ်ရှားမှုအတွက် ကိုယ်စားပြုသည့် ဖဲကြိုးဖြူ၏ အဓိပ္ပာယ်များကို တက်ရောက်လာသူများအား အသိပညာပေး မျှဝေမှုများ ပြုလုပ်ခဲ့သည်။

ဤအခမ်းအနားသို့ တက်ရောက်လာသူ ကေအဲန်ယူ သထုံခရိုင် အတွင်းရေးမှူး ပဒိုစောစိုးမြင့်က အကြမ်းဖက်မှု လျော့ချရန် အတွက် လူထုအတွင်း ယခုလို လှုပ်ရှားမှုများ ပြုလုပ်ကျင်းပပေးခြင်းဖြင့် အမျိုးသမီးအကြမ်းဖက်ခံရမှုများနှင့်ပတ်သက်၍ ကျေးရွာလူထုအတွင်း အသိပညာများ တိုးပွားလာကာ အကျိုးရလဒ်ကောင်းရရှိလာသည့်အတွက် ကျေနပ်အားရ ဂုဏ်ယူရင်း KWO ကိုလည်း ကျေးဇူးတင်ကြောင်းလည်း မှတ်ချက်ပြု ပြောဆိုသည်။

ထို့အပြင် ယနေ့ လှုပ်ရှားမှု အခမ်းအနားတွင် သာမန်လူထုများသာမကဘဲ စစ်ရေးပဋိပက္ခ ကာလများအတွင်း ဆိုးကျိုးများကြောင့် အကြမ်းဖက်မှုများကို ရင်ဆိုင်ဖြတ်သန်း ခံစားခဲ့ရသူ အမျိုးသမီးများနှင့် တစ်ချိန်က ပဋိပက္ခ နယ်မြေများအတွင်း ရှာ၏ တာဝန်ကို ထမ်းဆောင်ခဲ့ရသော အမျိုးသမီး သူကြီး ၄၁ ဦးလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

မတူကွဲပြားမှုကို လက်ခံအသိအမှတ်မပြုမှုကြောင့် လက်နက်ကိုင်ပဋိပက္ခဆက်လက်ဖြစ်ပွားနေဟု KNU ဥက္ကဋ္ဌဆို

နိုဝင်ဘာ ၂၁ ရက်၊ ၂၀၁၈ ခုနှစ် စာအိုင်ဆူး

မတူကွဲပြားမှုကို လက်ခံ လေးစား အသိအမှတ်ပြုမှု မရှိခြင်းကြောင့် နိုင်ငံအတွင်း လက်နက်ကိုင် ပဋိပက္ခ ဆက်လက်ဖြစ်ပွားနေရခြင်းဖြစ်သည်ဟု ကေအဲန်ယူ– ကရင်အမျိုးသား အစည်းအရုံး– ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးက နိုဝင်ဘာ ၂၁ ရက်နေ့ နေပြည်တော်တွင် ကျင်းပသည့် မြန်မာနိုင်ငံအတွင်း အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ထွန်းကားရေးအတွက် အကြံပြုဆွေးနွေးပွဲ၏ အဖွင့်အမှာစကားၭ ထည့်သွင်းပြောဆိုခဲ့သည်။

'ကျနော်တို့ နိုင်ငံမှာ ယခုအချိန်ထိ ဖြစ်ပွားနေဆဲဖြစ်တဲ့ လက်နက်ကိုင်ပဋိပက္ခတွေရဲ့ အခြေခံအကြောင်းအရင်းတွေက မတူကွဲပြားမှုတွေကို လက်ခံအသိအမှတ်ပြုမှု လေးစားမှုမရှိခဲ့တဲ့ ပြဿနာဖြစ်ပါတယ်။ အမျိုးသားရေးအရ ယုံကြည်မှု ဘာသာတရားအရ၊ နေထိုင်ရာ ဒေသအရ မတူကွဲပြားမှုတွေကြားမှာ လွတ်လပ်မှု၊ တန်းတူညီမျှမှု၊ တရားမျှတမှု အစရှိတဲ့ အခြေခံတရားတွေ ကျင့်သုံးမှု အားနည်းခဲ့တဲ့အတွက် ဖြစ်ပါတယ်' ဟု ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုးက ပြောဆိုခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် လက်ရှိ လက်နက်ကိုင် ပဋိပက္ခများကို ချုပ်ငြိမ်းစေမည့် တွေ့ဆုံညှိနှိုင်းအဖြေရှာခြင်း နည်းလမ်းဖြင့် နိုင်ငံရေး ယဉ်ကျေးမှု အသစ်တစ်ရပ်ကို လက်တွေ့ဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာ ပါဝင်သည့် အစုအဖွဲ့များအကြား ၎င်းတို့ဖြတ်သန်းလာရသည့် သမိုင်းအတွေ့အကြုံ ကြီးပြင်းလာခဲ့ရသည့် ပတ်ဝန်းကျင်နှင့် လေ့လာ သင်ကြားခဲ့ရသည့် အကြောင်းအရာပေါ်မူတည်၍ မိမိသဘောထားရပ်တည်ချက်၊ မျှော်မှန်းချက်အပေါ် ရပ်တည်ဆွေးနွေးအဖြေရှာကြခြင်း ဖြစ်သောကြောင့် အားလုံးလက်ခံနိုင်သည့် သဘောတူညီမှုအဖြေကို ရရှိရန် စိန်ခေါ်မှုအခက်အခဲ ဖြစ်နေရသည်ဟုလည်း KNU ဥက္ကဋ္ဌက ထည့်သွင်း ပြောဆိုခဲ့သည်။

လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်အခြေအနေအရ ငြိမ်းချမ်းရေးဆွေးနွေးမှုများတွင် တစ်ဆို့နေမှုများ ဖြစ်ပေါ်နေခြင်းအပေါ် ပြီးခဲ့သည့် အောက်တိုဘာလက နေပြည်တော်တွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ခေါင်းဆောင်များ သီးသန့်တွေ့ဆုံမှုကို ပြန်လည်သုံးသပ်ပြီး ကေအဲန်ယူအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို တရားဝင်ဆွေးနွေးပွဲ အစည်းအဝေးများထက် အလွတ်သဘော တွေ့ဆုံမှုဖြင့်သာ ဆွေးနွေးအဖြေရှာသွားရန် ထုတ်ပြန်ပြောဆိုထားသည်။

ထို့နောက် ယခုလ ၁၇ ရက်နေ့က ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် ငြိမ်းချမ်းရေးကော်မရှင် (PC) နှင့် KNU ကိုယ်စားလှယ်များအကြား အလွတ်သဘော တွေ့ဆုံ ဆွေးနွေးမှုကို ပြုလုပ်ခဲ့ပြီးနောက် KNU အနေဖြင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လမ်းကြောင်းအတိုင်း ဆက်သွားမည်ဖြစ်ပြီး ယင်းသို့ ဆက်သွားရာတွင် မှန်ကန်ပြီး တရားမျှတသည့် လမ်းကြောင်းဖြစ်ပေါ်လာအောင် ကြိုးပမ်းလုပ်ဆောင်သွားမည်ဟု ပြောဆိုခဲ့သည်။

ထိုသို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်များ ရှေ့မတိုးသာ၊ နောက်မဆုတ်သာ အခြေအနေများ ဖြစ်ပေါ်လာခြင်းနှင့်အတူ မြန်မာနိုင်ငံ၏ မြောက်ပိုင်းဒေသတွင် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများအကြားသာမက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း တစ်ခုနှင့်တစ်ခုအကြား ပစ်ခတ်မှုများ ဆက်လက်ဖြစ်ပွားနေဆဲ ဖြစ်သောကြောင့် ဒေသခံ ပြည်သူများမှာ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်မှုများ ဖြစ်ပေါ်နေဆဲဖြစ်သည်။

အလားတူ ပြီးခဲ့သည့် ရက်ပိုင်းတွင်လည်း အစိုးရငြိမ်းချမ်းရေးကော်မရှင်နှင့် ဗိုလ်ချုပ်ကြီး ယွက်စစ် ဦးဆောင်သည့် သျှမ်း(ရှမ်း)ပြည် ပြန်လည်ထူထောင်ရေးကောင်စီ– RCSS၊ ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ– KNPP တို့ ချင်းမိုင်မြို့တွင် အလွတ်သဘော တွေ့ဆုံခဲ့ပြီး ငြိမ်းချမ်းရေးဖြစ်စဉ် ရှေ့ဆက်တိုးနိုင်ရန် အတားအဆီးဖြစ်နေသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

Religions For Peace အဖွဲ့မှ ဦးဆောင်၍ မြန်မာနိုင်ငံအတွင်း အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ထွန်းကားရေးအတွက် အကြံပြုဆွေးနွေးပွဲကို နိုဝင်ဘာလ ၂၁ ရက်နှင့် ၂၂ ရက်နေ့အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး အပါအဝင် အခြားသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ခေါင်းဆောင်အချို့လည်း တက်ရောက်နေကြသည်ဟု သိရသည်။

မှန်ကန်ပြီး တရားမျှတသည့် NCA လမ်းကြောင်းဖြစ်အောင် ကြိုးပမ်းသွားမည်ဟု KNU ပြော

နိုဝင်ဘာ ၁၈ ရက်၊ ၂၀၁၈ ခုနှစ် စောသိန်းမြင့်

ကေအဲန်ယူ– ကရင် အမျိုးသား အစည်းအရုံးသည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) လမ်းကြောင်းအတိုင်း ဆက်သွားမည်ဖြစ်ပြီး ယင်းသို့ ဆက်သွားရာတွင် မှန်ကန်ပြီး တရားမျှတသည့် လမ်းကြောင်းဖြစ်ပေါ်လာအောင် ကြိုးပမ်းလုပ်ဆောင်သွားမည်ဟု KNU အတွင်းရေးမှူးချုပ် ပဒိုစောတာဒိုမူးက ပြောသည်။

ထိုင်းနိုင်ငံ၊ ချင်းမိုင်မြို့တွင် နိုဝင်ဘာ ၁၇ ရက်က ပြုလုပ်သည့် KNU နှင့် ငြိမ်းချမ်းရေးကော်မရှင် (PC)တို့ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ပဒိုစောတာဒိုမူးက ထိုသို့ ပြောဆိုလိုက်ခြင်း ဖြစ်သည်။

'NCA လမ်းကြောင်းက NCA ထိုးထားတဲ့ KNU အတွက်ကတော့ အသင့်တော်ဆုံး လမ်းကြောင်း တစ်ခုဖြစ်ပြီးတော့ ဒီအခြေခံကနေ တစ်စိုက်မတ်မတ် ဆက်သွားမယ်။ ဒါပေမယ့် ဆက်သွားတဲ့နေရာမှာ NCA လမ်းကြောင်းသည် မှန်ကန်ပြီးတော့ တရားမျှတတဲ့ လမ်းကြောင်းဖြစ်အောင်တော့ ကျနော်တို့ ကြိုးစားသွားမယ်'ဟု သတင်းထောက်များအား ပြောဆိုသည်။

၎င်းအပြင် နိုင်ငံရေး ပြဿနာကို အဖြေရှာသည့်နေရာတွင် ဖြစ်စဉ်များမှာ မှန်ကန်မှုနှင့် တရားမျှတမှုများ ရှိရမှာဖြစ်သလို ဆွေးနွေးမှု အကြောင်းအရာတိုင်းမှာလည်း အားလုံးကြားတွင် ဘုံဆန်သည့် မူသဘောထားများ ချမှတ်နိုင်ရေးသည် အလွန်အရေးကြီးသည့်အတွက်ကြောင့် ကြိုးစားပြီး ညှိနှိုင်းလုပ်ဆောင်သွားမည် ဖြစ်ကြောင်းလည်း ပဒိုစောတာဒိုမူးက ဆက်ပြောသည်။

ယမန်နေ့ တွေ့ဆုံပွဲတွင် KNU ဘက်က ပဒိုစောတာဒိုမူး ဦးဆောင်ပြီး ညောင်လေးပင်ခရိုင် ဥက္ကဋ္ဌ ပဒိုစောဆဲဂေ၊ ဗိုလ်မှူးစောထူးထူးလေးတို့ တက်ရောက်ခဲ့ပြီး ငြိမ်းချမ်းရေးကော်မရှင်– PC ဘက်တွင် အတွင်းရေးမှူး ဒုဗိုလ်ချုပ်ကြီး(ငြိမ်း) ခင်ဇော်ဦး ဦးဆောင်ကာ အဖွဲ့ဝင် ဦးအောင်စိုး၊ နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးတို့အပါအဝင် PC အကြံပေး အဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် ဦးကျော်လင်းဦးတို့ ပါဝင်တက်ရောက်ခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း တစ်ဆို့နေသည့် အကြောင်းအရာများကို ဆွေးနွေးကြပြီး ရှေ့ဆက်သွားမည့် ဆွေးနွေးပွဲအတွက် များစွာ အထောက်အကူဖြစ်သလို တရားဝင်ဆွေးနွေးပွဲများကိုလည်း အမြန်ဆုံး ပြန်လည်စတင်နိုင်ရန် နှစ်ဘက်သော ကိုယ်စားလှယ်များက သဘောထား ရှိသည်ဟု နိုင်ငံတော် အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး ပြောကြားသည်။

'နံပါတ်(၁) ကျနော်တို့ NCA ကို တန်ဘိုးထားတယ်။ ဒီက ဖြစ်လာတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေကို နှစ်ဦး နှစ်ဖက် တန်ဘိုးထားတယ်။ ဒီဟာကတော့ မယျောက်ျက်ချင်ဘူး။ ဒီဟာကိုပဲ ခိုင်လုံအောင် ဆက်လုပ်မယ် ဆိုတဲ့သဘောထား နှစ်ဖက်လုံးမှာ ပေါ်လွင်တယ်။ နံပါတ်(၂)အချက်က သူဘက်ကိုယ့်ဘက် သက်ဆိုင်ရာ ခေါင်းဆောင်တွေကို ဆွေးနွေးမှု အခြေအနေတွေကို ပြန်ပြီးတော့ တင်ပြမယ်။ ပြီးရင် ကျနော်တို့ အမြန်ဆုံး တွေ့သွားမယ်။ နံပါတ်(၃) အချက်က ခဏလေး ရပ်ဆိုင်းထားရာကနေ ပုံမှန် ယန္တရားကို ပြန်သွားနိုင်ဖို့ ကျန်တဲ့အဖွဲ့တွေနဲ့သွားဖို့ကို ကျနော်တို့က အမြန်ဆုံး ကြိုးပမ်းသွားမယ်'ဟု ဦးဇော်ဌေးက ပြောသည်။

ယခုလ နိုဝင်ဘာလ ၆ ရက်မှ ၁၀ ရက်နေ့အထိ ပြုလုပ်သည့် KNU ၏ ၆ ကြိမ်မြောက် ဗဟို အမြဲတမ်း ကော်မတီ အရေးပေါ် အစည်းအဝေးတွင် တရားဝင် အစည်းအဝေးများ တက်ရောက်ခြင်းကို ယာယီရပ်ဆိုင်းထားပြီး အလွတ်သဘော ဆွေးနွေးခြင်းဖြင့် တစ်ဆို့နေသည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အဖြေရှာသွားရန် ဆုံးဖြတ်ခဲ့ပြီးနောက် ယခု အလွတ်သဘော ဆွေးနွေးပွဲ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

ငြိမ်းချမ်းရေးကော်မရှင် (PC) သည် KNU အဖွဲ့အပြင် နိုဝင်ဘာလ ၁၆ ရက်နေ့က ဗိုလ်ချုပ်ကြီး ယွက်စစ်ဦးဆောင်သည့် (သျှမ်း)ပြည်ပြန်လည် ထူထောင်ရေးကောင်စီ (RCSS)အဖွဲ့၊ နိုဝင်ဘာ ၁၇ ရက်နေ့တွင် NCA အပစ်ရပ်အဖွဲ့မှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ PPST ၏ အကြံပေး စဝ်ဟန်ညောင်ဝေ၊ ပြည်ထောင်စုသိပ္ပံ PI အဖွဲ့မှ စီမံကိန်းဒါရိုက်တာ ဦးခွန်ဆိုင်းနှင့် KNU အဖွဲ့၏ အကြံပေး ပုဂ္ဂိုလ် ဗိုလ်မှူး စောထူးထူးလေးတို့နှင့် အလွတ်သဘော တွေ့ဆုံခဲ့ကြသည်။

ရှေ့ဖုံး "နိုင်ငံတကာ ရိုက်ခတ်တူရိယာ ဖျော်ဖြေပွဲ"မှ

သူတို့တီးတဲ့အခါမှာလည်း ကျနော်တို့ပြန်လိုက်တီးတယ်၊ ရောတာပေါ့။ ဘာသာစကား မတူပေမယ့်လည်း တူရိယာဖလှယ်နိုင်တာက Music ပဲ' ဟု Kဖိုးခွားက ပြောသည်။

Gongs & Skins III ပွဲတော်သည် ယဉ်ကျေးမှုအချင်းချင်း ကူးလူးဆက်သွယ်သည့် ပွဲတော်တစ်ရပ်ဖြစ်သလို ရိုက်ခတ်တူရိယာများအတူတကွ လာရောက် ဆုံဆည်းကြသည့် ပွဲတော်ဖြစ်ကာ ယခုပွဲတော်ဖြစ်မြောက်ရေးအတွက် Goethe-Institute (Myanmar) မှ ပူးပေါင်းကျင်းပပြီး အီတလီသံရုံး၊ ဒိန်းမတ်သံရုံးနှင့် ဥရောပသမဂ္ဂတို့မှ ကူညီထောက်ပံ့ ပေးသည်ဟုလည်း သိရသည်။

အဆိုပါ ပွဲတော်ကို မြန်မာနိုင်ငံတွင် ၂၀၁၅ ခုနှစ်မှ စတင်ကာ ယခု ၂၀၁၈ ခုနှစ်အထိတွင် တတိယ အကြိမ်မြောက် ကျင်းပခြင်း ဖြစ်ကာ ကရင်ပြည်နယ်အနေဖြင့် ၂၀၁၆ ခုနှစ်က တစ်ကြိမ်နှင့် ယခုတတိယ အကြိမ်လာရောက် ကျင်းပခြင်း ဖြစ်သည်။

လာမည့်ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် ကရင်ပါတီ(၄)ခုညှိနှိုင်းရေးကော်မတီဖွဲ့စည်း

နိုဝင်ဘာ ၆ ရက်၊ ၂၀၁၈ ခုနှစ်
စောထွန်းလင်း

လာမည့် ရွေးကောက်ပွဲတွင် ကရင်နိုင်ငံရေးပါတီများ အောင်နိုင်ရေးအတွက် ညှိနှိုင်း၊ ပူးပေါင်းဆောင်ရွက်ရေး ကော်မတီတစ်ရပ်ကို နိုဝင်ဘာ ၅ ရက်မှ ၆ ရက်နေ့ထိ ကျိုက်ထိုမြို့နယ်၊ စိမ်းလဲ့တင် ရီဆော့ဒ်၌ ပြုလုပ်သည့် ကရင်နိုင်ငံရေးပါတီ ၄ ခု အစည်းအဝေးတွင် ဖွဲ့စည်းလိုက်သည်ဟု ပါတီတာဝန်ရှိသူများက ကရင်သတင်းစဉ်သို့ ပြောသည်။

အဆိုပါ အစည်းအဝေးတွင် ကရင်နိုင်ငံရေးပါတီများ အနေဖြင့် ရေရှည်လုပ်ငန်းစဉ်အဖြစ် ပါတီလေးခု ပေါင်းစည်း ရေးလုပ်ဆောင်သွားမည် ဖြစ်သလို ရေတိုလုပ်ငန်းစဉ် အနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပရန်ရှိသည့် အထွေထွေ ရွေးကောက်ပွဲတွင် အောင်နိုင်ရေးအတွက် ယခုကော်မတီကို ဖွဲ့စည်းခြင်းဖြစ်သည်ဟု အစည်းအဝေးတက်ရောက်ခဲ့သူ ကရင်ပြည်သူ့ပါတီ (KPP)ဒုဥက္ကဋ္ဌ စောစေးဝါးက ပြောသည်။

ကရင်အမျိုးသားပါတီ (KNP) အထွေထွေအတွင်းရေးမှူး မန်းကျော်ငြိမ်းကလည်း 'ကျနော် မနေ့က အစည်းအဝေးမှာ ကရင်ပါတီအချင်းချင်း ရွေးကောက်ပွဲမှာ ညှိနှိုင်းလုပ်ဆောင်ဖို့ ကော်မတီတစ်ခု အဆိုပြုတယ်။ ဒီနေ့ အစည်းအဝေးမှာ ပါတီအသီးသီးက ကိုယ်စားလှယ်တွေ ဆွေးနွေးသဘောတူလိုက်တယ်'ဟု ကရင်သတင်းစဉ်သို့ နိုဝင်ဘာ ၆ ရက်နေ့တွင် ပြောသည်။

အဆိုပါ ကော်မတီတွင် ကရင်ပါတီ ၄ ခုမှ တစ်ပါတီလျှင် ကိုယ်စားလှယ် ၃ ဦးစီ စုစုပေါင်း ၁၂ ဦးနှင့် ကရင်အမျိုးသား စည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ကော်မတီ (KUPC)မှ ကိုယ်စားလှယ် ၇ ဦး စုစုပေါင်းကိုယ်စားလှယ် ၁၉ ဦးတို့ဖြင့် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် နှစ်ရက်တာ ပြုလုပ်သည့် အစည်းအဝေးတွင် ရိုးရာဓလေ့ ပွဲတော်များကို ထုံးတမ်းစဉ်လာနှင့် အညီ စည်းလုံးညီညွတ်မှုမပြိုကွဲစေဘဲ ပြုလုပ်သွားရန် ဆွေးနွေးခဲ့သည်ဟု ကရင်ပြည်သူ့ပါတီ ဒုဥက္ကဋ္ဌ စောစေးဝါးက ပြောသည်။

ကရင် ၄ ပါတီ ညှိနှိုင်းအစည်းအဝေးသို့ ပါတီတစ်ခုစီမှ ကိုယ်စားလှယ် ၇ ဦး စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့ရာ နှစ်ရက်တာ အစည်းအဝေးတွင် ညှိနှိုင်းရေး ကော်မတီ ဖွဲ့စည်းရေးအပါအဝင် အချက်သုံးချက်ကို သဘောတူခဲ့ပြီး ယင်းသဘောတူညီချက်ကို မကြာမီ ထုတ်ပြန်သွားရန် ရှိကြောင်း ပါတာဝန်ရှိသူ အချို့ကပြောသည်။

ကရင် နိုင်ငံရေးပါတီများ အနေဖြင့် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ပြည်နယ်အခြေစိုက် ဖလှယ်စဝေါ် ဒီမိုကရက်တစ်ပါတီက ၉ နေရာ၊ ကရင်ပြည်သူ့ပါတီက ၆ နေရာ အနိုင်ရရှိခဲ့ဖူးသည်။ ၂၀၁၅ ရွေးကောက်ပွဲတွင်မူ ကရင်ပြည်သူ့ပါတီက တစ်နေရာ အနိုင်ရခဲ့ကာ လာမည့်ရွေးကောက်ပွဲတွင် ပါတီအချင်းချင်း နေရာမထပ်ရေး ညှိနှိုင်း လုပ်ဆောင်သွားမည် ဖြစ်သည်။

(၂၀၂၀)ရွေးကောက်ပွဲအနိုင်ရရေးအပါအဝင် ရှေ့လုပ်ငန်းစဉ်သုံးရပ် KPP ချမှတ်

နိုဝင်ဘာ ၁၈ ရက်၊ ၂၀၁၈ ခုနှစ်
စောထွန်းလင်း

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရေး အပါအဝင် ရှေ့လုပ်ငန်းစဉ်သုံးရပ်ကို နိုဝင်ဘာ ၁၇ ရက်နေ့တွင် အင်းစိန်မြို့နယ်၊ ဘုတာရုံလမ်း၊ အမှတ် ၇/ဃ တွင် ပြုလုပ်သည့် ကရင်ပြည်သူ့ပါတီ၏ အဋ္ဌမအကြိမ်မြောက် ဗဟိုကော်မတီ အစည်းအဝေးတွင် ချမှတ်ခဲ့သည်။

အဆိုပါ အစည်းအဝေးကို နံနက် ၉ နာရီမှ မွန်းလွဲ ၂ နာရီထိ ပြုလုပ်ခဲ့ပြီး ရန်ကုန်၊ ဧရာဝတီ၊ တနင်္သာရီတိုင်း ဒေသကြီး၊ မွန်၊ ကရင်နှင့် ကယားပြည်နယ်တို့မှ ပါတီဝင်များနှင့် ဗဟိုကော်မတီဝင် ၁၀၀ ဦးကျော် တက်ရောက်ခဲ့ကြသည်။

KPP ဥက္ကဋ္ဌ စောထွန်းအောင်မြင့်က '၂၀၁၀ တုန်းကလည်း ပါတီကြီး ကြံ့ခိုင်ရေးက ဖိထားလို့ တော်တော်လေး ကြိုးစားလုပ်ခဲ့ရတယ်။ ၂၀၁၅ မှာလည်း သောင်ပြိုကမ်းပြိုဆိုတော့ ကျနော်တို့ ခံလိုက်ရတယ်။ ဒီတစ်ခေါက်တော့ ကျနော်တို့ ပွဲဘဲ။ ဒီနေရာမှာ ကျနော်တို့ စည်းလုံးရမယ်၊ အားထည့်ရမယ်၊ ဇွဲကောင်းရမယ်။ တစ်ယောက်တစ်ရွာ စနစ်နဲ့ လုပ်ပါလို့ မှာချင်ပါတယ်'ဟု ပြောသည်။

ထို့အပြင် ကရင်ပြည်သူ့ပါတီ အနေဖြင့် မြို့နယ်အသီးသီးတွင် စည်းရုံးရေးကော်မတီများ စနစ်တကျ ပြန်ဖွဲ့စည်းကာ စည်းရုံးလုပ်ဆောင်ရန်၊ ၂၀၂၀ ရွေးကောက်ပွဲတွင် အနိုင်ရရေးအတွက် စနစ်တကျ စီမံချက်ရေးဆွဲပြီး စတင် လုပ်ဆောင်သွားရန်နှင့် သတ်မှတ်ပါတီဝင်ကြေးများ လစဉ်ထည့်ဝင်ရေးနှင့် ရံပုံငွေရရှိရေး စနစ်တကျ လုပ်ဆောင်သွားရန် စသည့် ရှေ့လုပ်ငန်းစဉ်သုံးရပ်ကို အစည်းအဝေးတွင် အတည်ပြု ချမှတ်ခဲ့သည်။

ကရင်ပြည်နယ်၊ ပါတီစည်းရုံးရေး ကော်မတီဝင် သံတောင်ကြီးမြို့နယ်မှ စောထော်ပလဲက 'အရင်ပထမအကြိမ် ပြည်ထောင်စု လွှတ်တော်မှာ ပါတီကြီးက ကရင်ကိုယ်စားလှယ် ၁၀ ဦးနဲ့ ကရင်နဲ့ အခြားပါတီက ၁၀ ဦးရှိတယ်။ အခု ပါတီကြီးက ကရင်ကိုယ်စားလှယ်တွေ ကလွဲပြီး တစ်ဦးမှမရှိဘူး။ တခြားတိုင်းရင်းသားတွေက ကိုယ်စားလှယ်တွေရှိတယ်။ ကရင်က မရှိဘူး။ ၂၀၂၀ မှာတော့ ကျနော် ယုံကြည်တာ ကရင်တိုင်းရင်းသားတွေ စည်းရုံးလာပါပြီး'ဟု ပြောသည်။

KPP ကို ၂၀၁၀ ပြည့်နှစ်၊ မေ ၂၁ ရက်နေ့တွင် တရားဝင်ပါတီအဖြစ် မှတ်ပုံတင်ရရှိခဲ့ပြီး ပါတီသက်တမ်း ၉ နှစ် အတွင်း ပါတီဝင် ၁၂၆၇၂ ဦးရှိသည်။ ပါတီအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲတွင် ကိုယ်စားလှယ် ၆ ဦး အနိုင်ရခဲ့သလို ၂၀၁၅ ရွေးကောက်ပွဲတွင်လည်း ကိုယ်စားလှယ်တစ်ဦး အနိုင်ရရှိခဲ့သည်။

ကြားဖြတ်ရွေးကောက်ပွဲတွင် တိုင်းရင်းသားများ အနိုင်ရခြင်းမှာ အလားအလာကောင်းဖြစ်ဟု ကရင်ပါတီများ ပြော

နိုဝင်ဘာ ၅ ရက်၊ ၂၀၁၈ ခုနှစ်
စောထွန်းလင်း

နိုဝင်ဘာ ၃ ရက်နေ့တွင် ကျင်းပခဲ့သည့် ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲတွင် တိုင်းရင်းသားနယ်မြေများ၌ တိုင်းရင်းသား ပါတီများ အနိုင်ရခြင်းမှာ ကောင်းမွန်သည့် အလားအလာကောင်းများဖြစ်သည်ဟု ရန်ကုန်မြို့ အခြေစိုက် ကရင်ပြည်သူ့ပါတီ (KPP)နှင့် ကရင်အမျိုးသားပါတီ (KNP)တာဝန်ရှိသူများက ကရင်သတင်းစဉ်သို့ ပြောကြားသည်။

ကရင်ပြည်သူ့ပါတီ ဒုဥက္ကဋ္ဌ စောစေးဝါးက 'ပါတီကြီး နှစ်ခုအပေါ်မှာ ပြည်သူလူထုက အယုံအကြည် နဲနဲနည်းသွားပြီးလေ၊ တိုင်းရင်းသားလူမျိုးတွေကလည်း သူတို့ရဲ့ အခွင့်အရေးတွေကို ရယူရမယ်၊ ရယူခံစားခွင့်ရှိတယ် ဆိုတဲ့ အသိတွေ ပိုတိုးလာတဲ့အတွက် ဒီလိုဖြစ်သွားတာ၊ တိုင်းရင်းသားပါတီတွေအတွက် ဒါကောင်းတဲ့ အလားအလာပဲ'ဟု နိုဝင်ဘာ ၅ ရက်နေ့တွင် ကရင်သတင်းစဉ်သို့ ပြောသည်။

ထို့အပြင် တိုင်းရင်းသား ပြည်သူများအနေဖြင့် အပြောင်းအလဲကို လိုချင်သည့်အတွက်၊ မိမိတို့၏ အရေးကို အာရုံမစိုက်ဘဲ ပါတီကြီး တစ်ခုအား ပုံအောပြီး မဲပေးခဲ့ဘူးသော်လည်း လက်ရှိတွင် လေးလေးနက်နက် ပြန်စဉ်းစားပြီး နိုင်ငံရေးအပြောင်းအလဲကို ပိုသိမြင်လာသည့် သဘောများတွေ့ရသည်ဟု စောစေးဝါးက ဖြည့်စွက် ပြောသည်။

နိုဝင်ဘာ ၃ ရက်နေ့တွင် တစ်နိုင်ငံလုံးရှိ လစ်လပ် မဲဆန္ဒနယ် ၁၃ ခုတွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခဲ့ရာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ပြည်သူ့လွှတ်တော်အတွက် မြင်းခြံနှင့် တာမွေမြို့နယ်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်အတွက် အုတ်တွင်း(၁)၊ မင်းဘူး(၂)၊ သပိတ်ကျင်း(၁)၊ မန္တလေးတိုင်းဒေသကြီး ရုမ်းတိုင်းရင်းသားလူမျိုးရေးရာနေရာများ အနိုင်ရရှိခဲ့သည်ဟု ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က တရားဝင် သတင်းထုတ်ပြန်ထားပြီး ကန်ပက်လက် မဲဆန္ဒနယ်မြေတွင်လည်း အနိုင်ရရန်ရှိကြောင်း သိရသည်။

ထို့အပြင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ချင်ပြည်နယ်(၂)တွင် အမျိုးသား လွှတ်တော်အတွက် အနိုင်ရရှိခဲ့သလို၊ ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်အတွက် ဆိပ်ကမ်း (၂)၊ တမူး (၂) မဲဆန္ဒနယ်မြေတို့တွင် အနိုင်ရခဲ့သည်။

အလားတူ ရုမ်းပြည်နယ်၊ လဲချားမြို့နယ် ပြည်သူ့လွှတ်တော် အတွက် ရုမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ ချင်းပြည်နယ် လွှတ်တော် မတူပီ (၁) အတွက် ချင်းအမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ပါတီနှင့် ရခိုင်ပြည်နယ် လွှတ်တော် ရသေ့တောင် (၂) အတွက် ဒေသခံတစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဦးတင်မောင်ဝင်းတို့က အသီးသီး အနိုင်ရရှိခဲ့သည်ဟု ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ထားသည်။

လက်ရှိ အစိုးလက်ထက်တွင် ကြားဖြတ်ရွေးကောက်ပွဲ နှစ်ကြိမ် ကျင်းပခဲ့ပြီး ၂၀၁၇ ခုနှစ်၊ ဧပြီ ၁ ရက်နေ့တွင် ကျင်းပသည့် ပထမအကြိမ် ကြားဖြတ်ရွေးကောက်ပွဲ မဲဆန္ဒနယ် ၁၉ ခုတွင် ကျင်းပခဲ့ရာ၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်က ၉ နေရာဖြင့် အများစုအနိုင်ရခဲ့သလို ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်က ၆ နေရာ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ၂ နေရာ၊ ရခိုင် အမျိုးသားပါတီနှင့် လူမျိုးပေါင်းစုံ ဒီမိုကရေစီပါတီ (ကယား)တို့မှ တစ်နေရာစီ အသီးသီး အနိုင်ရခဲ့သည်။

KNLA ဗဟိုဆေးဌာနမှ (၂၀၁၈) ခုနှစ်တွင် မျက်စိဝေဒနာရှင်ပေါင်း (၁၀၀၀) ကျော် ခွဲစိတ်ကုသပေးခဲ့

နိဝင်ဘာ ၂၆ ရက်၊ ၂၀၁၈ ခုနှစ်
စအိုင်ဆူး

KNU– ကရင်အမျိုးသား အစည်းအရုံး ထိန်းချုပ်နယ်မြေများတွင် နယ်လှည့်၍ မျက်စိဝေဒနာရှင်များအား လိုက်လံ ခွဲစိတ်ကုသပေးနေသည့် ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော်–KNLA ဗဟိုဆေးဌာနအနေဖြင့် ဒေသခံ ၁၀၀၀ ကျော်ကို မျက်စိ ခွဲစိတ်ကုသပေးခဲ့ပြီး ဖြစ်ကြောင်း ဦးဆောင် ခွဲစိတ်ပေးသူ ဒေါက်တာစောနေဆဲက ပြောသည်။

လက်ရှိ တောင်ငူခရိုင်၊ ထန်းတပင်မြို့တွင် ကုသပေးလျှက် ရှိသည့် ဒေါက်တာစောနေဆဲက 'ဒီနှစ် ၂၀၁၈ ခုနှစ်အတွင်း ကျနော် ခွဲပေးထားတာ ၁၀၁၅ ယောက် လောက် ရှိပြီ။ KNU ခရိုင် ၇ ခု စလုံးပေါ့။ ဘိတ်–ထားဝယ်ခရိုင်က နေ စတာပေါ့။ အဲ့ကနေ ကျန်တဲ့ ဒူးပလာယာ၊ ဖားအံခရိုင် ဆက်သွားတယ်။ ပြီးတော့ ဌာနချုပ်မှာလည်း ခွဲတယ်။ အခု အောက်တိုဘာလကစပြီး သထုံ၊ တောင်ငူ၊ ညောင်လေးပင်ပေါ့။ မျက်မှန်တပ်ပေးတာလည်း ၉၀၀၀ နီးပါးကို ပေးခဲ့တယ်' ဟု ဆိုသည်။

ယခု နိဝင်ဘာလအတွင်း တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်တွင် မျက်စိဝေဒနာရှင် ၁၂၀ ဦးကို ခွဲစိတ် ကုသပေးလျှက်ရှိပြီး ၃၆၀ ဦးခန့်ကို မျက်မှန်တပ်ဆင်ပေးခဲ့သလို ညောင်လေးပင်ခရိုင်၊ လယ်ဝါးနေရာတွင် မျက်စိဝေဒနာရှင် ပေါင်း ၂၂၀ ဦးကို ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်းလည်း ၎င်းက ဆက်ပြောသည်။

ယင်းမျက်စိကုသမှုတွင် မျက်စိတိမ်စွဲဝေဒနာရှင်များအား လူမျိုး၊ ဘာသာမရွေး စမ်းသပ်၊ ခွဲစိတ်၊ ကုသပေးမှုများအပြင် ဆေးမျက်မှန်များကိုပါ အခမဲ့ ပြုလုပ်ပေးနေသည့် အပြင် ယခုနှစ်အတွက် နောက်ဆုံး ခွဲစိတ်မှုအနေဖြင့် လာမည့် ဒီဇင်ဘာလ ၁၀ ရက်မှ ၁၇ ရက်နေ့အထိ KNU/KNLA–ငြိမ်းချမ်းရေး ကောင်စီ၏ ဌာနချုပ်ဖြစ်သည့် ထို့ကော်ကို၊ နော်တယာကျေးရွာတွင် ကုသပေးသွားမည်ဟု သိရသည်။

KNLA ဗဟိုဆေးဌာနမှ ဒေါက်တာစောနေဆဲ ဦးဆောင်သည့် ၎င်း မျက်စိခွဲစိတ်ကုသပေးမှု အစီအစဉ်ကို ၂၀၁၃ ခုနှစ်မှစတင်၍ အခမဲ့ မျက်စိခွဲစိတ်ကုသပေးခဲ့ရာ ယခုအချိန်ထိ မျက်စိဝေဒနာရှင်ပေါင်း ၆၀၀၀ ကျော် ခွဲစိတ်ကုသပေးခဲ့ပြီး ဖြစ်သည်ဟု KNLA ဗဟိုဆေးဌာနက ဆိုသည်။

မယ်လတွင်တတိယအသုတ် ဌာနေပြန်မည့် ဒုက္ခသည်များကို လူတွေ့မေးမြန်းမှုပြီးစီး

နိဝင်ဘာ ၁၇ ရက်၊ ၂၀၁၈ ခုနှစ်
စအိုင်ဆူး

ထိုင်း–မြန်မာနယ်စပ်၊ မယ်လဒုက္ခသည်စခန်းရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး–UNHCR မှ ဖွင့်လှစ်ပေးထားသော ဆန္ဒအလျောက် ဌာနေပြန်သွားရေး အကျိုးဆောင်ဌာန (Voluntary Repatriation Center–VRC) မှ တဆင့် အမည်စာရင်းလာရောက်တင်သွင်းထားသူ ၁၈ ဦးကို ထိုင်း–မြန်မာ နှစ်နိုင်ငံ အစိုးရ တာဝန်ရှိသူများက ယခုလ ၁၅ ရက်နေ့တွင် လူတွေ့မေးမြန်းမှု ပြုလုပ်ပြီးစီးခဲ့ပြီးဟု စခန်းတွင်း တာဝန်ရှိသူများက ပြောသည်။

စခန်း၏ အတွင်းရေးမှူး စောဆဲစန်က 'ပြည်တွင်း ပြန်မဲ့သူက ၂၁ ဦး နာမည်စာရင်း ပေးထားတာရှိတာပေါ့။ ဒါပေမယ့် မြန်မာအစိုးရနဲ့ ထိုင်းအစိုးရ တာဝန်ရှိသူတွေ လာပြီးအတည်ပြု စစ်ဆေးမှု ရယူတဲ့အခါ ၁၈ ဦးပဲရှိတော့တယ်လို့ သိရတယ်။ အဲ့ ၁၈ ဦးထဲမှာမှ ၈ ဦးက မပြန်တော့ဘူးလို့ သိရတယ်။ အိမ်ထောင်စုအားဖြင့် ၅ စုပေါ့။ ဒါပေမယ့် မည်သူ၊ မည်ဝါမှန်းတော့ ကျနော်တို့လည်း အသေအချာ မသိဘူး'ဟု ပြောသည်။

ယခု ပြန်ပို့ရန် စီစဉ်နေသည့် တတိယအသုတ်တွင် မယ်လဒုက္ခသည်စခန်းအပြင် နို့ဖိုး၊ အုန်းဖျန်၊ ထမ်းဟင် စသည့် ဒုက္ခသည်များလည်း ပါဝင်ပြီး ၎င်းဒုက္ခသည် စခန်းများကို ပြီးခဲ့သည့် အပတ်က နှစ်နိုင်ငံတာဝန်ရှိသူများမှ လူတွေ့မေးမြန်းမှုများ ပြုလုပ်ခဲ့ပြီး ဖြစ်ကြောင်း စောဆဲစန်က ဆက်ပြောသည်။

ထိုသို့ တွေ့ဆုံမေးမြန်းခဲ့သည့် အခြေအနေနှင့် လူဦးရေ စာရင်းအပြင် ပြန်ပို့မည့် အစီအစဉ်များကို ကုလသမဂ္ဂဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီးရုံး–UNHCR မှ တာဝန်ရှိသူများကို ပြီးခဲ့သည့် နိဝင်ဘာလ ၁၅ ရက်က ကရင်သတင်းစဉ်မှ အီးမေးလ်ပို့ မေးမြန်းမှု ပြုထားသော်လည်း အကြောင်းပြန်ကြားခြင်း မရှိပေ။

UNHCR က ပြီးခဲ့သည့် သြဂုတ်လတွင် ကရင်သတင်းစဉ်သို့ ပြောကြားရာ၌ ၎င်းတို့အနေဖြင့် ဒုက္ခသည် စုစုပေါင်း ၁၀၀ ကျော်ကို ပထမအသုတ်နှင့် ဒုတိယ အသုတ်အနေဖြင့် မြန်မာနိုင်ငံတွင်းသို့ ပြန်လည်လွှဲပြောင်း ပို့ဆောင်ပေးခဲ့ပြီး ဖြစ်ကြောင်း၊ လာမည့် တတိယအသုတ် ပို့ဆောင်မှုကို အောက်တိုဘာလတွင် စတင်ရန် ခန့်မှန်းထားသော်လည်း ရာသီဥတု အခြေအနေအရ ဖြစ်မြောက်ခြင်း မရှိခဲ့ဟု ဆိုသည်။

ထိုင်း–မြန်မာ နှစ်နိုင်ငံ အစိုးရ၏ သဘောတူညီမှုအရ ထိုင်းနိုင်ငံတွင် ပြည်ထဲရေး၊ ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာနနှင့် UNHCR တို့ အစီအစဉ်ဖြင့် မိမိဆန္ဒအလျောက် နေရပ်ပြန်လိုသူ ဒုက္ခသည်များကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၆ ရက်နေ့တွင် ပထမအသုတ်အဖြစ် နို့ဖိုး ဒုက္ခသည်စခန်းမှ လူဦးရေ ၆၅ ဦးပါ အိမ်ထောင်စု ၁၉ စုနှင့် ယခုနှစ် မေလ ၇ ရက်နေ့တွင် မယ်လ၊ အုန်းဖျန်၊ နို့ဖိုး၊ ဘန့်ဒုံယမ်းနှင့် Mai Nai Soi ကရင်နီ ဒုက္ခသည်စခန်းများမှ လူဦးရေ ၉၃ ဦးတို့ကို ဒုတိယအသုတ် အနေဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်လွှဲပြောင်း ပို့ဆောင်ပေးခဲ့ပြီး ဖြစ်သည်။

ထိုသို့ နေရပ်ပြန် ဒုက္ခသည်များအား သယ်ယူပို့ဆောင်ရေး၊ ခရီးစရိတ်နှင့် စားနပ်ရိက္ခာတို့ကို UNHCR ကနေ ထိုင်းနိုင်ငံရှိ ရွှေ့ပြောင်းသွားလာခြင်း ဆိုင်ရာ အစီအစဉ်ဖြင့် (International Organization for Migration-IOM) မှ ကူညီပေးခဲ့ပြီး ခရီးစရိတ်အတွက် လူတစ်ဦးလျှင် ထိုင်းဘတ်ငွေ ၁၈၀၀ နှင့် ဘဝပြန်လည်ထူထောင်ရေးအတွက် လူကြီး တစ်ဦးလျှင် ဘတ် ၅၄၀၀၊ ကလေးတစ်ဦးလျှင် ဘတ် ၃၆၀၀၊ စားနပ်ရိက္ခာ အကူအညီအတွက် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP)၏ အစီအစဉ်ဖြင့် အစားအစာ ၆ လစာနှင့်ညီမျှသော ငွေကြေးကို လူတစ်ဦးလျှင် ဘတ် ငွေ ၂၁၀၀ စီအပြင် ခြင်ထောင်၊ အမျိုးသမီး လစဉ်သုံး၊ ခရီးဆောင်အိတ်နှင့် စာရွက်စာတမ်း ထည့်သည့် ဖိုင်များကို IOM မှ တစ်ဆင့် ပေးအပ် ကူညီခဲ့သည်ဟုလည်း UNHCR ထုတ်ပြန်ထားချက်အရ သိရသည်။

လက်ရှိ ထိုင်း–မြန်မာ နယ်စပ် တစ်လျှောက်တွင် မယ်လ၊ အုန်းဖျန်၊ နို့ဖိုး၊ မယ်လအူး၊ မယ်ရာမို့၊ ထမ်ဟင်၊ ဘန့်ဒုံယမ်းနှင့် ကရင်နီ အမှတ်(၁)၊ အမှတ်(၂) စခန်း အပါအဝင် မြန်မာဒုက္ခသည်စခန်း ၉ ခု တွင် လူဦးရေ စုစုပေါင်း ၁ သိန်းခန့် ခိုလှုံနေဆဲဖြစ်သည်ဟု ၎င်းတို့ကို ကူညီဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းများ၏ စာရင်းအရ သိရသည်။

ကရင်စာပေသင်ယူမှုပီပြင်စွာရရှိရေး တွန်းအားပေးသွားရန် စာပေနှင့်ယဉ်ကျေးမှုတိုးတက်ပြန့်ပွားရေးအသင်း ဆုံးဖြတ်

နိဝင်ဘာ ၉ ရက်၊ ၂၀၁၈ ခုနှစ်
စောရှား

အစိုးရ စာသင်ကျောင်းများတွင် ကရင်စာပေသင်ကြား သင်ယူမှု ပီပြင်စွာရရှိရန်အတွက် တွန်းအားပေး လုပ်ဆောင်သွားမည်ဟု ဖားအံမြို့၊ ကရင်ကျောင်းသားများ ရိပ်သာ (KSC)၌ နိဝင်ဘာ ၉ ရက်နေ့က ပြုလုပ်သည့် ကရင်ပြည်နယ်၊ ကရင်စာပေနှင့် ယဉ်ကျေးမှု တိုးတက် ပြန့်ပွားရေးအသင်း၏ တွေ့ဆုံ ဆွေးနွေးပွဲတွင် ဆုံးဖြတ်လိုက်သည်။

ကရင်ပြည်နယ်၊ ကရင်စာပေနှင့် ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေးအသင်း ဒု ဥက္ကဋ္ဌ စောချစ်သန်း (စောခီသောင့်) က 'စာပေကတော့ စာသင်ကျောင်းတွေမှာ တရားဝင် သင်ကြားခွင့်ရခဲ့ပေမယ့် ဒီထက် ပို သင်နိုင်အောင် အားလုံး ဝိုင်းဝန်းပူးပေါင်းပြီး လုပ်ဆောင် တွန်းအားပေးသွားကြဖို့အတွက် ဆုံးဖြတ်ခဲ့ကြပါတယ်။ တချို့ကလည်း ဆရာ အခက်အခဲ၊ ဒေသအခက်အခဲတွေကြောင့် မသင်ကြားဖြစ်ဘူး'ဟု ကရင်သတင်းစဉ်သို့ ပြောသည်။

စာပေသည် လူမျိုး၏ အသက်သွေးကြော ဖြစ်သည်နှင့် အညီ ကရင်စာပေကို သင်ကြား တတ်မြောက်ပါမှ ကရင်လူမျိုးလည်း ရေရှည် ရပ်တည်နိုင်မည်ဖြစ်ပြီး အချို့ ကရင်စာပေသင်ကြားပေးရန် တာဝန်ကျသော ဆရာ/မ များသည် ကရင်စာပေကို မတတ်သောကြောင့် သင်ယူရာတွင် တိုးတက်ဖြစ်ထွန်းမှု မရှိသေးကြောင်းလည်း စာ/ယဉ်တာဝန်ရှိသူများက ပြောသည်။

ယနေ့ ပြုလုပ်သည့် ဆွေးနွေးပွဲတွင် စာပေသင်ကြားရေး ကိစ္စရပ်များအပြင် ယဉ်ကျေးမှု(တူရိယာ၊ တေးသီချင်း၊ အက၊ ဝတ်စား ဆင်ယင်မှု)၊ ရိုးရာဓလေ့ထုံးတမ်းများကို ထိန်းသိမ်း စောင့်ရှောက်ခြင်းများ၊ ကရင်အမျိုးသား အလံတော် နှင့် သီချင်း ကိစ္စရပ်များကို လည်း ထည့်သွင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ ကရင်ပြည်နယ်၊ မြို့နယ်များမှ ကရင်စာပေနှင့် ယဉ်ကျေးမှု တိုးတက်ပြန့်ပွားရေး အသင်းဝင်များ၊ အစိုးရဌာနဆိုင်ရာ တာဝန်ရှိသူများအပါအဝင် စုစုပေါင်း ၂၀ ဦးကျော် ပါဝင်ဆွေးနွေးခဲ့ကြသည်။

တန် (၄၀၀၀) မြိုင်ကလေး ဘိလပ်မြေစက်ရုံအတွက် ကျောက်မီးသွေး သယ်ယူမှု ဆက်မလုပ်ရန် ဒေသခံ တောင်းဆို

နိုဝင်ဘာလ ၁၂ ရက်၊ ၂၀၁၈ ခုနှစ်

ကရင်ပြည်နယ် ဖားအံမြို့နယ်ရှိ တန် ၄၀၀၀ မြိုင်ကလေး ဘိလပ်မြေစက်ရုံတွင် ကျောက်မီးသွေးစွမ်းအင်ဖြင့် လည်ပတ်ရန် ကျောက်မီးသွေးများ သယ်ယူသိုလှောင်ထားခြင်းကိစ္စကို ဆက်လက်မလုပ်ဆောင်ရန် ဒေသခံများက နိုဝင်ဘာလ ၁၀ ရက်နေ့က သဘောထားထုတ်ပြန် တောင်းဆိုလိုက်သည်။

ဒေသခံ သဘောထားမယူဘဲ အဆိုပါ စက်ရုံအတွက် ကျောက်မီးသွေးလောင်စာဖြင့် လည်ပတ်နိုင်ရန် ပြီးခဲ့သည့် လမှ စတင်ပြီး ကျောက်မီးသွေးများကို ဆိပ်ကမ်းမှ တစ်ဆင့် ကားဖြင့် သယ်ယူရာတွင် ကားလမ်းပေါ် ကျောက်မီးသွေးများ ဖိတ်ကျလျက် ရှိသောကြောင့် ကျောက်မီးသွေး သယ်ယူခြင်းကို ရပ်တန့်ပေးရန် ဒေသခံများက ယခုလို တောင်းဆိုလိုက်ခြင်းလည်း ဖြစ်သည်။

ဒေသခံ တစ်ဦးဖြစ်သူ ကျွန်းတောကုန်းရွာသား ခွန်ပန်းလှိုင်က 'သယ်တဲ့အချိန်မှာ ကားပေါ်က ကျလာတဲ့ကျောက်မီးသွေးတုံးတွေကို အနောက်ကားလာတော့ ကြိတ်မိပြီး ကျောက်မီးသွေး အမှုန့်တွေ အကုန်ဖြစ်သွားတော့ လေတိုက်ရင် အနီးအနားမှာ နေတဲ့သူတွေက အဲဒီအမှုန့်ကို ပြန်ရှူရတယ်။ လမ်းဘေးမှာ စာသင်ကျောင်းလည်း ရှိတော့ ကလေးတွေ အကုန်ရှူမိတယ်။ မိုးပြန်ရွာတဲ့အခါ အင်းအိုင်မှာ ကျောက်မီးသွေးအရည်မဲမဲတွေ ပြန်စီးဆင်းသွားတယ်။ အဲဒီအရည်တွေကို နွား၊ ဖား၊ ငါး စတဲ့ တိရိစ္ဆာန်တွေ သွားသောက်မိတဲ့အခါမှာ ဆိုးကျိုးဖြစ်မယ်ဆိုရင် အန္တရာယ်ဖြစ်လာမှာကို ကျနော်တို့ စိုးရိမ်နေရတယ်'ဟု ပြောသည်။

ထို့အပြင် ကျောက်မီးသွေး လောင်စာဖြင့် စွမ်းအင်ထုတ်ပြီး စက်ရုံလည်ပတ်မည့်ကိစ္စကို ရပ်တန့်ပေးရန် ဒေသခံများ ကန့်ကွက်နေသော်လည်း ရရှိမည် မဟုတ်သည့်အတွက် ကျောက်မီးသွေး အသုံးပြုသည့်အခါတွင် ဒေသခံအတွက် လုံခြုံစွာအသုံးပြုပါက လက်ခံသင့်လျှင် လက်ခံမည်ဟု ခွန်ပန်းလှိုင်က ဆက်ပြောသည်။

အဆိုပါ ကျောက်မီးသွေးများကို သံလွင်မြစ်ကမ်းနံဘေး ဖိုးရှိူး ဆိပ်ကမ်းမှတစ်ဆင့် တန် ၄၀၀၀ ထောင် ဘိလပ်မြေစက်ရုံအထိ ကားနှင့် သယ်ဆောင်ရာတွင် ဖိုးရှိူး၊ ရွာလေး ကျွန်းတောကုန်းနှင့် ရေကျော် ကျေးရွာများမှ ဖြတ်သန်းသွားရသောကြောင့် ရွာသားများမှာ လက်ရှိအချိန်တွင် လမ်းမပေါ်သို့ ဖိတ်ကျလာသည့် ကျောက်မီးသွေး အမှုန့်များကို ရှူရှိုက်နေရသည်ဟု ဒေသခံများက ဆိုသည်။

ၦင်းကိစ္စနှင့်ပတ်သက်၍ ကရင်သတင်းစဉ်မှ သက်ဆိုင်ရာ ဘိလပ်မြေစက်ရုံရှိ တာဝန်ရှိသူများကို မေးမြန်းရာတွင် အထက်ကို တင်ပြပြီးမှသာ ပြန်လည်ဖြေကြားနိုင်မည်ဟု အကြောင်းပြန်ခဲ့ကြသည်။

မြိုင်ကလေးနှင့် လှာကာကျေးရွာ အုပ်စုနှစ်စုတွင် တစ်ရက်လျှင် တန် ၉၀၀ ထုတ်လုပ်သော ဘိလပ်မြေ စက်ရုံ နှင့် တန် ၄၀၀၀ ထုတ်လုပ်သော ဘိလပ်မြေစက်ရုံ နှစ်ရုံ ရှိပြီး ယခင် စစ်အစိုးရပိုင် လုပ်ငန်းဖြစ်သည့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း – MECမှ စတင်ထူထောင်ကာ စက်ရုံ၏ လည်ပတ်မှုမှာ နှစ်ပေါင်း ၂၀ ကျော် ကြာမြင့်ပြီ ဖြစ်သည်။

စက်ရုံအတွက် အသုံးပြုမည့် ကျောက်မီးသွေးများကို ပြီးခဲ့သည့် လမှစတင်ပြီး ဖိုးရှိူးဆိပ်ကမ်းမှ ဘိလပ်မြေစက်ရုံသို့ နှစ်ပတ်ကြာကားဖြင့် နေ့စဉ် သယ်ယူခြင်းများ ပြုလုပ်ရာတွင် ဒေသခံများ၏ ကန့်ကွက်မှုကြောင့် ယခုအချိန်တွင် ကျောက်မီးသွေး သယ်ဆောင်မှုကို ရပ်နားထားသည်ဟု ဒေသခံများ ပြောပြချက်အရ သိရသည်။

မြဝတီ–မဲဆောက် ချစ်ကြည်ရေးတံတားအမှတ် (၂) စီမံကိန်းရေယာပါ ကျန်ရှိအိမ်ထောင်စု (၆) စုနှင့် ပြေလည်မှုမရရှိသေး

နိုဝင်ဘာ ၁၃ ရက်၊ ၂၀၁၈ ခုနှစ်
စအိုင်ဆူး

မြဝတီနှင့် မဲဆောက်မြို့ကို ဆက်သွယ်ထားသော မြန်မာ–ထိုင်း ချစ်ကြည်ရေးတံတား အမှတ် (၂) စီမံကိန်းကို သတ်မှတ် ကာလအတွင်း အပြီးသတ် အကောင်အထည်ဖော်ရန် လုပ်ထုံးလုပ်နည်းအရ မြေလျော်ကြေးနှင့် ရွှေ့ပြောင်းစရိတ် ပေးအပ်ရန် နိုဝင်ဘာလ ၁၂ ရက်နေ့က စီမံကိန်းဧရိယာတွင် ပါဝင်သည့် ကျန်ရှိ အိမ်ပိုင်ရှင် ၆ ဦးနှင့် အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ညှိနှိုင်းပေးကြရာ ပြေလည်မှု မရရှိသေးကြောင်း ပါဝင်ညှိနှိုင်းပေးသည့် တာဝန်ရှိသူများထံမှ သိရသည်။

ညှိနှိုင်းမှုတွင်ပါဝင်သည့် မြဝတီ (အမှတ်–၂)မဲဆန္ဒနယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်က 'လက်ရှိက ထိုင်–မြန်မာ အမှတ်(၂)ချစ်ကြည်ရေးတံတားက ရာနှုန်းပြည့်နီးပါး ပြီးသွားပြီ။ ဒီ ၂၀၁၈ ဒီဇင်ဘာမှာ ဒီမြေယာ မြေရှင်းလင်းရေးနဲ့ ပတ်သက်ပြီးတော့ အပြီးသတ် ရှင်းလင်းပြီးတော့ လက်ရှိဆောက်လုပ်နေတဲ့ ထိုင်းဘက်ခြမ်းကို အပ်ပေးရမယ်။ စီမံကိန်းထဲမှာ အားလုံးပေါင်း အိမ်ထောင်စု ၉၀ ကျော်မှာ အခု အိမ်ခြောက်လုံးကျန်တာ ဒီ ၁၃ ရက်နေ့ အပြီး ရှင်းလင်းဖို့ သတိပေးစာထုတ်တဲ့အတွက် မနေ့က ကျနော်တို့ ညှိနှိုင်းပေးပေမယ့် ပြေလည်မှု မရသေးဘူး'ဟု ကရင်သတင်းစဉ်သို့ ပြောသည်။

အိမ်ပိုင်ရှင်များအနေဖြင့် လက်ရှိ ဖောက်လုပ်နေသော လမ်းအကြောင်း မှားယွင်းမှုကြောင့် ၎င်းတို့ အိမ်မြေများကို လာရောက် ထိခိုက်ခြင်းဖြစ်ကြောင်း၊ ထို့အတွက် ပြည်ထောင်စု တရားလွှတ်တော်သို့ စာတင်ထားကြောင်း ဒေသခံများ အနေဖြင့် လက်ရှိ ညှိနှိုင်းမှုကို လက်မခံနိုင်ဘဲ တရားဥပဒေ လမ်းကြောင်းအတိုင်း ဆက်သွားမည် ဖြစ်ကြောင်းလည်း ဦးသန့်ဇင်အောင်က ဆက်ပြောသည်။

အလားတူ စီမံကိန်း ဧရိယာအတွင်း ပါဝင်သည့် အိမ်ထောင်စု ၉၀ ကျော်အတွက် မြေယာလျော်ကြေးများကို ပြီးခဲ့သည့် ၂၀၁၆ ခုနှစ် ဧပြီလလောက်တွင် မြဝတီမြို့၌ ပေးအပ်ခဲ့ပြီးဖြစ်သော်လည်း လက်ရှိတွင် ၎င်းအိမ်ထောင်စု ၆ စုနှင့် မြေဂရမ်ကျ အိမ်ထောင်စု တစ်စု ကျန်ရှိနေသေးခြင်းဖြစ်ပြီး လွှတ်တော် ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများမှ ယခုလို ခေါ်ယူ ညှိနှိုင်းခဲ့ခြင်း ဖြစ်သည်။

'ကျနော်တို့ ဒီလို မညှိနှိုင်းခင် အချိန် အရင်တုန်းက နိုင်ငံတော်၏ လုပ်ပိုင်ခွင့်ကနေ ဖယ်ရှားရှင်းလင်းဖို့ စီစဉ်ထားပေမယ့် ဝါတွင်းကာလ အတွင်းမှာမလုပ်ဖို့ ကျနော်တို့ လွှတ်တော်အမတ်တွေ မေတ္တာရပ်ခံထားတာကြောင့် မလုပ်သေးဘဲနဲ့ ကျနော်တို့က ကြားကနေ နေပြီး တော့မှ သူတို့ဒေသခံတွေ လိုချင်တဲ့ ပုံစံအတိုင်း ညှိနှိုင်းပေးတာပေါ့။ ဒါပေမယ့် အဆင်မပြေဘူး။ ဒါကြောင့် ဆက်လက်ညှိနှိုင်းလို့မှ ပြေလည်မှု မရရှိရင်တော့ အဖိုးရရဲ့ လုပ်ပိုင်ခွင့်အတိုင်း ဖယ်ရှားရှင်းလင်းမှုတွေကို ဆက်လက် လုပ်ဆောင်သွားဖို့ရှိတယ်'ဟုလည်း ဦးသန့်ဇင်အောင်က ဖြည့်စွက်ပြောသည်။

နိုင်ငံတော်စီမံကိန်း ဖြစ်ပြီး မဟာ မဲခေါင်ဒေသကြီးအတွက် စီးပွားရေးအကျိုး ဖြစ်ထွန်းနိုင်မည့် မြန်မာ–ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)စီမံကိန်းကို မြန်မာနိုင်ငံဘက်တွင် ကရင်ပြည်နယ်၊ မြဝတီမြို့ အမှတ်(၅)ရပ်ကွက်၊ ရေပူနေရာနှင့် ထိုင်းဘက်ခြမ်း မဲဆောက် မြို့နယ်၊ ဝမ်းစကင်းကျေးရွာကို ချိတ်ဆက်ကာ ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် သြဂုတ်လ ၃၀ ရက်နေ့က စတင် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

အမှတ်(၂)တံတားသည် အရှည် ၇၆၀ မီတာ၊ အကျယ် ၁၇ မီတာရှိပြီး စီမံကိန်း အစအဆုံး ၂၁.၄၀ ကီလိုမီတာ ရှည်လျားကာ ၎င်းတံတားကို ထိုင်းနိုင်ငံဘက်မှ အကုန်ကျခံကာ ဘတ်ငွေ သန်း ၃၉၀၀ (သုံးထောင်ကိုးရာ) အသုံးပြုထားသည်ဟု ထိုင်းနိုင်ငံ အဝေးပြေးလမ်း ဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိတံတား ပြင်ဆင်ဆောင်ရွက်မှု ရာနှုန်းပြည့်နီးပါးရှိပြီးဖြစ်၍ လာမည့်နှစ် ၂၀၁၉ ခုနှစ်၊ မတ်လတွင် ဖွင့်လှစ်သွားနိုင်ရန် နှစ်နိုင်ငံ အစိုးရမှ စီစဉ်ထားသည်ဟု သိရသည်။

ဘေးစကား နားမယောင်မိစေရန် လွန်းညရွာသားများကို ပြည်နယ်ဝန်ကြီးချုပ် သတိပေးပြောဆို

နိုဝင်ဘာလ ၂ ရက်၊ ၂၀၁၈ ခုနှစ်
နန်းဝေဖြိုးဇော

ဒေသခံများ၏ ကန့်ကွက်မှုကြောင့် ရပ်နားထားလိုက်ရသည့် လွန်းညတောင် ကျောက်ထုတ်လုပ်စီမံကိန်းနှင့် ပတ်သက်ပြီး ဘေးလူများ၏ ပြောစကားကို ဆက်လက် နားမယောင်မိရန် လိုအပ်ကြောင်း ကရင်ပြည်နယ် ဝန်ကြီးချုပ်က နန်းခင်ထွေးမြင့်က နိုဝင်ဘာ ၁ ရက်တွင် သတိပေးပြောဆိုလိုက်သည်။

ကရင်ပြည်နယ် ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်က ပြီးခဲ့သည့် နိုဝင်ဘာလ ၁ ရက်နေ့တွင် လွန်းညရွာသို့ သွားရောက်ပြီး ဒေသခံများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ပြုလုပ်သည့် လူထု တွေ့ဆုံပွဲတွင် ထိုသို့ ပြောဆိုလိုက်ခြင်း ဖြစ်သည်။

အမှတ်ရကြအုံးမယ် ထင်ပါတယ်။ နဝတ စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်ကနေ လွှတ်ပေးပြီး နောက်များမကြာမီမှာ ညောင်နှစ်ပင်ညီလာခံတက်နေဆဲ ဒီချုပ်ပါတီကိုယ်စားပြုကိုယ်စားလှယ်တွေအားလုံး ညောင်နှစ်ပင် ညီလာခံ တက်ရောက်နေမှုကနေ 'ခွင့်ပန်ပြီး' ယာယီရပ်ဆိုင်းခဲ့တဲ့ ဖြစ်ရပ်ပဲ ဖြစ်ပါတယ်။ နဝတ စစ်အစိုးရကတော့ ညီလာခံ တက်ရောက်ဖို့ ပျက်ကွက်သူတွေလို့ ကြေညာပြီး ကိုယ်စားလှယ်တွေ ပယ်ဖျက်ခဲ့ပါတယ်။ ပထမတော့ နဝတ စစ်အစိုးရကလည်း ညောင်နှစ်ပင်ကို ဟန်မပျက် ကျင်းပနေပါသေးတယ်။ နောက်တော့ မဟန်တော့တဲ့အတွက် လုံးဝ ရပ်ဆိုင်းပစ်လိုက်ရပါတယ်။

လေးတွေ သေရတာပါပဲ'တဲ့။ (ဝေလငါးဟာ ငါးမဟုတ်ဘူးဆိုတာတော့ လူတိုင်းသိပါတယ်။ အများက ဝေလငါးနေတော့ ဝေလငါး လိုက်ရပါတယ်' ဤကား စကားချပ်။)

ဒီတော့ ကျန်တဲ့ NCA လက်မှတ်ထိုးပြီး အဖွဲ့တွေအနေနဲ့ ဘယ်လို သဘောထား တုန့်ပြန်ကြမှာပါလိမ့်။

RCSS/SSA ကတော့ KNU နဲ့ မနီးယိုးစွဲ သဘောထားမျိုး ထားလိမ့်မယ်လို့ မျှော်လင့်ရပါတယ်။

KNU အနေနဲ့ သတ္တိရှိရှိ သဘောထားကြီးကြီး အမြော်အမြင် ပြည့်ပြည့်နဲ့ ပြန်စဉ်းစားပါအုံးလို့ မေတ္တာရပ်ခံလေမလား။

KNU လိုပဲ ဒို့လည်း အတူတူ ရပ်တည်ကြမယ်လို့ ထုတ်ပြန် ကြေညာကြမလား။ သို့တည်းမဟုတ် သီးခြားကိုယ်ပိုင် သဘောထားအဖြစ် ထုတ်ပြန်မလား ဆိုတာ အများပြည်သူတွေဘက်က စိတ်ဝင်တစားသိချင် စရာ ဖြစ်နေပါတယ်။

ဒီ ၆ ကြိမ်မြောက် ဗဟိုအမြဲတမ်းကော်မတီ အရေးပေါ်အစည်းအဝေး ကို နိဝင်ဘာလ ၆ ရက်ကနေ ၁၀ ရက်နေ့အထိ အချိန်ယူပြီး ကျင်းပခဲ့တာဖြစ်သလို ဗဟိုအမြဲတမ်းကော်မတီဝင်များ KNLA မှ ကိုယ်စားလှယ် တပ်မှူးကြီးများ၊ အထူးဖိတ်ကြားထားသူများ စုစုပေါင်း ၈၈ ဦး တက်ရောက်ခဲ့တယ်လို့ ကြေညာချက်မှာ ဖော်ပြထားပါတယ်။ ဒါ့အပြင် ဒီဆွေးနွေးပွဲရဲ့ ဦးတည်ချက် ၂ ရပ်ကိုလည်း ကြေညာချက်ထဲမှာ အခုလို ဖော်ပြထားပါတယ်။

ငင်းဖြစ်စဉ်ကို ဖြေရှင်းရန်ထက် ရှောင်ကွင်းပြီး မိမိနားလည်သလို အကောင်အထည်ဖော်နေသောကြောင့် ရှုပ်ထွေးမှုများ ဆင့်ကဲ ဖြစ်ပေါ်နေပါသည်

- **တစ်ဖက်တွင်လည်း NCA ပါ အချက်များအား အကောင်အထည် မဖော်နိုင်သေးသည်များလည်း ရှိနေသောကြောင့်**
- **လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လုပ်ဆောင်ရာတွင် အမျိုးသား ရင်ကြားစေ့ရေးလုပ်ငန်းများ ဖော်ဆောင်ရန် လိုအပ်နေသေးသည့် အပြင် ယုံကြည်မှုတည်ဆောက်သည့် လုပ်ငန်းစဉ်များ ဖော်ဆောင် ရာတွင် အခက်အခဲများ ကြုံတွေ့နေရပါသည်** တဲ့။

ဒီအချက် ၃ ချက်ကို ဖတ်လိုက်ရတာနဲ့ NCA လမ်းကြောင်းပေါ်က ပြဿနာတွေကို ကရင့်ဓလေ့စရိုက်နဲ့အညီ ပွင့်ပွင့်လင်းလင်း၊ တည့်တည့် တန်းတန်း ပြောဆိုထားတဲ့အချက်၊ [ကာချုပ်စကားနဲ့ဆိုရင် NCA အထုပ် ဖြည်ပြတာလို့ ဆိုရမှာပေါ့]

Stakeholder များကိုယ်၌က တစ်ဆို့မှု ဖြစ်နေပါတယ်။ NCA ကိုယ်၌က တစ်ဆို့မှုဖြစ်နေတယ် ဆိုတဲ့အချက်ကို ကွက် ကွက်ကွင်းကွင်း မြင်နိုင်ပါတယ်။ 'ဆင့်ကဲ' ဖြစ်ပေါ်နေတာတဲ့။

ဒီတစ်ဆို့မှုတွေကို ဘယ်လိုများအဖြေရှာမလဲဆိုတာ ကြေညာချက်ထဲ လိုက်ရှာကြည့်တော့ 'ထိုအကြောင်းအရာများ အားလုံးကို မည်ကဲ့သို့ အဖြေရှာနိုင်ရေးကိစ္စများကို Stakeholder များနှင့် ဆက်လက် ဆွေးနွေး အဖြေရှာသွားမည် ဖြစ်သည်'လို့ ရေးသားပါရှိနေတာ တွေ့ရပါတယ်။

ဒီတော့ **"တစ်ဆို့မှုအစ Stakeholder က"** – **"တစ်ဆို့မှုအစ NCA က"** လို့ ပြောရတော့မှာပဲ ဖြစ်ပါတယ်။

ဒီအချက်တွေဟာ 'KNU ရဲ့ ၆ ကြိမ်မြောက် ဗဟိုအမြဲတမ်းကော်မတီ အရေးပေါ်အစည်းဝေး သဘောထားထုတ်ပြန်ချက်' အပေါ်ကနေ လေ့လာသုံးသပ်မိတဲ့ အချက်တွေထဲက တချို့ပဲဖြစ်ပါတယ်။ KNU အနေနဲ့ ထုတ်ဖော်မပြောလိုသေးတဲ့ အချက်တွေလည်း ရှိချင် ရှိနေနိုင်ပါသေးတယ်။

ဒီနေရာမှာ KNU အပါအဝင် တိုင်းရင်းသားခေါင်းဆောင်တွေကို ပန်ကြားလိုတဲ့ အချက်တစ်ခု ရှိပါတယ်။ KNU ရဲ့ လွတ်မြောက်နယ်မြေမှာ စင်ပြိုင်အစိုးရလည်း ဖွဲ့စည်းဖူးသလို၊ တပ်ပေါင်းစုတွေလည်း မျိုးစုံအောင် ဖွဲ့စည်းခဲ့ဖူးပါတယ်။ တိုင်းရင်းသား နိုးနှောဖလှယ်ပွဲတွေ၊ ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေး စာချုပ်တွေဆိုတာလည်း ချုပ်ဆိုခဲ့ကြဖူးပါတယ်။ အဲဒီလို ကာလတွေတုန်းက လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲဖို့ တောခိုလာတဲ့ မြို့ပေါ်က ကျောင်းသားလူငယ်တွေကို တိုင်းရင်းသား ခေါင်းဆောင်ကြီး၊ လတ်၊ ငယ်တွေထဲက အချို့သောသူများက သူတို့ရဲ့ 'တော်လှန်ရေး ဝါနဲ့ ဝိတ်'ကို သုံးပြီး ဖက်ဒရယ်လက်ချာ ရိုက်ခဲ့ကြသလိုမျိုး ဒီနေ့ စစ်အာဏာရှင်စနစ်ကနေ တစ်ဖဝါးမှ ဆုတ်မပေးချင်တဲ့ ဗမာလူမျိုးကြီးဝါဒီ စစ်ဗိုလ်တွေနဲ့ ရင်ဆိုင်ရတဲ့အခါမှာလည်း ဖက်ဒရယ်လက်ချာ ရိုက်စေလိုပါတယ်။

ပြီးတော့ အောက်တိုဘာ ၁၅ ရက်နေ့ ကာချုပ်ဗိုလ်မင်းအောင်လှိုင် ပြောစကားနဲ့ အပြုအမူအပေါ် တိုင်းရင်းသားခေါင်းဆောင်တွေ ဘယ်လို သဘောထားကြသလဲတော့ မသိပါဘူး။ ဝမ်းနည်းတယ်ဆိုတဲ့ စကား လောက်နဲ့ မျက်ရည်ခံထိုးသလို လုပ်လို့ မဖြစ်ပါဘူး။ စုစုစည်းစည်း၊ တည်တည်ကြည်ကြည်နဲ့ ဝိုင်းဝန်းကန့်ကွက်ကြရမှာပါ။

ဒီလိုခပ်ရင့်ရင့် ဗိုလ်ကျသွားတဲ့ အပြုအမူနဲ့ အပြောအဆိုကို သက်ဆိုင်ရာ NCA-S – EAOs များအနေနဲ့လည်း တဖွဲ့ချင်းအရဖြစ်စေ၊ ပူးတွဲ၍ဖြစ်စေ ကြေညာချက်ထုတ်ပြန်ပြီး ဆုံးမရမှာပါ။ ဒီလိုထုတ်ပြန်ကန့်ကွက်ဖို့လည်း ပျက်ကွက်ခဲ့ကြတယ်။ ကန့်ကွက်ဖို့တောင် 'ထုံထိုင်း' သွားကြတယ်လို့ ထင်ပါတယ်။ စကားလုံးကြမ်းသွားရင် တောင်းပန်ပါတယ်။ ဆွေးနွေးပွဲဆိုတာ အပေးအယူ၊ အလျှော့အတင်းဆိုတာ ရှိစမြဲပါ။ အလျှော့ပေးလွန်းရင် အရှုံးပေးရေး ဝင်မှန်းမသိ ဝင်လာတတ်ပါတယ်။ တချို့ကလည်း ကြောက်မှန်းသိရင် ဖြခြောက်တတ်ပါတယ်။ 'အမောက်' ဆိုတာ လိုအပ်ရင် ထောင်ပြဖို့ လိုကိုလိုအပ်ပါတယ်။ သတင်းဌာနတွေ ဖိတ်ခေါ်ပြီး မိမိသဘောထားအမြင်ကို လေးနက်တည်ကြည်စွာ ထုတ်ဖော်ပြောဆိုဖို့ လိုအပ်ပါတယ်။ 'ငါ့ပြောတာ မဟုတ်ဘူး။ ငါ့အဖွဲ့ ပြောတာ မဟုတ်ဘူး'လို့ သံတမန်ဆန်ဆန် တွက်ကပ်နေကြမယ် ဆိုရင်တော့ အားလုံး အစားခံရပါလိမ့်မယ်။

အခုတော့ 'သူခိုးပြေးမှ ထိုးကွင်းထ' ဆိုတဲ့ စကားပုံလို ဖြစ်နေကြပါတယ်။

မောင်ကျော်စွာ

တန်ဆို့မှုအစ Stakeholder က
တန်ဆို့မှုအစ NCA က

မောင်ကျော်စွာ

အခုကိစ္စမှာ 'ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ တရားဝင် အစည်းအဝေးများတွင် ပါဝင်မှုအား ယာယီရပ်ဆိုင်းထားပြီး' ဆိုတဲ့ဝါကျကို စိစစ်ကြည့်တော့ NCA လုပ်ငန်းစဉ်နဲ့ သက်ဆိုင်တဲ့ တရားဝင် အစည်းအဝေး မှန်သမျှမှာ KNU ရဲ့ ပါဝင်မှုကို ယာယီရပ်ဆိုင်းတယ်ဆိုတဲ့ သဘောထားဟာ တိကျထင်ရှားပါတယ်။ ကာလအတိုင်းအတာတော့ မပါပါဘူး။ တချို့ ယာယီတွေက ထာဝရလည်း ဖြစ်ချင်ဖြစ်သွားတတ်ပါတယ်။ KNU ရဲ့ ယာယီ အတိုင်းအတာကာလကိုတော့ လေ့လာစောင့်ကြည့်ကြပါစို့။

ဒါဆို ဒီလို ပါဝင်မှုအား ယာယီရပ်ဆိုင်းတဲ့ အရေးဆိုမှု (ဝါ) ဖိအားပေးမှု (ဝါ) ဆန္ဒပြမှုဟာ ဘယ်သူ့ကို ဦးတည်တာလဲ ဆိုတာကို ရှာကြည့်တော့ NCA လုပ်ငန်းစဉ်တစ်ရပ်လုံးနဲ့ ဒီလုပ်ငန်းကို ဦးစီးဦးဆောင်ပြုနေတဲ့ ဒေါ်အောင်ဆန်းစုကြည်ကိုပဲ ဦးတည်နေတာ တွေ့ရပါတယ်။ ဒါပေမယ့် တစ်ဖက်မှာလည်း **"အလွတ်သဘော တွေ့ဆုံဆွေးနွေးမှု လမ်းကြောင်းမှ တဆင့် ဆွေးနွေး အဖြေရှာသွားမည်"** ဆိုတဲ့ စကားရပ်နဲ့ ထိပ်ချင်းဆိုင်တွဲလျက် ဖော်ပြထားပြန်တော့ လုံးလုံးလျားလျား စိမ်းစိမ်းကားကား၊ ပြတ်ပြတ်စဲစဲလည်း မဟုတ်သေးဘူးဆိုတာကို သတိပြုနိုင်မှာ ဖြစ်ပါတယ်။

ဒီနေရာမှာ နောက်တဆင့်တက်ပြီး မေးခွန်းထုတ်စရာနဲ့ စဉ်းစားစရာတွေ ရှိလာတဲ့အချက်တွေ ရှိနေပါတယ်။ အဲဒါတွေကတော့ NCA စာချုပ် လက်မှတ်ထိုးထားတဲ့ KNU ရဲ့ အခုလိုသဘောထားနဲ့ ဆုံးဖြတ်ချက်ကို ကျန် ၉ ဖွဲ့က ဘယ်လိုသဘောထား ရှိသလဲ။ KNU လို သဘောထားနိုင်ဖို့ KNU လို အင်အားရှိဖို့လိုတာတော့အမှန်ပဲ ဖြစ်ပါတယ်။ PPST ထဲမှာရော KNU ရဲ့ အခုလို သဘောထားနဲ့ ဆုံးဖြတ်ချက်ကို အားလုံးရဲ့ ဘုံသဘောထားရပ်တည်ချက်အဖြစ် ထားရှိနိုင်ကြမလား၊ ဒီအချက်တွေက ရုတ်တရက် မေးခွန်းထုတ်စရာနဲ့ စဉ်းစားမိတာတွေပါ။

ကျွဲနှစ်ကောင်ကြားက မြေစာပင်ဆိုတဲ့ ပြည်တွင်းဖြစ် စကားပုံကတော့ သုံးဖန်များတော့ ရိုးလွန်းလှပါပြီ။ ဒီတော့ ကိုးရိုးယား စကားပုံတစ်ခု ပြောင်းသုံးကြည့်တာပေါ့၊ 'ဝေလငါးကြီးတွေ တစ်ကောင်နဲ့ တစ်ကောင် တိုက်ခိုက်ရင်ပဲဖြစ်ဖြစ်၊ ချစ်ရည်လူးရင်ပဲဖြစ်ဖြစ် ငါးငယ်

- **၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၅ - ၁၆ ရက်နေ့ နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့သည့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းခေါင်းဆောင်များ၏ သီးသန့်အစည်းအဝေးအခင်းအကျင်း ဖြစ်စဉ်နှင့် သဘောတူညီချက်များ၊ အထူးသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်မှုများ၏ အားနည်းချက်၊ အားသာချက်များကို သုံးသပ်ခဲ့ကြသည်** ဟူ၍ ဖော်ပြထားပါတယ်။

ဒါပေမယ့် တစ်ဆို့မှုတွေရဲ့ ဇစ်မြစ်နဲ့ ပင်မအကြောင်းတရားကို သူ့ဘက်ကိုယ့်ဘက် ရှင်းရှင်းလင်းလင်း၊ တိတိကျကျ ဖော်ထုတ်သုံးသပ်ထားတာတော့ မတွေ့ရဘဲ Stakeholder ဆိုတဲ့ စကားလုံးနဲ့ ရောထွေးထားသလို ဖြစ်နေပါတယ်။ ပြဿနာရဲ့ ပင်မအကြောင်းတရားနဲ့ ရောဂါရဲ့ ဇစ်မြစ်ကို တိတိကျကျ ဖော်ထုတ်နိုင်မှသာ အဖြေမှန်နဲ့ ထိရောက်တဲ့ ဆေးဝါးကုသမှုကို ပြုလုပ်နိုင်မှာ မဟုတ်ပါလား။

အားလုံးပါဝင်ရေးဆိုတဲ့ ခေတ်အခါသမယမှာ အားလုံးဟာ Stakeholder တွေချည်းပဲ မဟုတ်ပါလား။ ဒီတော့ ဘယ်သူ့ ဘယ်သူ ရည်ညွှန်းတယ်ဆိုတာ တိကျရှင်းလင်းဖို့ လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အဆင့်ဆင့် လက်တွေ့ အကောင်အထည်ဖော်မှုဖြစ်စဉ်မှာ အပိုင်းလိုက် တာဝန်ယူရမယ့် တာဝန်ခံရမယ့်ကိစ္စတွေ ပေါ်လွင်ထင်ရှားလာမှာ ဖြစ်ပါတယ်။ ဒီကနေတဆင့် တစ်ဆို့မှုတွေ ဘယ်ကနေ စီးဆင်းလာနေတယ် ဆိုတဲ့ ဇစ်မြစ်ကိုလည်း သိရှိနိုင်၊ ရှင်းလင်းဖယ်ရှားနိုင်မှာ ဖြစ်ပါတယ်။

တစ်နေရာမှာသာ အခုလို တိတိကျကျ ဖော်ပြထားတာ တွေ့ရပါတယ်။

- **သို့ဖြစ်၍ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းညှိနှိုင်းဆောင်ရွက်နေရာ၌ တပ်မတော်ဘက်က NCA သဘောတူစာချုပ်တွင် ပါဝင်မှုမရှိသော ခွဲမထွက်ရန်နှင့် တစ်ခုတည်း သောတပ်မတော်ကိစ္စရပ်များကိုဆွေးနွေးရန်တင်သွင်းလာပါသည်** တဲ့။

နောက်အကြောင်းအရာတစ်ခု ဆက်ကြပါအုံးစို့။

- **လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်နေသော Stakeholder များအနေဖြင့် NCA အပေါ်နားလည်မှုများကွဲလွဲနေသည်များရှိရာ**

ဗိုလ်လင်းထင်
၏ ကိုယ်ရေးအရာရှိ
နှင့် တွေ့ဆုံခြင်း

မန်းထိန်ဝင်းစိန်

ဗိုလ်လင်းထင် နှင့် နော်လွီဇာဘင်ဆင်

၉-၄-၂၀၁၆ ဖားအံမြို့မှအပြန် သထုံမြို့နယ် မြသပိတ်တောင်ဘုရားလမ်းတွင် နေထိုင်သူ စောဂျူးထံ ဝင်ရောက်တွေ့ဆုံခဲ့သည်။ စောဂျူးသည် KNU ဗိုလ်ချုပ်စောအုန်းဖေ၏ သားဖြစ်ပြီး တစ်ချိန်က KNU တပ်မဟာ(၅) တပ်မင်း ဗိုလ်လင်းထင်၏ ကိုယ်ရေးအရာရှိလည်း ဖြစ်ခဲ့သည်။ တပ်မဟာမှူးကို ယခင်အချိန်က တပ်မင်းဟု ခေါ်ဝေါ်သုံးစွဲခဲ့သည်။ စောဂျူးအား KNU လက်နက်ကိုင်ထဲတွင် သူ ပါဝင်ပတ်သက်ခဲ့ဖူးသည့်အကြောင်းကို မေးမြန်းခွင့်ရခဲ့ရာ စောဂျူးမှလည်း စိတ်ရှည်လက်ရှည် ဖြေကြားပေးခဲ့သည်။

ဝေါမူမူ ကိုစောဂျူး။ (မင်္ဂလာနံနက်ခင်းဟု အဓိပ္ပာယ် ရသည်)

ဝေါမူမူပါ။

၁၉၆၃ ခုနှစ် ဇွန်လ ၁၁ ရက်နေ့ တော်လှန်ရေးကောင်စီအစိုးရ ငြိမ်းချမ်းရေးဆွေးနွေးပွဲခေါ်ခဲ့တဲ့ အချိန်တုန်း ကိုစောဂျူး အဖေ ဗိုလ်ချုပ်စောအုန်းဖေနဲ့ အဖွဲ့တွေ ပါဝင်ခဲ့တဲ့အကြောင်းတွေ မေးချင်လို့ပါ။

ဟုတ်ကဲ့မေးပါ။

အဲ့ဒီတုန်းက ငြိမ်းချမ်းရေးဆွေးနွေးပွဲလာတဲ့အထဲမှာ ကရင်အဖွဲ့ထဲက နှစ်ဖွဲ့ခွဲပြီး လာကြတယ်လို့ သိရတယ်။ ဘာကြောင့် တူတူမလာကြဘဲ ခွဲပြီးလာကြသလဲ။

ဟုတ်ပါတယ်။ မန်းဘဇန် ခေါင်းဆောင်တဲ့ KNUP နဲ့ စောဟန်တာသမွေး ခေါင်းဆောင်တဲ့ KRC ဆိုပြီး နှစ်ဖွဲ့ သီးခြားစီ လာခဲ့ကြပါတယ်။

ဘာကြောင့် ကရင်အဖွဲ့ နှစ်ဖွဲ့ဖြစ်နေရတာလဲ။

အစကတော့ KNUP နဲ့ KRC ဆိုတာ တူတူပါပဲ။ KNUP နိုင်ငံရေး ဦးဆောင်ပါတီ ဖြစ်ပြီး KRC ဆိုတာ အုပ်ချုပ်ရေးပိုင်းကို တာဝန်ယူရတယ်။ ၁၉၄၉ ခု၊ ဇန်နဝါရီလ ၃၁ ကရင်တော်လှန်ရေး စတင်တုန်းက KNU က ဦးဆောင်ခဲ့တယ်။ ၁၉၅၀ ခုနှစ် ၊ ဩဂုတ်လ ၁၂ ရက်ကျတော့ ဥက္ကဋ္ဌကြီး စောဘဦးကြီး ကျဆုံးခဲ့တယ်။ ၁၉၅၃ ခုနှစ်ကျတော့ KNU တော်လှန်ရေးအတွက် နိုင်ငံရေး စစ်ရေး လမ်းစဉ်သစ်တစ်ခုကို ဝါးခယ်မမြို့နယ် ၊ ပါးရိုက်သောင်တန်း (ပရိုက်ဟု အသံထွက်သည်) မှာ ကျင်းပ တဲ့ KNU ကွန်ဖရင့်ကနေ ချမှတ်လိုက်တယ်။ အဲ့ဒီလမ်းစဉ်ကို ကရင့်တော်လှန်ရေးရဲ့ ဒုတိယလမ်းစဉ်လို့ ခေါ်ခဲ့တယ်။ အဲ့ဒီကွန်ဖရင့်ကိုလည်း ဝိန့်ထောင်ကွန်ဖရင့်လို့ အမည်ပေးခဲ့တယ်။ အဓိပ္ပာယ်ကတော့ ရွှေမြို့တော်ကွန်ဖရင့်ပေါ့။ KNU ကိုလဲ KNUP လို့ ပြောင်းခဲ့တယ်။

KRC ဆိုတာကကော။

KNUP ရဲ့ ဒုတိယလမ်းစဉ်ကို ၁၉၅၃ ခုနှစ်က စပြီး ဧရာဝတီတိုင်းမှ စတင်ကျင့်သုံးခဲ့တယ်။ ၁၉၅၅/၁၉၅၆ အရှေ့ကော်သူးလေ ခေါ်တဲ့ သံလွင်မြစ်အရှေ့ဘက်ကို ဖြန့်ကျက် ကျင့်သုံးခဲ့ကြတယ်။ ၁၉၅၅ မှာ KNUP ရဲ့ ဥက္ကဋ္ဌ တာဝန်ကို စောဟန်တာသာမွေး တာဝန်ယူပြီး မန်းဘဇန်က ဧရာဝတီတိုင်းကို တာဝန်ယူဖို့ ကျန်ခဲ့တယ်။ ၁၉၅၅ ခု တောင်ငူခရိုင်၊ မောကိုရွာ အစည်းအဝေးမှာ KRC ကို ဖွဲ့စည်းခဲ့တယ်။ ဥက္ကဋ္ဌအဖြစ် စောဟန်တာသာမွေး၊ ဒုဥက္ကဋ္ဌအဖြစ် မန်းဘဇန် (နိုင်ငံရေး တာဝန်ခံ)၊ စကောလယ်တောက အတွင်းရေးမှူးအနေနဲ့ အုပ်ချုပ်ရေး တာဝန်ယူပြီး စစ်ရေးတာဝန်ခံကိုတော့ ဗိုလ်ချုပ်မင်းမောင်က တာဝန်ယူခဲ့တယ်။

အဲ့ဒါနဲ့ KNUP နဲ့ KRC ဘယ်အချိန်မှာ ကွဲသွားကြသလဲ။

၁၉၆၃ ခု ဧပြေလ ၂၀ ရက် **ကဆောဝါး** ညီလာခံကျတော့ မန်းဘဇံ ခေါင်းဆောင်တဲ့ KNUP နဲ့ စောဟန်တာသာမွေး ခေါင်းဆောင်တဲ့ KRC တို့ မူဝါဒချင်း မတူညီကြတော့ဘဲ ကွဲသွားကြပြန်တယ်။ ဒါကြောင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို တစ်ဖွဲ့စီ လာကြတာပါ။

အဲ့လိုကွဲကြတော့ မကွဲအောင် ထိန်းတဲ့သူတွေ မရှိဘူးလား။

ကရင်တော်လှန်ရေး အဲ့ဒီလိုကွဲတော့ ကျနော့်အဖေ (ဗိုလ်ချုပ်စောအုန်းဖေ) တော်တော် စိတ်ထိခိုက်ခဲ့တယ်။ ဒါပေမယ့် ကျနော့်အဖေ KRC ဘက်ပါမှ ဗိုလ်ထရူးမင်းနဲ့ ဗိုလ်လင်းထင် ပါမှာဖြစ်လို့ စောဟန်တာသာမွေးက အဖေ့ကိုပါအောင် စည်းရုံးခဲ့တယ်။ အဲ့ဒီတုန်းက ညီလာခံမှာ ဗိုလ်ချုပ်တာမလာဘောလည်း မျက်ရည်တောင်ကျခဲ့တယ်။ ဒါပေမယ့် KNUP ဘက်မှာ ကျန်ခဲ့တယ်။ ဗိုလ်ချုပ်တာမလာဘောဆိုတာ အခု ပဒိုနော်စီဖိုးရာစိန်ရဲ့အဖေပေါ့။

KRC ငြိမ်းချမ်းရေး ဆွေးနွေးပွဲလာတော့ ဘယ်သူတွေ ပါကြသေးသလဲ။

KRC မှာ စောဟန်တာသာမွေး ခေါင်းဆောင်ပြီး ကျနော့်အဖေ ဗိုလ်ချုပ်စောအုန်းဖေ၊ ပဒိုဝေသော၊ ပဒိုဝေရီကျော်၊ ဂျေဖူးညို၊ ပဒိုဖိုးညော၊ ပဒိုဘဝင်း၊ တပ်ဖက်က တပ်မဟာ (၅) တပ်မင်း ဗိုလ်လင်းထင်၊ ဒုတပ်မင်း ဗိုလ်ဝင်းတို့ ပါကြတယ်။

KRC စဖွဲ့စဉ်တုန်းက ဗိုလ်ချုပ်မင်းမောင် ပါမလာတော့ဘူးလား။

၁၉၆၁ အောင်သိဒ္ဓိစစ်ဆင်ရေးမှာ ဗိုလ်ချုပ်မင်းမင်း ကျဆုံးတော့ သူနေရာကို ကျနော့်အဖေ တာဝန် ပြန်ယူရတယ်။

ငြိမ်းချမ်းရေး ဆွေးနွေးတဲ့ ကာလမှာ ဆက်ဆံရေးရုံးကို ဘယ်မှာထားသလဲ။

ဆက်ဆံရေးရုံးက သထုံဗိုလ်ဝင်းအိမ်မှာ ထားတယ်။ ဆက်ဆံရေးရုံး တာဝန်ခံက ဗိုလ်မှူးကြီးမိုးဇော်ပါ။

၁၉၅၆ စက်တင်ဘာ ၂၈ ရက်နေ့ တစ်နေ့မှာ သထုံစစ်တပ် တပ်ရင်းမှူးက ဗိုလ်လင်းထင်ကို စစ်သားတစ်ယောက်နဲ့ ဘလက်လေဘယ်တစ်လုံး လက်ဆောင်လာပေးတယ်။ အဲ့ဒီအချိန်မှာ ဗိုလ်လင်းထင်မရှိဘူး။ ဗိုလ်ဝင်းနဲ့အတူ ဖီးယက်ကားလေးတစ်စီးနဲ့ ထွက်သွားတယ်။ နောက်မှ ဗိုလ်လင်းထင်နဲ့ ဗိုလ်ဝင်း ကျောက်တစ်လုံးရွာက ဖားလူကျော်ဆီ သွားမှန်း သိရတယ်။ ညနေရောက်တော့ တပ်မဟာ(၅)၊ မြစ်ကျိုးဌာနချုပ်က ဗိုလ်မှူးဝေထူး၊ ဗိုလ်လင်းထင်ဆီ စာတစ်စောင် မြစ်ကျိုးသူကြီးနှင့် ပို့တာ ရောက်လာပြန်တယ်။ ဗိုလ်လင်းထင်ပြန်ရောက်ပြီး စာကို ဖောက်ဖတ်ကြည့်လိုက်တော့ ဗိုလ်မှူးကြီးမိုးဇော်နဲ့ ဒုဗိုလ်မှူးကြီး ကြီးရွှေတို့ တပ်မဟာ(၅) အမိန့်ကို မနာခံလိုတော့ကြောင်း သိရတယ်။

ဗိုလ်လင်းထင်လည်း ဗိုလ်ဝင်းနဲ့ ကျနော့်ကို ဘီးလင်း နတ်ကြီးရွာ ဒုဗိုလ်မှူးကြီး ကြီးရွှေကို သွားခေါ်ခိုင်းခဲ့တယ်။ ဗိုလ်ဝင်းလည်း သထုံစစ်တပ်ကို ကားအကူအညီလှမ်းတောင်းတော့ စစ်ကားတစ်စီး ရောက်လာတယ်။ ကားရောက်တော့ ဗိုလ်ဝင်းက ကားခေါင်းခန်းထဲက လိုက်ပြီး ကျနော်နဲ့ ရဲဘော်သုံးယောက်က နောက်ခန်းက လိုက်ကြတယ်။ ပါလာတဲ့ သထုံစစ်တပ်က စစ်သား ၄ ယောက်ဟာ အရပ်ဝတ်နဲ့ပေမယ့် ခါတိုင်းလို ကျနော်တို့နဲ့ မျက်နှာချင်းဆိုင် မထိုင်ကြဘဲ ကျနော်တို့ကို တစ်ယောက်ဆီ ညှပ်ထိုင်နေကြတာ ကျနော်တို့လည်း သတိမထားမိခဲ့ဘူး။ ကားထွက်တော့ ကားဒရိုင်ဘာက စပယ်ယာဘီး မေ့ကျန်ခဲ့ကြောင်း ဘီးလင်းအထိ သွားရမှာဖြစ်လို့ တပ်ရင်းကို စပယ်ယာဘီး ပြန်ယူမယ်ဆိုပြီး တပ်ရင်းဘက်ကို ကားပြန်မောင်းခဲ့တယ်။

သာမွေး ခေါင်းဆောင်တဲ့ KRC ဆိုပြီး နှစ်ဖွဲ့ သီးခြားစီ လာခဲ့ကြပါတယ်။

ဘာကြောင့် ကရင်အဖွဲ့ နှစ်ဖွဲ့ဖြစ်နေရတာလဲ။

အစကတော့ KNUP နဲ့ KRC ဆိုတာ တူတူပါပဲ။ KNUP နိုင်ငံရေး ဦးဆောင်ပါတီ ဖြစ်ပြီး KRC ဆိုတာ အုပ်ချုပ်ရေးပိုင်းကို တာဝန်ယူရတယ်။ ၁၉၄၉ ခု၊ ဇန်နဝါရီလ ၃၁ ကရင်တော်လှန်ရေး စတင်တုန်းက KNU က ဦးဆောင်ခဲ့တယ်။ ၁၉၅၀ ခုနှစ် ၊ ဩဂုတ်လ ၁၂ ရက်ကျတော့ ဥက္ကဋ္ဌကြီး စောဘဦးကြီး ကျဆုံးခဲ့တယ်။ ၁၉၅၃ ခုနှစ်ကျတော့ KNU တော်လှန်ရေးအတွက် နိုင်ငံရေး စစ်ရေး လမ်းစဉ်သစ်တစ်ခုကို ဝါးခယ်မမြို့နယ် ၊ ပါးရိုက်သောင်တန်း (ပရိုက်ဟု အသံထွက်သည်) မှာ ကျင်းပ တဲ့ KNU ကွန်ဖရင့်ကနေ ချမှတ်လိုက်တယ်။ အဲ့ဒီလမ်းစဉ်ကို ကရင့်တော်လှန်ရေးရဲ့ ဒုတိယလမ်းစဉ်လို့ ခေါ်ခဲ့တယ်။ အဲ့ဒီကွန်ဖရင့်ကိုလည်း ဝိန့်ထောင်ကွန်ဖရင့်လို့ အမည်ပေးခဲ့တယ်။ အဓိပ္ပာယ်ကတော့ ရွှေမြို့တော်ကွန်ဖရင့်ပေါ့။ KNU ကိုလဲ KNUP လို့ ပြောင်းခဲ့တယ်။

KRC ဆိုတာကကော။

KNUP ရဲ့ ဒုတိယလမ်းစဉ်ကို ၁၉၅၃ ခုနှစ်က စပြီး ဧရာဝတီတိုင်းမှ စတင်ကျင့်သုံးခဲ့တယ်။ ၁၉၅၅/၁၉၅၆ အရှေ့ကော်သူးလေ ခေါ်တဲ့ သံလွင်မြစ်အရှေ့ဘက်ကို ဖြန့်ကျက် ကျင့်သုံးခဲ့ကြတယ်။ ၁၉၅၅ မှာ KNUP ရဲ့ ဥက္ကဋ္ဌ တာဝန်ကို စောဟန်တာသာမွေး တာဝန်ယူပြီး မန်းဘဇန်က ဧရာဝတီတိုင်းကို တာဝန်ယူဖို့ ကျန်ခဲ့တယ်။ ၁၉၅၅ ခု တောင်ငူခရိုင်၊ မောကိုရွာ အစည်းအဝေးမှာ KRC ကို ဖွဲ့စည်းခဲ့တယ်။ ဥက္ကဋ္ဌအဖြစ် စောဟန်တာသာမွေး၊ ဒုဥက္ကဋ္ဌအဖြစ် မန်းဘဇန် (နိုင်ငံရေး တာဝန်ခံ)၊ စကောလယ်တောက အတွင်းရေးမှူးအနေနဲ့ အုပ်ချုပ်ရေး တာဝန်ယူပြီး စစ်ရေးတာဝန်ခံကိုတော့ ဗိုလ်ချုပ်မင်းမောင်က တာဝန်ယူခဲ့တယ်။

အဲ့ဒါနဲ့ KNUP နဲ့ KRC ဘယ်အချိန်မှာ ကွဲသွားကြသလဲ။

၁၉၆၃ ခု ဧပြေလ ၂၀ ရက် **ကဆောဝါး** ညီလာခံကျတော့ မန်းဘဇံ ခေါင်းဆောင်တဲ့ KNUP နဲ့ စောဟန်တာသာမွေး ခေါင်းဆောင်တဲ့ KRC တို့ မူဝါဒချင်း မတူညီကြတော့ဘဲ ကွဲသွားကြပြန်တယ်။ ဒါကြောင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲကို တစ်ဖွဲ့စီ လာကြတာပါ။

အဲ့လိုကွဲကြတော့ မကွဲအောင် ထိန်းတဲ့သူတွေ မရှိဘူးလား။

အဲ့ဒီတုန်းက ကျနော့်အသက်က ၂၀ လောက်ပဲ ရှိသေးတယ်လေ။ ဗိုလ်လင်းထင်နဲ့ ဗိုလ်ဝင်းတို့ ခရီးထွက်ရင် ကျနော့်ကို ခေါ်သွားလေ့ ရှိတယ်။ တစ်ခါတစ်လေ တပ်မဟာ ရုံးဗိုက်တဲ့ သထုံမြို့နယ်ထဲက မြစ်ကျိုးရွာမှာ တခါတလေ ဗိုလ်လင်းထင်နဲ့ ရန်ကုန် ကုန်မြင့်သာကို လိုက်ရတယ်။ တခါတလေ ဆက်ဆံရေးရုံး၊ သထုံဗိုလ်ဝင်းအိမ်မှာ နေရတယ်။ အဓိက တာဝန်ကတော့ ဗိုလ်လင်းထင်ရဲ့ ကိုယ်ရေးအရာရှိပါ။

အဲ့ဒီတုန်းက KRC လက်အောက်ခံ တပ်ဖက်က တာဝန်ရှိသူတွေ ဘယ်သူလဲ။

KRC တပ်မဟာ(၅)က သထုံမြစ်ကျိုးမှာ ဌာနချုပ် လုပ်ထားတယ်။ တပ်မဟာမှူးက ဗိုလ်လင်းထင်၊ ဒုတပ်မဟာမှူးက ဗိုလ်ဝင်း၊ တပ်မဟာ(၅)လက်အောက်မှာ တပ်ရင် ၃ ရင်း ရှိတယ်။ လင်းယုန်တပ်ရင်းကို တပ်ရင်းမှူး ဗိုလ်မှူးကြီးမိုးဇော်၊ ဒုတပ်ရင်းမှူးက ဒုဗိုလ်မှူးကြီး ကြီးရွှေ၊ ဗိုလ်မှူးဝေထူးတို့ ဦးဆောင်ပြီး ကျိုက်ထိုမှာ ဌာနချုပ်ထားတယ်။ ဗိုလ်မှူးဝေထူး ဆိုတာ စောဘဦးကြီးနဲ့အတူ ကျဆုံးခဲ့တဲ့ ဗိုလ်ချုပ်စိုင်းခေရဲ့ သားပါ။ ကြယ်တာရာတပ်ရင်းက တပ်ရင်းမှူး ဗိုလ်မှူးကြီးဖားလူကျော် ဦးဆောင်ပြီး သထုံမှာ အခြေစိုက်တယ်။ ခြေသုံ့တပ်ရင်းကတော့ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီးသာရွှေ၊ ဒုတပ်ရင်းမှူးက ဗိုလ်မှူးဒဂိါး၊ ဘီးလင်းမှာ ဌာနချုပ်ထားတယ်။ ငြိမ်းချမ်းရေးလုပ်ရာမှာ ဒုမဟာတပ်မှူး ဒုဗိုလ်မှူးကြီးဖလဲယာကလေးနဲ့ အင်အားတစ်ဝက်လောက်ပဲ ပါလာတယ်။ တပ်မဟာမှူးနဲ့ အင်အားတစ်ဝက်လောက်ကတော့ မပါလာဘဲ ကျန်ခဲ့တယ်။

တော်လှန်ရေးကောင်စီနဲ့ငြိမ်းချမ်းရေးဆွေးနွေးခဲ့ကြတဲ့လက်နက်ကိုင်အဖွဲ့တွေထဲမှာ ဘယ်အဖွဲ့တွေ အောင် မြင်ခဲ့သလဲ။

KRC တစ်ဖွဲ့တည်း အောင်မြင်ခဲ့တာပါ။ ကျန်တာ ဘယ်အဖွဲ့မှ မအောင်မြင်ခဲ့ပါဘူး။ ၁၉၆၄ မတ်လ ၁၂ ရက်နေ့မှာ KRC နဲ့ တော်လှန်ရေးကောင်စီ ငြိမ်းချမ်းရေး လက်မှတ်ထိုးခဲ့ကြပါတယ်။ KRC ဘက်က ကျနော့်အဖေ ဗိုလ်ချုပ်စောအုန်းဖေ၊ ဗိုလ်ချုပ်အောင်စိန်၊ ဗိုလ်ချုပ်စိန်မှုံ တို့လည်း ပါတယ်။ ဗိုလ်ချုပ်အောင်စိန်ဆိုတာ ကရင်လက်နက်ကိုင် တော်လှန်ရေး စတော့ အစိုးရစစ်တပ် အမြောက်တပ်ကနေ ဘက်ပြောင်းလာတာ ဖြစ်တယ်။

KRC နဲ့ တော်လှန်ရေးကောင်စီ ငြိမ်းချမ်းရေး လက်မှတ်ရေးထိုးနိုင်ခဲ့ပေမယ့် ဗိုလ်လင်းထင်ရဲ့အခြေအနေ ဘယ်လိုဖြစ်သွားတယ်ဆိုတာ ပြောပြပါလား။

တပ်ရင်းရောက်တော့ ဗိုလ်ဝင်းက အတော်ပဲ၊ တပ်ရင်းမှူး နှုတ်ဆက်လိုက်အုံးမယ်ဆိုပြီး တပ်ရင်းရုံးပေါ်ကို တက်သွားတယ်။ အတော်ကလေးကြာတော့ စစ်ဗိုလ်တစ်ယောက် ရောက်လာပြီး ဗိုလ်ဝင်းက သူ့သေနတ်ပေးလိုက်ပါလို့ ပြောတယ်။ ကျနော်လည်း စိတ်ထဲ မသန့်တာနဲ့ ဗိုလ်ဝင်းကိုင်တဲ့ သေနတ်ကို မပေးဘဲ ကျနော်ကိုင်တဲ့ ဘရောင်နီ ပစ္စတို ကို ပေးလိုက်တယ်။ တစ်အောင့်လောက်ကြာတော့ အဲ့ဒီစစ်ဗိုလ် ပြန်ရောက်လာပြီး ဗိုလ်ဝင်းက ပေးလိုက်တာ သူ့သေနတ် မဟုတ်ကြောင်း ကျနော့်ကို ပြောတော့ ကျနော်လည်း ဗိုလ်ဝင်းကိုင်တဲ့ လားမားပစ္စတိုကို ပေးလိုက်တယ်။ သေနတ်နှစ်လက် ပေးပြီးတာနဲ့ ကျနော်တို့ လေးယောက်စလုံးလည်း အဖမ်းခံရတော့တာပါပဲ။ အဲ့ဒီတော့မှ ကျနော်တို့လည်း တပ်ရင်းရုံးပေါ်မှာ ဗိုလ်ဝင်းကို အရင်ဖမ်းထားပြီးကြောင်း သိရတော့တယ်။

အဲ့ဒီလို အဖမ်းခံရပြီး ခင်ဗျားတို့ကို ဘယ်မှာထားလဲ။

အဲ့ဒီည ဗိုလ်ဝင်းနဲ့ ကျနော်တို့လေးယောက် သထုံတပ်ရင်း ရုံးမှာပဲ ဖမ်းထားတယ်။

အဲ့ဒီတုန်းက သထုံတပ်ရင်းက တပ်ရင်းဘယ်လောက်လဲ။

တပ်ရင်းက (၂၄) တပ်ရင်းမှူးက ဗိုလ်မှူးအုန်းကြည်ပါ။

နောက်ထပ်ဘာဆက်ဖြစ်သေးလဲ။

အဲ့ဒီည သထုံတပ်ရင်းရုံးထဲမှာ အဖမ်းခံနေရတုန်း ညဘက်ကြတော့ ကာဘိုင်သံ နှစ်ချက်ကြားလိုက်ရပြီး တပ်ရင်းရုံးထဲက စစ်သားတွေလည်း အောင်ပြီဆိုတဲ့ ကြွေးကြော်သံ ကြားလိုက်ရတယ်။ မနက်မိုးလင်းတော့ ဗိုလ်မှူးကြီးမိုးဇော်နဲ့ ဒု ဗိုလ်မှူးကြီး ကြီးရွှေတို့ သထုံတပ်ရင်း ရုံးထဲ ရောက်လာကြပြီး ပြန်ထွက်သွားတာကို တွေ့လိုက်ရတော့ ဗိုလ်မှူးကြီးမိုးဇော်နဲ့ ဒုဗိုလ်မှူးကြီး ကြီးရွှေတို့ ကျနော်တို့ကို သစ္စာဖောက်လိုက်ပြီဆိုတာ သိလိုက်ရတယ်။

ကဲဆက်ပြောပါအုံး။

ဗိုလ်ဝင်း၊ ကျနော်၊ ဗိုလ်မှူးပြူး၊ ဗိုလ်မှူးကြီး ဖားလူကျော်၊ ဗိုလ်မှူးဝေထူး၊ ဗိုလ်မှူးဂေါ်ဖရီ၊ ဒုဗိုလ်မှူးကြီး ဖဲယားကလေး၊ ဗိုလ်ဘခက်၊ ခွန်ဇဆွေ၊ ပဒိုဘွိုင်း၊ ဗိုလ်မှူးမိုးဝေတို့ အားလုံး မော်လမြိုင်ထောင်ကို အပို့ခံလိုက်ရတယ်။

စာမျက်နှာ (၁၆) သို့ ▶▶▶

▶ စာမျက်နှာ (၁၅) "ဗိုလ်လင်းထင်"မှ

ကိုစောဂျူး ထောင်ဘယ်လောက် ကျခဲ့သလဲ။

ကျနော် မော်လမြိုင်နဲ့ အင်းစိန် ထောင်နှစ်ခုပေါင်း ၉ နှစ်လောက် နေခဲ့ရတယ်။

တခြားလူတွေကော။

ဗိုလ်ဝင်းတော့ မော်လမြိုင်ထောင်မှာ သုံးနှစ်ကျပြီး ပြန်လွတ်တယ်။ ပြီးတော့ သထုံပါတီယူနစ် အတွင်းရေးမှူး၊ ဗိုလ်မှူးကြီးထူးမင်းက ဦးထွန်းမင်းဆိုတဲ့ နာမည်နဲ့တောင်ငူမှာ ပါတီယူနစ် ဥက္ကဋ္ဌတွေ ဖြစ်သွားကြတယ်။

KRC ထိပ်ပိုင်းခေါင်းဆောင်တွေလည်း ဘာတွေဆက်ဖြစ်သွားကြသေးလဲ။

စောဟန်တာသာမွေးက ပညာရေး သုတေသနဌာနမှာ အထူးအရာရှိ၊ ပဒိုဘထွန်းက ကရင်ပြည်နယ်မှာ ပညာရေးတာဝန်ခံ ရာထူးတွေ ရသွားကြတယ်။ ပဒိုဝေသောနဲ့ ပဒိုဝေရီကျော်တို့ကတော့ နိုင်ငံဂုဏ်ရည်ပထမအဆင့် ဘွဲ့တွေ ရသွားကြတယ်။

ဗိုလ်လင်းထင်က နောက် ဘာဖြစ်သွားသေးလဲ။

ဗိုလ်လင်းထင်က တော်လှန်ရေးကောင်စီနဲ့လုပ်တဲ့ ငြိမ်းချမ်းရေး တပ်ပိုင်းဆိုင်ရာကိစ္စတွေ သဘောကွဲလွဲပုံရတယ်။ ငြိမ်းချမ်းရေးကို မယုံကြည်ဘဲ တောထဲပြန်သွားဖို့ပဲ ကျနော်ထင်တယ်။ ထားဝယ်ခရိုင် ကလိန်ချောင်းစခန်း ဗိုလ်မှူးကြီး အော်လီဗာဆီကို စာပို့ခိုင်းလိုက်လို့ ကျနော် ပို့ခဲ့ရတယ်။

ထားဝယ်ကို ဘယ်လိုသွားခဲ့သလဲ။

လေယာဉ်နဲ့ပဲ သွားရတယ်။ စာကို စီးကရက် သံဗူးထဲ ထည့်သွားရတယ်။ ဗိုလ်လင်းထင်က ကျနော့်ကို စီးကရက်သောက်ရင် ဘေးက အလိပ်ကိုပဲ သောက်ဖို့ အလယ်အလိပ်ကို မသောက်ဖို့ ပြောထားခဲ့တယ်။ စာထဲ ဘာပါသလဲတော့ ကျနော်လည်း မသိဘူး။

အဲ့ဒီတုန်းက KRC နဲ့ တော်လှန်ရေးကောင်စီ ငြိမ်းချမ်းရေးဆွေးနွေးရေးအပေါ် ဗိုလ်လင်းထင် ဘယ်လိုမြင်တယ်လို့ ယူဆသလဲ။

စောဟန်တာသာမွေးတို့ ကုန်းမြင့်သာမှာ အစည်းအဝေးလုပ်ရင် ဗိုလ်လင်းထင် တက်လေ့မရှိဘူး။ နိုင်ငံရေးမှူးတွေ ဖြစ်ကြတဲ့ ပဒိုဘွိုက်နဲ့ ခွန်ဘဆွေပဲ တက်လေ့ရှိတယ်။ တော်လှန်ရေးကောင်စီနဲ့လုပ်တဲ့ ငြိမ်းချမ်းရေးကို သူ ယုံကြည်ပုံ မရဘူးလို့ပဲ ပြောချင်တယ်။ အောက်က တပ်မှူးတွေကို အခြေအနေမကောင်းရင် တောထဲ ပြန်သွားဖို့ ပြောထားပုံရတယ်။ ဒါကြောင့် ဒီသတင်းကို ဗိုလ်မှူးကြီးမိုးဇော်နဲ့ ဒုဗိုလ်မှူးကြီးရွှေတို့ တပ်မတော်ကို သတင်းပို့တယ်လို့ပဲ ပြောရမှာပေါ့။

အဲ့ဒီတုန်းက တော်လှန်ရေးကောင်စီက ငြိမ်းချမ်းရေးဆွေးနွေးပွဲ မအောင်မြင်ရင် လာတဲ့နေရာထိ ပြန်ပို့ပေးမယ်။ ဂု ရက်အတွင်း အတိုက်အခိုက်မလုပ်ဘူးလို့ ကတိပေးခဲ့တယ် မဟုတ်လား။

ဟုတ်ပါတယ်။ ဒါပေမယ့် သခင်စိုးနဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်ပြီးတော့ တောထဲရောက်မှ တပ်မတော်က လိုက်တိုက်ခိုက်ခဲ့သေးတယ်။ ၁၉၆၄ ခု၊ နိုဝင်ဘာ ၁၄ ရက်နေ့မှာ မဒညတ နဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ပျက်တယ်။ ဗကပ၊ KNUP-NMSP တို့ အတူတူပြန်ကြပြီး ပဲခူးရိုးမက KNUP တပ်တွေ လာကြိုတော့ တိုက်ပွဲ မဖြစ်ခဲ့ဘူး။ ဒါပေမယ့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်တယ်လို့ ရေဒီယိုကလည်း ကြေညာရော၊ ပန်းတနော် တောကျောင်းရွာမှာ အစည်းအဝေးလုပ်နေတဲ့ KNU အရံဗဟို ကော်မတီဝင် မန်းဘစောကို စစ်တပ်က တက်ဖမ်းတာ မမိလိုက်ဘူး။ တောကျောင်းရွာဆိုတာ ပဒိုမန်းရှာရဲ့ ဇာတိရွာပေါ့။

ဗိုလ်လင်းထင် နောက်ထပ် ဘာဖြစ်သွားသေးလဲ။

ကျနော်နဲ့ သထုံ တပ်ရင်းမှာ အဖမ်းခံနေရတုန်း သထုံမြို့ထဲက ကာဘိုင်သံ နှစ်ချက်နဲ့ သထုံတပ်ရင်းက စစ်သားတွေ အောင်ပြိုဆိုတဲ့ ကြွေးကြော်သံ ကြားရတယ်လို့ ကျနော် ပြောခဲ့တယ် မဟုတ်လား။ အဲ့ဒီညက ဗိုလ်လင်းထင်ဟာ သူ ခိုင်းလို့ ကျနော်တို့ လိုက်ခေါ်ပေးရတဲ့ ဘီးလင်းက ဒုဗိုလ်မှူးကြီး ကြီးရွှေ အလာကိုစောင့်ရင်း သထုံကျုံးကြီးလမ်းက ဒေါက်တာ စောဟိန်းအိမ်ကို ညစာသွားစားတယ်။ ဒေါက်တာ စောဟိန်းဆိုတာ ဗိုလ်ထူးမင်းရဲ့နှမ အန်တီဒေါ်ရစ်နဲ့ရတာ။ ဗိုလ်ဝင်းနဲ့ ကျနော်တို့ ပြန်ရောက်မလာတာ သထုံတပ်ရင်းက ဖမ်းထားလိုက်ပြီဆိုတာ ဗိုလ်လင်းထင်လည်း မသိခဲ့ဘူး။ ဗိုလ်လင်းထင်လည်း ဒေါက်တာစောဟိန်း အိမ်မှာ ညစာစားတုန်း သထုံစစ်တပ်က ဝင်ဖမ်းတာ ခံလိုက်ရတယ်။ ကားပေါ်မှာ ရုန်းရင်းဆန်ခတ်ဖြစ်ပြီး ဗိုလ်လင်းထင်ဦးခေါင်းကို ကာဘိုင်နဲ့ နှစ်ချက် ဆင့်ပစ်လိုက်တော့ ဗိုလ်လင်းထင်လည်း ကျဆုံးသွားတယ်။ သထုံတပ်ရင်းမှာ ကျနော်တို့ အဖမ်းခံရတုန်း ကြားခဲ့ရတဲ့ ကာဘိုင်သံနှစ်ချက်ဟာ ဒါပဲ ဖြစ်မှာပါ။ အဲ့ဒီတစ်ညလုံး သထုံ၊ ဘီးလင်း၊ ကျိုက်ထို၊ မော်လမြိုင်မြို့တွေမှာ သံချပ်ကာ ကားနဲ့ မိုးလင်းတဲ့အထိ စစ်တပ်တွေ ကင်းလှည့်ကြတယ်လို့ ပြောကြတယ်။ ဗိုလ်လင်းထင် အလောင်းကိုလည်း မော်လမြိုင်သယ်ပြီး ပင်လယ်ထဲ အစဖျောက်လိုက်တယ်လို့ သိရတယ်။

၁၉၅၄ ခုနှစ်ဝင်ဘာလ ၁၅ ရက် စစ်တောင်းကနေ မုတ္တမအသွားရန်ကုန် – မော်လမြိုင်ရထားကိုခုံဝန်းနဲ့သိမ်ဆိပ်ဘူတာကြားမှာ ဗိုလ်လင်းထင်ရထားမိုင်းခွဲစဉ်က တက္ကသိုလ်ကျောင်းသူ ၃၀ ဆိုလား၊ ၁၀၀ ဆိုလား ဗိုလ်လင်းထင်က တရုတ်ဖြူ ဗိုလ်ချုပ်လောလီ ဆီကို ဧရာင်းစားလိုက်တယ်ဆိုတဲ့ သတင်းကော ပြောပြပါလား။

ဒီမေးခွန်းကိုမေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျနော် သိပ်ဖြေချင်တဲ့ မေးခွန်းပါ။ အဲ့ဒီတုန်းက ရထားမိုင်းခွဲတာ ဗိုလ်လင်းထင် မဟုတ်ပါ။ ဒုတပ်မင်း ဗိုလ်ဝင်းပါ။ စစ်လက်နက်ပစ္စည်းကို လူစီးရထားနဲ့ပို့တာ သတင်းရလို့ ဖြတ်တိုက်တာပါ။ လက်နက်တွေလည်း အများကြီး ရခဲ့ပါတယ်။ ဘယ်တက္ကသိုလ်ကျောင်းသူကိုမှ မဖမ်းခဲ့ပါဘူး။

ဖဆပလ အစိုးရက စစ်လက်နက်ပစ္စည်းတွေကို စစ်ယာဉ်တွေနဲ့ မပို့ဘဲ လူစီးရထားနဲ့ ဘာကြောင့်ပို့တယ်လို့ ထင်သလဲ။

ဖဆပလ အစိုးရက စစ်လက်နက်ပစ္စည်းတွေကို စစ်ယာဉ်တွေနဲ့မပို့ဘဲ လူစီးရထားနဲ့ ပို့တယ်ဆိုတာ သူတို့ လုံခြုံရေးအတွက် လူထုကို အကာအကွယ် ယူချင်တာရယ်၊ လိုအပ်ရင် နိုင်ငံရေးညစ်ပတ်လို့ရအောင်လို့ပဲ ပြောချင်တယ်။

တက္ကသိုလ်ကျောင်းသူ ၁၀၀ လား ၃၀ လား ကိစ္စကိုတော့ ကိုစောဂျူး ဘာထပ်ပြောချင်သေးသလဲ။

မဟုတ်ဘူးလို့ဘဲ ထပ်ပြောချင်တယ်။ သမိုင်းပါမောက္ခ စောထွန်းအောင်ချိန်ဆိုတာ ကျနော်နဲ့ ညီအစ်ကို နှစ်ဝမ်းကွဲ တော်ပါတယ်။ သူ့အဖေနဲ့ ကျနော့်အဖေ ညီအစ်ကို တစ်ဝမ်းကွဲ၊ သူ့အဖိုးနဲ့ ကျနော့်အဖိုးက ညီအစ်ကိုအရင်းတွေပါ။ ဗိုလ်ဝင်းက တက္ကသိုလ်ကျောင်းသူ ၃၀ ကိစ္စ မဟုတ်တဲ့အကြောင်း အဲ့ဒီတိုက်ပွဲကို ဗိုလ်လင်းထင်မဟုတ်ဘဲ သူကိုယ်တိုင် ဦးစီး တိုက်ခဲ့ကြောင်း ကျနော့်အစ်ကိုစောထွန်းအောင်ချိန်ကို အဖြစ်မှန် ပြန်ရေးဖို့ ကျနော့်ကို ပြောခိုင်းတယ်။ ကျနော် ၂ ခါတောင် သူ့(စောထွန်းအောင်ချိန်)ကို ပြောပါတယ်။ သူ မရေးရဲတာလား၊ မရေးချင်တာလားတော့ ကျနော် မသိဘူး။ သူ့ဆန်စားလျှင် ရဲရတယ်လို့သာ ကျနော့်ကို ပြန်ပြောတယ်။

ဗိုလ်လင်းထင်နဲ့ နော်လွီဇာဘင်ဆင် ယူကြတာကော တကယ်ချစ်ကြလို့လား။ တစ်ဦးတစ်ယောက် ဒါမှမဟုတ် အဖွဲ့အစည်း တစ်ခုခုက ကြိုးကိုင်စေခိုင်းလို့လား။

ဒါကတော့ ကျနော်မသိဘူး။ နော်လွီဇာဘင်ဆင်ရဲ့အဖေ စောဘင်ဆင်ကို ဖဆပလအစိုးရက ဖမ်းထားတုန်းက သူ့အမေနဲ့အတူ လှည်းကူးမှာလာနေတုန်း ကျနော်တို့နဲ့ သိကျွမ်းခဲ့ဖူးတယ်။ နော်လွီဇာဘင်ဆင်ကို ကျနော်က ဗိုလ်လင်းထင် မိန်းမများတာ သိရဲ့နဲ့ ဘာလို့ယူရသလဲလို့ ကျနော် မေးဖူးတယ်။

နော်လွီဇာဘင်ဆင် ဘယ်လိုပြန်ဖြေသလဲ။

မိန်းမဆိုတာ နာခေါင်းမပါရင် '...' ကျွေးရင်တောင် စားတယ်လို့ပဲ ကျနော့်ကို ပြန်ပြောတယ်။

ဗိုလ်ချုပ်နေဝင်းနဲ့ နော်လွီဇာဘင်ဆင်တို့ကောလဟလ သတင်းတွေထွက်တာနဲ့ ပတ်သက်ပြီးကော ကိုစောဂျူး ပြောပြနိုင်မလား။

နော်လွီဇာဘင်ဆင်က အဲ့ဒီတုန်းက ဗိုလ်ချုပ်နေဝင်း ကလေးတွေကို စာသင်ပေးရတယ်။ မဟုတ်ဘူးလို့ဘဲ ကျနော့်ကို ပြောခဲ့တယ်။

ကိုစောဂျူးအဖေ ဗိုလ်ချုပ်စောအုန်းဖေကျတော့ အဖမ်းလည်း မခံရဘူး။ ဘာရာထူးမှလည်း မရတာ ဘာကြောင့်လဲ။

ကျနော့်အဖေက ဗိုလ်လင်းထင်ကိစ္စကို သူဘာမှမသိတာ။ တော်လှန်ရေးကောင်စီက သူ့ကို မယုံကြည်ဘူး။

တော်လှန်ရေးကောင်စီနဲ့ KRC လက်မှတ်ရေးထိုးခဲ့တဲ့ ငြိမ်းချမ်းရေးအပေါ် ကိုစောဂျူးအဖေ ဘယ်လိုမြင်လဲ။

ကျနော့်အဖေ (ဗိုလ်ချုပ်စောအုန်းဖေ)က တော်လှန်ရေးကောင်စီဟာ ဘာမှ ကတိမတည်ဘူးလို့ ပြောခဲ့ဖူးတယ်။ အဲ့ဒီတုန်းက ဗိုလ်မြက ကျနော့်အဖေနဲ့ စောဟန်တာသာမွေးကို တောထဲပြန်သွားဖို့ ခေါ်သေးတယ်။ KRC မရှိတော့ပေမယ့် ကရင်တော်လှန်ရေး ကမ္ဘာမှာ ရှိသေးတယ်ဆိုတာ ပြချင်တဲ့သဘောပေါ့။

တာဘလု (ကျေးဇူးတင်ပါသည်ဟု အဓိပ္ပါယ်ရသည်) – အခုလို ပြောကြားပေးတဲ့အတွက် ကျေးဇူးပါပဲ ကိုစောဂျူး။

မန်းထိန်ဝင်းစိန်

▶ ရှေ့ဖုံး "စစ်အုပ်စုလက်ခုပ်ထဲမှ ရေ"မှ

ဦးဇော်ဌေးက ပိုပြီး အခရာကျမယ်လို့ ယူဆရပါတယ်။ ဒါကလည်း သူတို့လက်ရှိတာဝန်၊ နောက်ခံနဲ့ ကိုယ်စားပြုမှုတွေအပေါ်ကနေ ခန့်မှန်းကြည့်တဲ့ သဘော ပါ။

ဒီအလွတ်သဘောတွေ့ဆုံမှုရဲ့ ပထမခြေလှမ်းက 'နှစ်ဖက်စလုံးရဲ့ သဘောထားတွေက အခုသွားနေတဲ့ NCA လမ်းကြောင်းကနေ မသွေဖည်ဘူးဆိုတာ နှစ်ဖက်စလုံးရဲ့ သဘောထားက ခိုင်ခိုင်မာမာ ရှိတယ်၊ ဒါပေမယ့် NCA လမ်းကြောင်းဟာ မှန်ကန်ပြီး တရားမျှတတဲ့ လမ်းကြောင်းဖြစ်အောင် ဆက်ပြီးကြိုးစားသွားမယ်' ဆိုတာကို ပြောချင်တာနဲ့ ပြချင်တာပဲ ဖြစ်လိမ့်မယ်လို့ ထင်ရပါတယ်။

အစိုးရပိုင်သတင်းစာကလည်း ဒီအချက်ကို စောင်းပေး ရေးသားဖော်ပြထားပါတယ်။ ဒါဟာ တကယ်တော့ အစိုးရဖက်က အဖတ်ဆယ်တဲ့ သဘောသာ ဖြစ်ပါတယ်။ တနည်းအားဖြင့် နှစ်ဖက်စလုံးက NCA ကို မပျက်ပြားစေလိုကြသေးဘူးဆိုတဲ့ သဘောကို ဖော်ပြဖို့လည်း ဖြစ်ပုံရပါတယ်။

သေချာတဲ့အချက်ကတော့ NCA ဟာ ဒီပုံအတိုင်းတော့ အလုပ်မဖြစ်နိုင်တော့ဘူး။ ခရီးမတွင်တော့ဘူး ဆိုတဲ့အချက်ကတော့ အထင်အရှားဖြစ်နေကြပြီ။ ဒါကို နှစ်ဖက်စလုံးက ကိုယ့်နည်းကိုယ့်ဟန်နဲ့ အသိအမှတ်ပြုထားကြပုံပါပဲ။ ဒါပေမယ့် ကိုယ့်နည်းကိုယ့်ဟန်နဲ့ အသိအမှတ်ပြုပုံချင်းကလည်း မတူညီကြပါဘူး။

NCA အပေါ်မှာ EAOs – စစ်တပ်နဲ့ ဒီချုပ်ပါတီအစိုးရတို့ သဘောထားကြပုံတွေက မတူညီကြပါဘူး။ သူတို့ တွက်ကိန်းနဲ့ သူတို့ သဘောပေါက် နားလည်နေကြပုံပါပဲ။

NCA ကို EAOs တွေက ငြိမ်းချမ်းရေးကို ဦးတည်သွားနိုင်မယ့် နည်းလမ်းတစ်ခုအဖြစ် သဘောထားပုံရတယ်။

စစ်အုပ်စုကတော့ ဒီလိုမခြေပါဘူး။ စစ်အုပ်စုအတွက် NCA ဆိုတာ EAOs တွေကို လက်နက်ဖြုတ် – တပ်ဖျက်ပြီး ၂၀၀၈ အခြေခံဥပဒေ ဘောင်ထဲ ထိုးသွင်းဖို့ မြှုံးသဖွယ် ကျုံးသဖွယ် အသုံးချနေတာပါ။

ဒီချုပ်ပါတီအစိုးရကတော့ NCA ဆိုတာ သင့်မြတ်ရေးရယူဖို့ – အနာဂတ် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ဆောက်ရေးအတွက် နိုင်ငံရေးသဘောတူညီချက်တွေ ရယူဖို့ နိုင်ငံရေးဆွေးနွေးပွဲစကားဝိုင်း – အဲဒီကနေ ဆွေးနွေးရရှိလာတဲ့ နိုင်ငံရေးသဘောတူညီချက်တွေကို ပြည်ထောင်စုစာချုပ်အဖြစ် စုစည်းပြီး – '၂၀၀၈ အခြေခံဥပဒေ'ကို ရရှိလာတဲ့ နိုင်ငံရေး ဆွေးနွေး သဘောတူညီချက် (၀၁) ပြည်ထောင်စုစာချုပ်နဲ့အညီ ပြင်ဆင်ဖို့အထိ ရည်မှန်းထားတာပါ။

တကယ်တော့ ဒီချုပ်ပါတီအစိုးရရဲ့ ဒီလိုရည်မှန်းထားတာဟာ သိပ်ကိုများလွန်းနေပြီး စိတ်ကူးယဉ်သလိုတောင် ဖြစ်နေပါတယ်။

ဒုတိယအကြိမ် ကျင်းပတဲ့ ၂၁ရာစုပင်လုံမှာ 'အစိုးရ – လွှတ်တော် – တပ်မတော် တစ်စိတ်ထဲ တစ်ဝမ်းထဲရှိတယ်' ဆိုတဲ့ Package deal ဆိုတာ တင်လိုက်ပြီးတဲ့နောက် တုန့်ပြန်မှုတွေကိုကြည့်ပြီး အစိုးရနဲ့ လွှတ်တော်က အဲဒီ package deal ကနေ နောက်ပြန်ဆုတ်သွားပုံရပါတယ်။ ဒါဟာ ယာယီအားဖြင့် နောက်ဆုတ်တာမျိုးလည်း ဖြစ်နိုင်ပါတယ်။ မြင်ရသလောက်တော့ ဒီကိစ္စကို ဒီချုပ်ပါတီ အစိုးရဘက်က ထပ်မံ ပြောဆိုတာမျိုး မကြားရတော့သလောက်ပါပဲ။

အဲဒီနောက်ပိုင်း ၁၉–၉–၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်မှာ တင်ပြတဲ့ 'နိုင်ငံတော်၏ အရပ်ရပ် အခြေအနေ' တင်ပြချက်မှာ **"ခွဲမထွက်ရေးက အရေးကြီးသလို ခွဲမထွက်ချင်တဲ့၊ ခွဲထွက်စရာ မလိုတဲ့ ပြည်ထောင်စုကြီးဖြစ်လာအောင် အားလုံး လက်တွဲ ပူးပေါင်းပြီး အကောင်အထည်ဖော်ဖို့ကလည်း အင်မတန် အရေးကြီးပါတယ်"** ဆိုတဲ့ အချက် ပါရှိလာပါတယ်။

ဒီအချက်ကို ဒီစကားလုံးအတိုင်းပဲ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကလည်း လွန်ခဲ့တဲ့ ၁၅–၁၀–၂၀၁၈ ရက်နေ့က အစိုးရနဲ့ NCA – EAOs ခေါင်းဆောင်များ သီးသန့်အစည်းအဝေးမှာ ထပ်မံအတည်ပြု ပြောကြားထားတာ ရှိပါတယ်။

ဒီစကားက **"ခွဲမထွက်ဘူးဆိုတာ – အရင်ပြောမှ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ပေးမယ်"**ဆိုတဲ့ ဆီပေးမှ ဆန်ရမယ်ဆိုတဲ့ package deal ကနေ တစုံတရာ ပြေလျော့လာတဲ့ သဘောလား၊ လမ်းခွဲလာတဲ့သဘောလား။ သို့တည်း မဟုတ် package deal ကို ရောက်အောင်သွားနိုင်ဖို့ အောင်သွယ် နားချပေးတဲ့ ခြေဆင်းသဘောလားဆိုတာ ခန့်မှန်းရ ခက်ခဲပါတယ်။

စကားသွား စကားလာအရတော့ 'ခွဲမထွက်ချင်တဲ့ – ခွဲထွက်စရာ မလိုတဲ့ ပြည်ထောင်စုကြီး'လို့ ဆိုထားလေတော့ စစ်အုပ်စု(ကာချုပ်)က မောက်မောက်မာမာပြောနေခဲ့တဲ့ **"ခွဲမထွက်ရ ဆိုတဲ့ သဘောတူညီချက်ကို ထည့်သင့်/မထည့်သင့် အငြင်းပွားနေစရာ မလိုပါဘူး။** NCA ရဲ့**အခြေခံမူ၊ ၂၀၀၈ ခုနှစ် အခြေခံဥပဒေရဲ့အခြေခံမူတွေအရ ထည့်ကိုထည့်ရမယ့် သဘောတူညီချက် ဖြစ်ကြောင်း ပြောလိုပါတယ်"** ဆိုတဲ့ စကားထက်တော့ အများကြီးကြားလို့ ကောင်းပါသေးတယ်။

ဒါပေမယ့် ဒီစကားက စစ်အုပ်စုက ဆင်နေတဲ့ ခွင်ထဲ ဝင်လာစေဖို့ အောင်သွယ် နားချနေတာမျိုးဆိုရင်တော့ အင်မတန် ရှုံစရာ ကောင်းပါလိမ့်မယ်။

- ပြည်တွင်းစစ်ရပ်စဲရေး– ပြည်တွင်းငြိမ်းချမ်းရေး
- စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီစနစ် ပေါ်ပေါက်ရေး
- တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝ အာမခံနိုင်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး
- ၂၀၀၈ အခြေခံဥပဒေ ပြင်ဆင်ရေး

စတဲ့ စတဲ့ ကိစ္စတွေ ဆွေးနွေးဖြေရှင်းရာမှာ အဓိက အတားအဆီးက စစ်အုပ်စုနဲ့ စစ်အုပ်စုက စွဲကိုင်ထားတဲ့ မောက်မာတဲ့ သဘောထားအမြင်တွေပဲ ဖြစ်ပါတယ်။

စစ်အုပ်စုက ဒီသဘောထားအမြင်တွေကို ဆက်လက် စွဲကိုင်ထားနေသမျှကာလပတ်လုံး ဒီချုပ်ပါတီအစိုးရ လုပ်သမျှဟာ သမင်မွေးရင်းကျားစားရင်း ဆိုသလို အဟောသိကံ ဖြစ်မြဲ ဖြစ်နေပါလိမ့်မယ်။

- ကာချုပ်ရဲ့ ငြိမ်းမှု ၆ ရပ်
- ၂၀၀၈ အခြေခံဥပဒေနဲ့ တည်ဆဲဥပဒေများ
- ခွဲမထွက်ရ

တဘက်စာမျက်နှာသို့ ▶

လက်ရှိ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို ကေအဲန်ယူ ယာယီဆိုင်းငံ့ထားခြင်းအပေါ်

တောင်ကလေး ဆရာတော် အရှင်ပညာသာမိ ၏ အမြင်သဘောထားနှင့် ငြိမ်းချမ်းရေး လမ်းညွှန်ချက်

ငြိမ်းချမ်းရေးအမြင်

မြန်မာပြည်မှာ လုပ်နေတဲ့ ငြိမ်းချမ်းရေးက အချိန်အားဖြင့် တော်တော်လေးကို ကြာလည်းကြာခဲ့ပါပြီ။ ပထမ လွတ်တော်သက်တမ်း ၅ နှစ်ကာလ အတောအတွင်းမှာလုပ်တဲ့ ငြိမ်းချမ်းရေးက မျှော်လင့်ချက်၊ ရည်ရွယ်ချက်လေးတွေနဲ့ သူ့ရဲ့ မူဘောင်တွေနဲ့ သွားတဲ့ အစီအစဉ်ဆိုတော့ မဆိုးဘူးလို့ ဒီလိုပြောလို့ရပါတယ်နော်။ ဒုတိယမြန်မာ့လွှတ်တော် သက်တမ်းမှာ ဒီဘက် ၂၀၁၅–၁၆–၁၇–၁၈ ဒီဘက်ရောက်လာတဲ့အခါကျတော့ ငြိမ်းချမ်းရေးဆောင်ရွက်တဲ့ ကိစ္စနဲ့ပတ်သက်ပြီးတော့ ဆရာတော်တို့ အားမရတော့ဘူး။ အားမရဘူးဆိုတာက ပေးထားတဲ့ခေါင်းစဉ်နဲ့ လုပ်ဆောင်တဲ့ အစီအစဉ်တွေက နည်းလမ်းမကျဘူးလို့ ဆရာတော်တို့က အဲလိုမြင်ပါတယ်။

ဆွေးနွေးရမယ့် အကြောင်းအရာက ငြိမ်းချမ်းရေးကို မဆွေးနွေးဘဲနဲ့ ငြိမ်းချမ်းရေးနဲ့ မပတ်သက်တဲ့ တိုင်းရင်းသားအားလုံး လက်မခံနိုင်တဲ့ အကြောင်းအရာတွေ ဆွေးနွေးတာကို တွေ့ရတယ်။ အထူးသဖြင့် အခုသွားနေတဲ့ကိစ္စက ငြိမ်းချမ်းရေးကို ငြိမ်းချမ်းအောင်ပြုပြီးပြီဆိုရင် ငြိမ်းချမ်းရေးပြီးရင် နိုင်ငံရေး သွားရင်သွားမယ်။ အခုဟာက ငြိမ်းချမ်းရေးကို ဘန်းပြပြီး နိုင်ငံရေး ဆွဲထည့်တဲ့ အစီအစဉ်နဲ့ လုပ်နေတာတွေ့ရတော့ ဆရာတော်တို့အနေနဲ့က KNU တွေရဲ့ NCA လက်မှတ်ထိုးထားတဲ့ အစီအစဉ် ပြီးတဲ့နောက် ဒီဘက်နောက်ပိုင်းမှာ KNU တွေ ယာယီအားဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှု ယာယီ ရပ်နားထားတယ်ဆိုတာကို ကြားရလို့ မှားတဲ့ အစီအစဉ်တော့ မဟုတ်ဘူး။ ဆရာတော်တော့ ဒီအတိုင်း မြင်ပါတယ်။

ဒီငြိမ်းချမ်းရေးနဲ့ ပတ်သက်တာတွေလည်း အရင့်အရင်က KNU တို့ကို ဆရာတော် အကြိမ်ကြိမ်အခါခါ သတိပေးခဲ့ပါတယ်။ ငြိမ်းချမ်းရေး ဆွေးနွေးတာလား။ နိုင်ငံရေး ဆွေးနွေးတာလား။ ငြိမ်းချမ်းရေးနဲ့ နိုင်ငံရေးကို ဒွန်မတွဲပါနဲ့။ နိုင်ငံရေးဆိုတာက အများပြည်သူအားလုံးနဲ့ သက်ဆိုင်တဲ့ကိစ္စ၊ ငြိမ်းချမ်းရေးဆိုတာက ceasefire နှစ်ဦးနှစ်ဖက် ကျေအေး သည်းခံ ခွင့်လွှတ်ပေးရမယ်။ ဒါက အစီအစဉ်ဆိုတော့ အခုက ငြိမ်းချမ်းရေးလိုလို၊ နိုင်ငံရေးလိုလိုနဲ့ ပြဿနာ ဒွိဟတွေ ဖြစ်ကြတယ်လို့ ဆရာတော် ပဏာမအနေနဲ့ KNU တွေကို ပြောကြားလိုပါတယ်။

ဆွေးနွေးပွဲဆိုင်းငံ့မှုအပေါ်ရှုမြင်ချက်

ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ယာယီရပ်ဆိုင်းထားတဲ့အပေါ် KNU ရဲ့လုပ်ဆောင်ချက်က ဒါဟာ နည်းစနစ်ကို နည်းမှန်လမ်းမှန်ကို ရှာကြံတဲ့ အစီအစဉ်ပဲလို့ ဆရာတော်မြင်ပါတယ်။ KNU က တစ်စည်းတစ်လုံးတည်း၊ တစ်သွေးတည်း တစ်သံတည်း တစ်မိန့်တည်း ရှိနေပါတယ်။ ဘယ်ပုဂ္ဂိုလ်ရဲ့ ရှုထောင့်မှ၊ ဘယ်ပုဂ္ဂိုလ်တွေရဲ့ဟာကွက်မှ၊ ဘယ်ပုဂ္ဂိုလ်တွေရဲ့ သြဇာအာဏာ အောက်မှာမှ နေတဲ့ အဖွဲ့အစည်းလည်း မဟုတ်ဘူးဆိုတော့ ဒီငြိမ်းချမ်းရေးအတွက်ကြောင့်နဲ့ KNU တစ်ခုလုံး၊ KNU တစ်ဖွဲ့လုံး ပျက်စီးသွားရတဲ့ အထိတော့ မဖြစ်နိုင်ပါဘူး။ KNU အဖွဲ့အစည်းထဲမှာ ဘယ်ပဒိုကြီးက ထွက်သွားတယ်။ ဘယ်ပဒိုကြီးက မပါဝင်တော့ဘူးဆိုတာလည်း မရှိပါဘူး။ ဒါ ဆရာတော်တို့ အပြင်အနေနဲ့ အဲဒီအတိုင်းကြားပါတယ်။

တကယ်တမ်းကျတော့ ဒီငြိမ်းချမ်းရေးကို အကြောင်းပြပြီးတော့ ငြိမ်းချမ်းရေးကို ဘန်းပြပြီးတော့ နိုင်ငံရေး လှည့်ကွက် လုပ်နေတဲ့ နိုင်ငံရေးသမားတွေရဲ့ လက်ချက်က ငြိမ်းချမ်းရေးကို ပျက်ပြယ်အောင် လုပ်တယ်လို့ ဆရာတော်က ဒီအတိုင်းပဲ မြင်ပါတယ်။ အထူးသဖြင့် နိုင်ငံရေးလုပ်တဲ့ အဖွဲ့အစည်းအားလုံးက နိုင်ငံရေးကို ချီတက်တာ မဟုတ်ဘဲနဲ့ နိုင်ငံရေးကို ဘန်းပြပြီး၊ ငြိမ်းချမ်းရေးကို ဘန်းပြပြီးတော့ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေကို ဖျက်ဆီးရာ ဖျက်ဆီးကြောင်း လုပ်နေတယ်လို့ ဆရာတော်က ဒီအတိုင်း မြင်ပါတယ်။

ပြည်ထောင်စုသဘောတူညီချက် စာချုပ်က တိုင်းရင်းသားအားလုံးတွေနဲ့ ဆိုင်တဲ့ကိစ္စ ဖြစ်တယ်။ NCA လက်မှတ်ရေးထိုး ပြီးရုံလေးနဲ့ မပြီးပြတ်သေးပါဘူး။ ပြည်ထောင်စု သဘောတူညီမှုစာချုပ်ကို ချုပ်တောင် မချုပ်ရသေးဘူး။ ငါတို့ တိုင်းရင်းသားတွေကို အခွင့်အရေးပြုပျက် ပျက်စီးသွားအောင် လုပ်နေတဲ့ အဖွဲ့အစည်းတွေက နိုင်ငံရေးအုပ်စုတွေကပဲ အဲဒီနိုင်ငံရေး လုပ်ဆောင်တဲ့ အုပ်စုတွေရဲ့ လုပ်ဆောင်မှု အစီအစဉ်တွေက ပူးသလို ပေါင်းသလို၊ မပူးသလို မပေါင်းသလိုနဲ့ အာဏာကို အကြိမ်ကြိမ် အခါခါ ရယူတဲ့ဆန္ဒတွေကြောင့် ဒီငြိမ်းချမ်းရေးကို ဘန်းပြပြီးတော့ လုပ်ဆောင်တယ်လို့ပဲ ဆရာတော်ဒီအတိုင်းပဲ မြင်ပါတယ်။

ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး သတိပေးချက်

KNU သည် ကရင်အမျိုးသားအားလုံးအတွက်နှင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံးတို့အတွက် ဖြူစင်သောစေတနာဖြင့် ငြိမ်းချမ်းရေးကို တကယ်လုပ်နေပါတယ်။ ငြိမ်းချမ်းရေး ခေါင်းစဉ်တပ်ပြီးတော့ နိုင်ငံရေးအသွေးအရောင်မျိုးစုံနဲ့ အစိတ်စိတ် အမွှာမွှာ လုပ်ဆောင်တဲ့ အဲဒီ နိုင်ငံရေးပြစားတဲ့လူတွေကို သတိပြုပါ။ တနည်းအားဖြင့် NCA လက်မှတ်ထိုးပြီးကတည်းကိုက ဆရာတော် ကိုယ်တိုင်က KNU ကို အမြဲတမ်း ပြောလေ့ပြောထရှိတယ်။ ဒါကြောင့်မို့ ဒီနေ့ဒီချိန်ကစပြီး KNU က NCA လက်မှတ်ရေးထိုးထား တဲ့ ခေတ္တအားဖြင့် ငြိမ်းချမ်းရေးကို ရပ်စဲထားခြင်းသည် ကရင်တစ်မျိုးသားလုံးအတွက်နှင့် မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံးတို့ရဲ့ ပြည်ထောင်စုကြီးရဲ့ ဖြစ်ပေါ်လာမယ့် အခြေခံသဘောတရားတွေကို စောင့်သိတဲ့အနေအထားပဲလို့ ဆရာတော် အနေနဲ့ သုံးသပ်ပါတယ်။

ဒါ ဆရာတော်စေတနာအမှန် KNU ကို အဲဒီအတိုင်းပဲ ဆရာတော် သတိပေးပါတယ်။ သို့သော် ဘာလုပ်လုပ် ကရင်တစ်မျိုးသားလုံးအတွက် မပါဘဲနဲ့ ဆိုရင်တော့ KNU သည် ဘာမှ လုပ်စရာ မလို၊ ဘာလုပ်လုပ် မြန်မာနိုင်ငံရှိ တိုင်းရင်းသားအားလုံးအတွက် မပါဘူးဆိုရင် KNU သည် ဘာမှ နိုင်ငံရေး၊ ငြိမ်းချမ်းရေး စဉ်းစားစရာ မလိုဘူး။ ယနေ့ federal ပြည်ထောင်စုစနစ်ကို တက်လှမ်းပြီးတော့ ချီတက်တဲ့အချိန်အခါမှာ သည်းခံခြင်း၊ စည်းလုံးခြင်း၊ ညီညွတ်ခြင်း ဒါကိုတော့ ဦးတည်ထားရမယ်။ NCA လက်မှတ်ထိုးထားလို့ ငါတို့တွေ ကတိပျက်ခြင်း မဟုတ်ဘူး။ NCA လက်မှတ်ကြောင့် ငါတို့ကရင်တစ်မျိုးသားလုံး ပျက်စီးသွားတာကိုလည်း မလိုလားဘူး။

ပြည်ထောင်စုသဘောတူစာချုပ်ကို ချုပ်ဆိုလိုတဲ့ ဆန္ဒတစ်ခုတည်း ကနေ၍ အခြား ဘာမှပြောစရာမရှိဘူး။ အဲတော့ ဒီကြားထဲမှာ KNU တို့ ငြိမ်းချမ်းရေး ယာယီရပ်ဆိုင်းထားတာဟာ ငြိမ်းချမ်းရေးကို ဦးဆောင်တဲ့ ပုဂ္ဂိုလ်တွေရဲ့ သဘောထား မစစ် မမှန်လို့၊ တနည်းအားဖြင့် ငြိမ်းချမ်းရေးကို ဦးဆောင်တဲ့ ပုဂ္ဂိုလ်တွေရဲ့ သဘောထားတွေက တစ်နည်းအားဖြင့် တိုင်းရင်းသားအချင်းချင်း မတည့်အောင် ပျက်ပြီးတော့ အကျိုးတရားအားလုံး ပျက်စီးအောင် လုပ်ဆောင်နေတဲ့ စိတ်ဓာတ်လေးတွေ ပေါ်လာလို့ KNU တစ်ခုလုံး ငြိမ်းချမ်းရေးကို ယာယီအားဖြင့် ရပ်ဆိုင်းထားတယ်လို့ ဆရာတော်အနေနဲ့ မြင်ပါတယ်။

ကျန်းမာပါစေ။

▶ တဘက်စာမျက်နှာမှ

စတာတွေကို စစ်အုပ်စုက ခေါင်းမာမာနဲ့ အသေဆုပ်ကိုင်ထားပါတယ်။

နောက်တစ်ခုသတိထားမိတဲ့အချက်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ **"အတိတ်ကို အတိတ်မှာ ထားခဲ့"** ဆိုတဲ့စကားနဲ့ **"ဘာတွေပေးကြမလဲ"** ဆိုတဲ့စကား သိသိသာသာ အပြောနည်းသွားတာ သို့မဟုတ် ပြောပုံ ပြောနည်း ပြောင်းလဲသွားတာပါ။

'တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်'အပေါ် စစ်အုပ်စု (စစ်တပ်)က နားမလည်လို့ 'ခွဲထွက်မရ' ဆိုတဲ့စကားကို ရှေ့တန်းတင် ပြောနေတာ မဟုတ်ပါဘူး။ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (ဝါ) ပြည်ထောင်စုတည်ဆောက်ရေးသဘောတရားကို ခေါင်းမာစွာနဲ့ ဆန့်ကျင်နေတာသာ ဖြစ်ပါတယ်။ ဒါကြောင့် တိုင်းရင်းသားများအနေနဲ့ ဘယ်လိုအခြေအနေမှာပဲဖြစ်ဖြစ် 'တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (ဝါ) ပြည်ထောင်စုတည်ဆောက်ရေး သဘောတရား'ကို တည်ကြည်ခိုင်မြဲစွာ စွဲကိုင်ရပ်တည်ကြဖို့ အမှန်ပဲ လိုအပ်ပါတယ်။

တစ်ချိန်က ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ (၁၉၄၇) ရေးဆွဲကြစဉ် 'ခွဲထွက်နိုင်သော အခွင့်အရေး' အခန်းမှာ 'ဤအခြေခံဥပဒေ အာဏာတည်သည့်နေ့မှ ဆယ်နှစ်အတွင်း ခွဲထွက်နိုင်သော အခွင့်အရေးကို အသုံးမပြုရ'လို့ ပုဒ်မ–၂၀၂ အဖြစ် ထည့်သွင်းတဲ့အခါ ရှမ်းပြည်လွတ်လပ်ရေးအဖွဲ့ချုပ် (ရပလ) ကိုယ်စားလှယ်များက ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြပါတယ်။ ဒီလို ကန့်ကွက်ကြတာဟာ ဗမာပြည်မနဲ့ ပူးပေါင်းရေးကို မလိုလားလို့ မဟုတ်ဘဲ တန်းတူရေးနဲ့ ကိုယ်ပိုင် ပြဋ္ဌာန်းခွင့် (ဝါ) ပြည်ထောင်စုသဘောတရား ထိခိုက်ပြီး လူမျိုးငယ်များရဲ့ အခွင့်အရေးကို ထိပါးတယ်လို့ ယူဆခြင်းကြောင့် ဖြစ်ပါတယ်။

ဒါက ပြည်ထောင်စုကို စတင် ပန္နက်ချကြစဉ်က ၂၀ရာစုနှစ်ထဲက သမိုင်းအတွေ့အကြုံနဲ့ သင်ခန်းစာဖြစ်ပါတယ်။ မျက်မှောက် ၂၁ရာစုမှာ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (ဝါ) ပြည်ထောင်စုသဘောတရားကို တိုင်းရင်းသားတွေက ဘယ်လို အဓိပ္ပာယ်ဖွင့်ဆိုနေသလဲဆိုတာတော့ အများပြည်သူ သိရှိနားလည်အောင် ရှင်းလင်းတင်ပြဆွေးနွေးကြဖို့ သိပ်ကို လိုအပ်ပါတယ်။ မဟုတ်ရင် တစ်ဖက်မှာ **ခွဲထွက်ရေး၊ပြည်ထောင်စု ဖြိုခွဲရေး** အဖြစ် စစ်အုပ်စုရဲ့ သရုပ်ဖျက် အပုပ်ချတာ တကျော့ပြန် ခံကြရပါလိမ့်မယ်။

နိဝင်ဘာလ ၁၈ ရက်နေ့က မိတ္ထီလာမှာ ပြုလုပ်သွားတဲ့ စစ်တပ် ထောက်ခံပွဲကနေတဆင့် 'ပြည်ထောင်စုဖွား တိုင်းရင်းသားများ ပြည်ထောင်စုမှ ထာဝရ ခွဲထွက်ရေး – ဒို့အရေး' ဆိုပြီး စစ်အုပ်စုက နှပ်ကြောင်းပေး 'အာဘော်' ဖြန့်နေပါပြီ။

EAOs တွေ အပါအဝင် တိုင်းရင်းသားတွေအနေနဲ့ မိမိတို့မျှော်မှန်းတဲ့ တန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (ဝါ) ပြည်ထောင်စု သဘောတရား (သို့မဟုတ်) ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုရဲ့ အခြေခံမူတွေကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်း တင်ပြဖို့ လိုအပ်ပါတယ်။ ဒီတာဝန်ဟာ လူများစုဖြစ်တဲ့ လူမျိုးကြီးဖြစ်တဲ့ ဗမာတွေမှာပဲ သီးသန့်တာဝန်ရှိနေတာ မဟုတ်ပါဘူး။ မြန်မာပြည်ဟာ လူမျိုးပေါင်းစုံ စုပေါင်းနေထိုင်ပြီး လူမျိုးပေါင်းစုံက ပိုင်ဆိုင်တဲ့ တိုင်းပြည်ဖြစ်ပါတယ်။ ဒါကြောင့် အနာဂတ် ပြည်ထောင်စုသစ်ကို ဖန်တီးကြရာမှာ တိုင်းရင်းသားလူမျိုးတိုင်း၊ လူမျိုး တိုင်းမှာ တန်းတူတာဝန်ကိုယ်စီ ရှိနေပါတယ်။ ဒါကို မပျက်မကွက် ထမ်းဆောင်ဖို့ လိုအပ်ပါတယ်။

ဒါကြောင့် ကိုယ့်လူမျိုးပြည်နယ်တစ်ခု (သို့မဟုတ်) ပြည်နယ် ဥပဒေပြုစာရင်းလောက်ကိုပဲ ကွက်ပြီး အာရုံစိုက် စဉ်းစားနေတာမျိုး ဘယ်လိုမှ မဖြစ်သင့်ပါဘူး။ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုကို ခေတ်ကာလအနေအထား၊ တိုင်းပြည်နဲ့ လူထုရဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်နဲ့ကိုက်ညီပြီး တကယ်တမ်း အကောင်အထည် ရှိရှိ ဖော်ဆောင်နိုင်မယ့် အခြေခံမူတွေ၊ လမ်းညွှန်မှုတွေ ဖော်ထုတ်တင်ပြဖို့ လိုအပ်ပါတယ်။

ဒီလိုတင်ပြမယ့် အခြေခံမူတွေ၊ လမ်းညွှန်မှုတွေဟာ တစ်ချိန်က ဗိုလ်ချုပ်အောင်ဆန်း လမ်းညွှန်ခဲ့ဖူးတဲ့ 'လမ်းညွှန်ချက် ၇ ချက်'လို အခြေခံဥပဒေရေးဆွဲရေးအတွက် ကျယ်ပြန့်ပြီးလွှမ်းခြုံနိုင်တဲ့ အခြေခံတွေ၊ မူတွေ၊ သဘောထားတွေဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ဒါတွေကိုသာ အပြန်အလှန် အပေးအယူရှိရှိ ညှိနှိုင်းကြရမှာပါ။ ဒီလို အခြေခံတွေ၊ မူတွေ၊ သဘောထားလမ်းညွှန်တွေသာ ဆွေးနွေးပြေလည်သွားတယ်ဆိုရင် 'အခြေခံဥပဒေအသစ်' ရေးဆွဲတာဟာ မခက်ခဲတော့ပါဘူး။ အားလုံး သဘောတူညီ ဆုံးဖြတ်ချမှတ်ထားတဲ့ လမ်းညွှန်မှုတွေနဲ့အညီ ဥပဒေ ဘာသာရပ် ကျွမ်းကျင်သူတွေကို တာဝန်ပေး ရေးဆွဲစေရပါမယ်။

ဥပဒေဘာသာရပ် ကျွမ်းကျင်သူတွေက ရေးသားပြုစုပြီး ပြန်လည် တင်ပြလာတဲ့ အချက်တွေဟာ ချမှတ်ပေးထားတဲ့ လမ်းညွှန်တွေ၊ မူတွေ သဘောထားတွေနဲ့ ကိုက်ညီ၊ မကိုက်ညီ စိစစ်၊ စစ်ဆေးပြီး လိုအပ်သလို ကြီးကြပ်ထိန်းညှိပေးကြရမှာသာ ဖြစ်ပါတယ်။

အဲဒီလို တကယ့်ဒီမိုကရေစီ၊ တကယ့်တန်းတူရည်တူရှိတဲ့၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိတဲ့ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုပုံစံ ပေါ်လာပြီဆိုရင် ဒီလို စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို ကာကွယ်ရမယ့် single army တစ်ခုတည်းသော စစ်တပ်ရဲ့ အနေအထား ကလည်း ကျွဲကူးရေပါဆိုသလို ရှောရှောရှူရှူ ဖြစ်မြောက်လာမှာသာ ဖြစ်ပါတယ်။

စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကိုသာ တကယ် လိုလားတယ်၊ သွေးရိုးသားရိုး တည်ဆောက်မယ်ဆိုရင် စစ်တပ်ဟာ၊ ကာချုပ်ဟာ၊ စစ်ဗိုလ်စစ်သားဟာ အခြေခံဥပဒေအထက်မှာ ရှိနေစရာ၊ လွှတ်တော်ထဲမှာ အခန့်သားဝင်ပြီး နေရာယူထားစရာအကြောင်း ဘယ်လိုမှ မရှိနိုင်တော့ပါဘူး။ ဒီအခါမှာ ကာချုပ်နဲ့ စစ်တပ်ဟာ အခြေခံဥပဒေကို နာခံတဲ့ တပ်၊ ထိန်းသိမ်းကာကွယ်တဲ့ တပ်၊ အစိုးရအဖွဲ့နဲ့ ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ မူလနေရာမှန်ကို ဂုဏ်နဲ့ဒြပ်ကိုက်ညီစွာ ပြန်လည်ရောက်ရှိသွားမှာ ဖြစ်ပါတယ်။

ဒီလိုအချက်တွေကိုသာ တကယ်တမ်း တန်းတူရည်တူ တင်ပြ ဆွေးနွေး ညှိနှိုင်းနိုင်ပြီဆိုရင် ၂၁ရာစုပင်လုံ ညီလာခံရဲ့ ဂုဏ်ဒြပ်ဟာ အမှန်ပဲ တောက်ပခမ်းနားလာပါလိမ့်မယ်။ ဤကား ဆန္ဒပိုင်း မျှော်မှန်းချက်သာဖြစ်ပြီး ၂၁ရာစုပင်လုံညီလာခံနဲ့ NCA တို့ရဲ့ ပကတိပိုင်း လက်တွေ့ အခြေအနေအမှန်ကား စစ်အုပ်စုလက်ခုပ်ထဲက ရေမျှသာပါ။

မောင်ကျော်စွာ

တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းနှင့် အစိုးရတို့အကြား ဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုတွင် တစ်ဆို့နေသည့်အကြောင်းအရာများကို အဖြေရှာနိုင်ရန် ကေအဲန်ယူ –ကရင်အမျိုးသားအစည်းအရုံး၏ (၆)ကြိမ်မြောက် ဗဟိုအမြဲတမ်း ကော်မတီ အရေးပေါ် အစည်းအဝေးကို ဖား‌အံခရိုင်၊ လေဝါး(လော်ခီး လာ)တွင် နိဝင်ဘာလ ၆ ရက်မှ ၁၀ ရက်နေ့အထိ ပြုလုပ်ခဲ့ကြ သည်။

ကေအဲန်ယူ ဗဟိုအမြဲတမ်း ကော်မတီ အရေးပေါ် အစည်းအဝေးနှင့်ပတ်သက်၍

ပဒိုင်စောတာဒိုမူးအား သီးသန့်တွေ့ဆုံမေးမြန်းခြင်း

၆ ကြိမ်မြောက် ဗဟိုအမြဲတမ်းကော်မတီ အရေးပေါ်အစည်းအဝေးမှာ ဘာအကြောင်းအရာတွေကို အဓိက ဆွေးနွေးခဲ့ကြသလဲ။

အစည်းအဝေးမှာ ကျနော်တို့ အဓိက ဆွေးနွေးတဲ့အကြောင်းအရာက သုံးခုရှိပါတယ်။ တစ်တချက်ကတော့ ထိပ်သီးအစည်းအဝေးမှ ရလဒ်တွေကို ကျနော်တို့ အတူတကွ ပြန်လည်သုံးသပ်ကြတယ်။ ဒုတိယအချက်ကတော့ တိုင်းရင်းသားတွေပူးပေါင်းလုပ်ဆောင်မှု အပိုင်း၊ ပြန်လည်သုံးသပ်ပြီးတော့ ရှေ့ဆက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဘယ်လို ဆက်သွားမလဲဆိုတဲ့ကိစ္စရယ်၊ သုံးချက်တစ်ချက်ကတော့ ရှေ့ဆက် ကျနော်တို့ ဘယ်လိုဆက်သွားမလဲ၊ ပြီးတော့ အခြေအနေအားလုံးကို ညှိနှိုင်းတိုင်ပင်ပြီး ဘယ်လို ဆက်သွားမလဲဆိုတဲ့အကြောင်းတွေပါပဲ။

ပြောရမယ်ဆိုရင် ကျနော်တို့ ရှေ့ဆက်သွားနိုင်ဖို့က ကျနော်တို့ အလွတ်သဘောတွေ့ဆုံဆွေးနွေးမှု (Informal) သွားမယ်ပေါ့။ အခက်အခဲကြီးကြီးမားမား ဖြစ်ပေါ်လာခဲ့သော် ပါဝင်တဲ့ ခေါင်းဆောင် (Stake holders) ကနေပြီးတော့ တွေ့ဆုံကြပြီး ဝိုင်းဝန်းအဖြေရှာကြမယ်။ သူတို့ရဲ့ စိုးရိမ်မှုတွေကို ဖော်ပြမယ်။ နှစ်ဖက်စလုံးပေါ့။ လမ်းကြောင်းတစ်ခုကို ဆွေးနွေးကြမလား၊ ဘယ်လိုလမ်းကြောင်းကို အဖြေရှာမလဲ၊ အကြိမ်ကြိမ်တွေ့ဆုံကြခြင်းဖြင့် အဖြေတွေက ထွက်ပေါ်လာနိုင်ပါတယ်။

အဲဒါကြောင့် နိုင်ငံတကာက သွားနေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ပြန်ကြည့်မယ်ဆိုရင်လည်းပဲ သူတို့လည်း ဒီလိုပဲ ဖြတ်သန်းခဲ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ တရားဝင်အစည်းအဝေးတွေကို ကျနော်တို့ လုပ်ဆောင်သွားမယ်ဆိုရင် အစည်းအဝေးတက်လာရင် အဖွဲ့အစည်းရဲ့သဘောထားရပ်တည်ချက်တွေကို တစ်ပြိုက်နက်ကို ယူလာရတယ်။ အဲဒါကြောင့် ဗွီဒီယို ကင်မရာရှေ့မှာ ဆွေးနွေးကြတယ်။ ကိုယ့်နေရာ၊ သူနေရာနဲ့ ဆွေးနွေးကြတဲ့အပေါ်မှာ လွယ်လွယ်နဲ့ အဖြေမထွက်နိုင်ဘူး။

KNU အစည်းအဝေးရဲ့ထုတ်ပြန်ချက်မှာ Stakeholders တွေက NCA ပေါ်နားလည်မှု ကွဲလွဲနေတယ်ဆိုတဲ့အချက်ကို နည်းနည်းရှင်းပြပေးပါလား။

NCA အခန်း(၁) ထဲမှာ ပြန်ကြည့်မယ်ဆိုရင် နိုင်ငံတော်အစိုးရနဲ့ ကျနော်တို့ အမြင်ချင်းက မတူညီကြဘူး။ ဥပမာ–ဒို့တာဝန် အရေးသုံးပါးဆိုတာက မြန်မာ့တပ်မတော်ဘက်က နားလည်တဲ့ ဒို့တာဝန်အရေးသုံးပါးနဲ့ ကျနော်တို့ဘက် နားလည်တဲ့ ဒို့တာဝန်အရေးသုံးပါးက မတူညီကြဘူး။ ပင်လုံစိတ်ဓာတ်ဆိုတာလည်း အဲလိုပါပဲ၊ NCA အခန်း(၃)၊(၄)၊(၅)၊(၆)မှာလည်း မတူညီကြဘူး။ အခန်း(၆)ကြားကာလဆို ဘာမှ မလုပ်ရသေးဘူး။

ဘာကြောင့်လဲဆိုတော့ အမြင်တွေက မတူညီကြတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ အဲဒါကြောင့် Dialogue (တွေ့ဆုံဆွေးနွေးမှု)တွေက ရှိဖို့လိုအပ်ပါတယ်။ သို့သော်လည်း ကျနော်တို့ အခက်အခဲ ကျနော်တို့လက်မှတ် ရေးထိုးထားပြီးပြီ ဖြစ်သော်လည်း ကျနော်တို့ရဲ့ Dialogue က ဖြစ်ပေါ်မလာဘူး။ အဲဒါကြောင့် ကျနော်တို့ ဖန်တီးယူရမှာ ဖြစ်ပါတယ်။ ကျနော်တို့ ဖန်တီးယူဖို့ဆိုတာ နိုင်ငံတော် အစိုးရနဲ့ Informal အစည်းအဝေးကနေပြီးတော့ ကနဦး ညှိနှိုင်းယူရမှာ ဖြစ်ပါတယ်။ ကျနော်တို့ အရင်ဆုံးတွေ့ဆုံကြပြီးတော့ စိုးရိမ်ပူပန်မှုတွေကို ရှင်းရှင်းလင်းလင်း တင်ပြဆွေးနွေးပြီးတော့ အတူတကွ အဖြေရှာရမယ်။

အခြေခံနိုင်ငံရေးပူဇောင်ချမှတ်ရာမှာ NCA ထိုးတဲ့အဖွဲ့တွေ၊မထိုးတဲ့အဖွဲ့တွေ အားလုံးပါဝင်ဖို့ပြောထားတယ်။ ဒီဟာကို ဘယ်လိုလုပ်ဆောင်သွားဖို့ရှိလဲ။

NCA စာချုပ်ဆိုတာက လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားအဖွဲ့တွေအတွက်ကတော့ ငြိမ်းချမ်းရေးဆီကို သွားနိုင်မယ့် တံတားတစ်ခုဖြစ်ပါတယ်။ သို့သော်လည်း ဥပမာ–ကျနော်တို့ နေရာတစ်ခုကို သွားမယ်ဆိုပါစို့၊ ကိုယ်က လမ်းကြောင်းတစ်ခုသွားမယ်။ ဒါပေမယ့် အခြားသော မိတ်ဆွေတွေကလည်းပဲ အခြားလမ်းကြောင်းနဲ့ သွားဖို့ ရှိကောင်းရှိလာနိုင်ပါတယ်။ အဓိကကတော့ ကိုယ့်ရဲ့ ရည်မှန်းချက်ကို ရောက်အောင်သွားဖို့ပါပဲ။

အဲဒါကြောင့် ကျနော်တို့ မြန်မာနိုင်ငံရဲ့ သွားနေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ NCA လက်မှတ်ထိုးထားတဲ့ အဖွဲ့တွေက NCA အတိုင်း လမ်းကြောင်းရှိသလိုပဲ NCA လက်မှတ် မထိုးထားတဲ့သူတွေအတွက် အခြားလမ်းကြောင်းက ရှိမယ်ဆိုရင်လည်းပဲ သူတို့လည်း ရှာနိုင်ပါတယ်။ NCA လမ်းကြောင်း အတိုင်းပဲ လာချင်တယ်ဆိုလည်းပဲ လာနိုင်ပါတယ်။ အခြားလမ်းကြောင်းတွေရှိမယ်ဆိုရင်လည်း ကြိုးစားထိုးဖောက်ပြီး အတူတကွ ညှိနှိုင်းကြမယ်။ အတူတကွ သွားကြမယ်ဆိုရင် ဒါက ငြိမ်းချမ်းရေး လုပ်ငန်းစဉ် (Process) ရဲ့ အဓိပ္ပါယ်ပဲလို့ အဲလို ပြောနိုင်ပါတယ်။ သူတို့(NCA မထိုးတဲ့အဖွဲ့)နဲ့ နိုင်ငံတော်အစိုးရတို့ကြားမှာ တွေ့ဆုံမှုတွေက ရှိပါတယ်။ ကျနော်တို့ဘက်ကလည်းပဲ အကြိမ်ကြိမ်တွေ့ဆုံ ဆွေးနွေးမှုတွေက ရှိပါတယ်။

ဒီအစည်းအဝေးကနေပြီးတော့ ခွဲထွက်ရေး၊ ခွဲမထွက်ရေးကိစ္စနဲ့ တစ်ခုတည်းသော တပ်မတော်ကိစ္စတို့ကို KNU ရဲ့ ရပ်တည်ချက်က ဘယ်လိုထွက်လာသလဲ။

ကျနော်တို့ရဲ့ ရပ်တည်ချက်ကတော့ ဒီမခွဲထွက်ရေးကိစ္စက အပြင်ကနေ ဝင်လာတာပဲ ဖြစ်ပါတယ်။ အဲဒါကြောင့် NCA စာချုပ်အပေါ်မှာပဲ ကျနော်တို့ သဘောတူထားခဲ့တဲ့အတိုင်းပါပဲ၊ ကျနော်တို့ အရင်ဆွေးနွေးရပါမယ်။ ကျနော်တို့ ဥက္ကဋ္ဌကြီးကိုယ်တိုင်ကလည်းပဲ အစည်းအဝေးမှာ ပြောကြားသွားတာက အဲဒီကိစ္စက NCA နဲ့ သက်ဆိုင်ခြင်းမရှိတဲ့အတွက် ကျနော်တို့က NCA နဲ့ သက်ဆိုင်တဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ် Principle (အခြေခံမူ) တွေကိုပဲ ဆွေးနွေးတာပဲ ကောင်းပါတယ်ဆိုတာ သဘောထားက ဖော်ပြထားပြီးသား ဖြစ်ပါတယ်။ ကျနော်တို့ကလည်းပဲ အဲလိုပဲ ရပ်တည်နေပါတယ်။

တစ်ခုတည်းသော တပ်မတော်ဆိုတဲ့ကိစ္စကို ပြန်ကြည့်မယ်ဆိုရင်

တဘက်စာမျက်နှာသို့

> **မြန်မာအစိုးရနဲ့ မြန်မာတပ်မတော် ဘက်ကလည်းပဲ NCA အတိုင်း ရပ်တည်မယ်ဆိုရင် လမ်းကြောင်းက တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ် ...**

ဝါသနာပါတဲ့ အားကစားကို လေ့လာသင်ယူရင်းနဲ့မှ သူ့ရဲ့ကြိုးစား အားထုတ်မှုတွေကြောင့် ကရင်လူမျိုး၊ ကရင်လူငယ်တွေအတွက် အုတ်တစ်ချပ် သဲတစ်ပွင့်အနေနဲ့ ဂုဏ်ဆောင်နိုင်ခဲ့သူ။

သူကတော့ စသူလိုင်လို့ခေါ်တဲ့ မြစ်ဝကျွန်းပေါ်က ကရင်လူငယ်လေး ဖြစ်ပါတယ်။ စသူလိုင်ဟာဆိုရင် ၂၀၁၈ ခုနှစ်၊ ၄၅ ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ ၆၀ ကီလိုတန်းမှာ ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြုအနေနဲ့ ဝင်ရောက်ယှဉ်ပြိုင်ရာမှာ ရွှေတံဆိပ် ပထမဆုကို ရရှိခဲ့သူတစ်ဦး ဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ် ကျူတော့အုပ်စု ဖူလာကျေးရွာဇာတိဖြစ်ပြီးတော့ အဖ မန်းဝင်းတင် (ခ) မန်းဘလန်နှင့် အမိ ဂျဲလယ်စေးတို့က မွေးဖွားပြီး မွေးချင်းမောင်နှမ သုံးဦးအနက် အငယ်ဆုံးသား ဖြစ်တဲ့အပြင် ဆွေမျိုးအသိုင်းအဝိုင်းများထဲမှာ သူတစ်ဦးသာ ကာယဗလအားကစားကို စိတ်ပါဝင်စားသူ ဖြစ်ပါတယ်။

'တက္ကသိုလ် စအပ်တော့ ဌာနမှူးဆရာမကြီးက အားကစားတွေမှာ လည်း ပါဝင်ရမယ်လို့ ပြောတယ်။ ကျနော်က ကြည့်လိုက်တော့ ကာယဗလ အားကစားကိုတွေ့တော့ ဒါလုပ်မယ် ပြောလိုက်တယ်။ အဲ့တုန်းက ပေါင် ၁၀၀ တောင် မပြည့်ဘူး။ ပေါင် ၁၀၀ တောင် မရှိတဲ့ သူဆိုတော့ ဆရာမအနေနဲ့ အားတော့မရှိဘူးပေါ့။ ဒါပေမယ့် ကြိုးစားရင် ဖြစ်နိုင်ပါသေးတယ်တဲ့။ အဲ့လိုပြောတော့ စိတ်ထဲမှာ တမျိုးကြီး ဖြစ်သွားတယ်။ လေ့ကျင့်ရင်တော့ ဖြစ်နိုင်ပါတယ်ဆိုတော့ ငါ လေ့ကျင့်မယ် ဆိုပြီးတော့ လုပ်ဖြစ်သွားတာပေါ့နော်။'

ဒီလိုစိတ်ဓာတ်အခံလေးရှိတဲ့ စသူလိုင်ဟာ ကာယဗလအားကစားကို ကျန်းမာရေးအရရော၊ ခန္ဓာကိုယ်အချိုးအစား လှပပြေပြစ်ဖို့အတွက်ပါ ကြိုးစားလေ့ကျင့်သင်ယူရင်းနဲ့ပဲ ဒီအားကစားလောကထဲကို စတင် ဝင်ရောက်လာခဲ့တာ ဖြစ်သလို ကြိုးစားအားထုတ်မှုတွေကြောင့်လည်း သူ့ရဲ့ပထမခြေလှမ်းဟာ ဒီအားကစားလမ်းကြောင်းကို ဆက်လျှောက် ဖို့အတွက် အားအင်ဖြစ်စေခဲ့ပါတယ်။

'၂၀၁၃ ခုနှစ်မှာ စပြိုးတော့ ကျောင်းပွဲတွေမှာ ဝင်ပြိုင်တယ်။ ၂၀၁၅ ခုနှစ်လောက်မှာ အတွေ့အကြုံရအောင် တိုင်း ကိုယ်စားပြုအနေနဲ့ စပြိုင် ခိုင်းတယ်။ အဲ့မှာ ပထမဆုံး အတွေ့အကြုံပေါ့။ အဲ့တုန်းက ကိုယ့်ခန္ဓာ ကိုယ်က ဘာမှမဟုတ်သေးဘူး။ သူတို့က အကြီးကြီးတွေ ခန္ဓာကိုယ် လှတယ်။ အဲ့အချိန်မှာ ကိုယ်က အဲ့လိုမဖြစ်သေးတော့ အားကျနေရ တာပေါ့။ အတုယူဖို့ ကောင်းတာပေါ့။ ကာယဗလဆိုတာ ဒီလိုမျိုးလား ပေါ့။'

သူဟာ တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးနောက် ရက္ခဓေဒ ဘာသာ ရပ်နဲ့ ဟင်္သာတတက္ကသိုလ်မှာ ပညာဆည်းပူးရင်း ကျောင်းက ပြုလုပ်တဲ့ ကာယဗလ ကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာမှာ ဆုတွေရခဲ့သလို ၂၀၁၇ ခုနှစ်မှာလည်း ဧရာဝတီတိုင်း ကိုယ်စားပြုအနေနဲ့ ၆၅ ကီလိုတန်းမှာ တတိယဆုကို ဆွတ်ခူးရရှိခဲ့ပြန်ပါတယ်။

သူ့ရဲ့ ပထမလက်ဦးဆရာကတော့ ဆရာဘမ်ဒိန်းဖြစ်ပြီးတော့ ပြိုင်ပွဲစတင် ဝင်ရောက်ယှဉ်ပြိုင်ကတည်းက သုံးနှစ်လောက် ဆရာနဲ့ အတူ လက်ပွန်းတတီး ကာယဗလ ကြံ့ခိုင်မှုပညာကို လေ့ကျင့်သင်ယူ ခဲ့တာလည်း ဖြစ်ပါတယ်။ ကာယဗလ ကြံ့ခိုင်မှု အားကစားမှာတော့ အစားအသောက်ပိုင်း၊ လေ့ကျင့်ရေးအပိုင်းနဲ့ အနားယူရတဲ့အပိုင်း ဆိုပြီး အဲဒီသုံးမျိုးကို အထူးပြုရတဲ့ အားကစားဖြစ်တယ်လို့ သိရပါတယ်။

ဟင်္သာတ တက္ကသိုလ်မှာ ရက္ခဓေဒဘာသာရပ်နဲ့ ဘွဲ့ရရှိလာခဲ့တဲ့ စသူလိုင်ဟာ ၄ တန်ပျော၊ ပီလောပီနံ စတဲ့ ခြံစိုက်ပျိုးတဲ့ မိသားစုကနေ ကြီးပြင်းလာသူဖြစ်ပြီး ကာယဗလ အားကစားလိုင်းကို ရွေးချယ်တဲ့ နေရာမှာလည်း အခက်အခဲတွေ၊ ဖိအားတွေ၊ စိတ်ညစ်စရာတွေ ရှိခဲ့ပါ တယ်။ ဒီလိုအခက်အခဲတွေ ရှိခဲ့ပေမယ့် မိဘတွေကတော့ သူလျှောက် လှမ်းနေတဲ့ ဒီလမ်းကြောင်းပေါ်မှာ ဖေးမ အားပေးမှုတွေရှိခဲ့တယ်လို့လည်း သူက ဆိုပါတယ်။

'ဒီအားကစားကို ရွေးချယ်လိုက်တဲ့အပေါ်မှာလည်း ကိုယ့်ကိုယ်ကို အားရကျေနပ်မှု ရှိတယ်။ ဘာကြောင့်လဲဆိုတော့ ကိုယ်တိုင်ကလည်း ဝါသနာပါတာဖြစ်တဲ့အတွက် တစ်ခါတစ်လေ အခက်အခဲတွေ၊ စိတ် ဓာတ်ကျတာတွေရှိပေမယ့်လည်း မိဘတွေရဲ့ အားပေးမှုတွေကနေ စိတ်ဓာတ်ခွန်အားရတယ်။ အိမ်ကတော့ ငွေရေးကြေးရေးကို အတာတ်နိုင် ဆုံးတော့ ထောက်ပံ့ပေးတယ်။ အဓိကကတော့ စိတ်ဓာတ်ပိုင်းဆိုင်ရာ ပိုအားပေးတယ်။ ပြိုင်ပွဲတွေသွားရင် နိုင်တဲ့အခါရှိသလို ရှုံးတဲ့အခါ အားငယ်မှာစိုးလို့ အမြဲအားပေးတယ်။ ဒီတစ်ခါ မနိုင်ရင် နောက်တစ်ခါ နိုင်မှာပေါ့။ ကန့်ကွက်တာမျိုးတော့ မရှိဘူး'လို့ စသူလိုင်က ပြော ပါတယ်။

ကျောင်းနေဘက်သူငယ်ချင်းတွေထဲမှာ တချို့ဆို သက်ဆိုင်ရာ နယ် ပယ်အသီးသီးက လုပ်ငန်းခွင်တွေမှာ ဝင်ရောက် အလုပ်လုပ်ကိုင် နေကြ ပေမယ့် ဘွဲ့ရလူငယ် စသူလိုင်ကတော့ တခြားအလုပ်တွေထက် သူ ဝါသနာပါရာ လမ်းကြောင်းပေါ်မှာပဲ တစိုက်မတ်မတ် လျှောက်လှမ်းနေ ဆဲပါ။ လက်ရှိမှာတော့ သူဝါသနာပါတဲ့ အလုပ်နဲ့ ဟင်္သာတမြို့မှာ ဖွင့် လှစ်ထားတဲ့ RUN GYM Fitness မှာ နည်းပြအဖြစ်နဲ့ သူတတ်မြောက် ထားတဲ့ ကာယဗလအားကစားကို မျှဝေသင်ကြားပေးနေရင်း ဘဝကို လျှောက်လှမ်းနေဆဲပါ။

အသက် ၂၄ နှစ်အရွယ် စသူလိုင်က ဒီအားကစားနဲ့ ပတ်သက်လို့ သူ့ရည်မှန်းချက်တွေ ရှိနေသလို သူ ရွေးချယ်ထားတဲ့လမ်းပေါ် လျှောက် လှမ်းနေရတာကိုက ဂုဏ်ယူစရာတစ်ခုလို့ သူ့အနေနဲ့ မှတ်ယူထားသူ ပါ။

'အဓိက ကျနော်တို့ ကရင်လူမျိုးထဲမှာ ဒီအားကစားလုပ်တဲ့ လူက ရှိတော့ရှိတယ် ရှားတယ်။ တခြားလောက တခြား အားကစားမှာကျတော့ ထူးချွန်တဲ့သူတွေ ရှိတယ်။ ဒီအားကစားကျတော့ စိတ်ဝင်စားတဲ့သူလည်း နည်းတဲ့အခါကျတော့ သိပ်မလုပ်ဖြစ်ကြဘူး။ ကိုယ်က ကရင်လူမျိုး ဖြစ်တဲ့အတွက် ကိုယ့်နိုင်ငံထဲမှာမှ ဒီကာယဗလမောင်က ကရင်လူမျိုး ဖြစ်တယ်ဆိုတာကိုလည်း ကျနပ်တယ်ပေါ့။ အဲ့ဂုဏ်လေးကိုလည်း အ ရမ်းသဘောကျတဲ့အတွက်ကြောင့် မို့လို့ ကိုယ့်လူမျိုးအတွက်လည်း တတ်နိုင်တဲ့ဘက်ကနေ လုပ်ဆောင်သွားနိုင်မယ်လို့လည်း ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိတယ်'လို့ ပြောလိုက်ပါသေးတယ်။

ကရင်လူမျိုးတွေဟာ မြန်မာနိုင်ငံရဲ့ နေရာဒေသအသီးသီး၊ နယ်ပယ် အသီးသီးမှာ နေထိုင်နေကြသူတွေဖြစ်ပြီး ကျရာနေရာနဲ့ ဝါသနာပါရာကို လုပ်ကိုင်ရင်းနဲ့ပဲ အောင်မြင်သွားသူတွေ၊ ကျရှုံးသွားသူတွေရှိသလို အခက်အခဲကြားက ဆက်လျှောက်နေဆဲတွေလည်း ဒုနဲ့ဒေးပါပဲ။

ဒီအထဲက တစ်ဦးဖြစ်တဲ့ စသူလိုင်ကတော့ 'ကျနော့်အနေနဲ့ အဖက် ဖက်ကနေ ကိုယ့်လူမျိုးအကျိုး၊ တိုင်းပြည်အကျိုးတွေကို တတ်နိုင်တဲ့ အနေထားကနေ လုပ်ဆောင်ကြမယ်ဆိုရင် အားလုံးက အဆင်ပြေသွား မယ်လို့ထင်တယ်။ စာပေတတ်တဲ့သူက စာပေ၊ အနုပညာလုပ်တဲ့သူက အနုပညာနဲ့ အားကစား ထူးချွန်သူတွေကလည်း အားကစား၊ ဝိုင်းဝန်း ပြီးတော့ အဖက်ဖက်က တတ်နိုင်တဲ့ တစ်ဒေါင့်တစ်နေရာကနေပြီးတော့ အားလုံး စည်းစည်းလုံးလုံးနဲ့ စုပေါင်းဆောင်ရွက်ပေးကြမယ်ဆိုရင် ရှေ့ဆက် အခြေတမ်း အောင်မြင်မှုတွေ ရလာမှာပါ'လို့ ပြောပါတယ်။

ကရင်လူမျိုး လူငယ်လေးတွေအတွက် သူ့ရဲ့ အားထုတ်ကြိုးစားမှု တွေအပေါ် အားကျအတုယူစရာအဖြစ် တင်ပြရင်း ကာယဗလမောင် စသူလိုင် တစ်ယောက် ရှေ့ဆက်မယ့် အနာဂတ်ခရီးမှာ ဒီထက်မကသော အောင်မြင်မှုတွေနဲ့ အမျိုးဂုဏ်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်သူတစ်ဦး ဖြစ်ပါစေ ကြောင်း ... ။

လူငယ်များ၏ စကားလက်ဆောင်

ကိုယ်ကာယ ကြံ့ခိုင်မှု အားကစားကို ရွေးချယ်ရင်းနဲ့ပဲ ကာယဗလမောင် ဖြစ်လာတဲ့ ကရင်လူငယ်လေးတစ်ယောက်

▶ တဘက်စာမျက်နှာမှ

ဒီလုံခြုံရေးဆိုင်ရာကိစ္စဆို ကျနော်တို့ တိုင်းပြည်ကို ဘယ်လို ဖက်ဒရယ် တိုင်းပြည်မျိုးကို တည်ဆောက်သွားကြမလဲဆိုတဲ့ ကိစ္စကိုတောင်မှ ကျနော်တို့ လမ်းကြောင်းရှာလို့ မတွေ့သေးဘူး။ တစ်ခုတည်းသော တပ်မတော်ကိစ္စဖြစ်စေ၊ လုံခြုံရေးဆိုင်ရာ ကိစ္စတွေဟာ နိုင်ငံရေး တွေ့ဆုံ ဆွေးနွေးမှုက ထွက်ပေါ်လာတဲ့အဖြေတွေအပေါ်မှာပဲ မူတည်ပါတယ်။ အဲဒါမှ ကျနော်တို့ စဉ်းစားလို့ရမယ်။ အဲဒါကြောင့် ဒီကိစ္စတွေက တစ်ဆင့်ချင်းသွားရမှာ ဖြစ်ပါတယ်။

KNUကပြိမ်းချမ်းရေးတွေ့ဆုံမှုမှာ ယာယီရပ်စဲထားတဲ့အပေါ်ရှေ့ဆက် ဘယ်လို ဆက်သွားကြမလဲ။ မိမိအဖွဲ့အစည်းအတွင်းကော ဘာတွေ ဆက်လုပ်ဖို့ရှိလဲ။

ကျနော်တို့ KNU အဖွဲ့တွင်းမှာ အခုသွားနေတဲ့ ငြိမ်းချမ်းရေး ဖြစ်စဉ်အပေါ်မှာ ကြိုတင်ပြင်ဆင်မှုတွေရှိရပါမယ်။ ကျနော်တို့ဘယ်လို ဖက်ဒရယ်ပုံစံမျိုးကို လိုလားသလဲ၊ ဘယ်လို ဒီမိုကရေစီမျိုးကို လိုလား သလဲဆိုတာ NCA အရ ကျနော်တို့ မဖြစ်မနေကို ကြိုတင်ပြင်ဆင်ရပါ မယ်။

ဘာကြောင့်လဲဆိုတော့ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ထဲမှာ အခွင့်အရေး ရပြီးတော့ KNU အတွက် ဝင်ရောက်ပူးပေါင်းလုပ်ဆောင်မှုအပိုင်းမှာ ကိုယ်စားလှယ်အနေနဲ့က နှစ်ယောက်သုံးယောက် အဲလောက်ပဲရှိပါတယ်။ အဲဒီလူတွေက အစည်းအဝေးကို အကြိမ်ကြိမ်သွားပြီးတော့ ပြန်လည် ရှင်းလင်းမှု လုပ်ဆောင်တဲ့အခါမှာ အချိန်မရှိဘူးဆိုတာ ပြောနိုင်ပါတယ်။ အဲဒါကြောင့် အဲဒီအပိုင်းမှာ ကျနော်လို့ လုပ်ဆောင်သွားရမယ်။ ပြီးတော့ အစိုးရနဲ့ Informal အစည်းအဝေးတွေကိုလည်း လုပ်ရပါမယ်။

ပြည်သူလူထုတွေကို ဘာသတင်းစကား ပေးချင်ပါသလဲ။

ပြည်သူတွေ ကျနော်တို့ အခြေအနေ အဖြစ်အမှန်အတိုင်းကို နားလည်ရပါမယ်။ အဲဒါကြောင့် ကျနော်နားလည်အောင် ပြောချင်တာက ကျနော်တို့အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးတာက အပစ်အခတ် ရပ်စဲတဲ့အဆင့်ပဲ ဖြစ်ပါတယ်။ နိုင်ငံရေးအဖြေတစ်ခုမှ ထွက်ပေါ်လာ တာ မရှိသေးပါဘူး။ အပစ်အခတ်ရပ်စဲရေး အဆင့်တစ်ဆင့်ဖြစ်တဲ့အညီ တိုက်ပွဲတွေ ငြိမ်သွားအောင် ကျနော်တို့ ကြိုးပမ်းလုပ်ဆောင်နေပါတယ်။ ပြီးတော့ နိုင်ငံရေး အဖြေထွက်ပေါ်လာဖို့ ကျနော်တို့ကြိုးစားနေပါ တယ်။

ဒုတိယအချက်အနေနဲ့ ကျနော်တို့ ပြောချင်တာကတော့ ကျနော်တို့ သွားနေတဲ့ နိုင်ငံရေးဖြစ်စဉ် တစ်ခုအပေါ်မှာ ကျနော်တို့ တွေ့ဆုံဆွေးနွေးမှု အပေါ်မှာပဲ ဆွေးနွေးအဖြေရှာရမယ် ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် တွေ့ဆုံဆွေးနွေးကြပြီး နိုင်ငံရေးဆိုင်ရာ အဖြေရှာနိုင်ဖို့က သက်ဆိုင်ရာ ပါဝင်သူ ခေါင်းဆောင်တွေဖြစ်ကြတဲ့ တိုင်းရင်းသားတွေဖြစ်စေ၊ နိုင်ငံ တော်အစိုးရဖြစ်စေ၊ မြန်မာ့တပ်မတော်ဖြစ်စေ နိုင်ငံရေးအရ တွေ့ဆုံ ဆွေးနွေးအဖြေရှာဖို့ ဆန္ဒသဘောထားရှိဖို့ လိုအပ်ပါတယ်။

အဲဒါကြောင့် ကျနော်ပြောချင်တာက ကျနော်တို့ KNU ကတော့ ခိုင်ခိုင်မာမာ ရပ်တည်နေပါတယ်။ NCA စာချုပ် လက်မှတ်ထိုးထား တာနဲ့အညီ NCA အတိုင်းကို ကျနော်တို့ ဖြောင့်မတ်စွာ လျှောက်လှမ်း သွားမယ်။ မြန်မာအစိုးရနဲ့ မြန်မာတပ်မတော်ဘက်ကလည်းပဲ NCA အတိုင်း တည့်မတ်စွာ ရပ်တည်မယ်ဆိုရင် ကျနော်တို့သွားနေတဲ့ လမ်းကြောင်းက တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ကောင်းမွန်လာမှာ ဖြစ် ပါတယ်။ အဲဒါကြောင့် ကျနော်တို့ ပညာရှင်တွေဖြစ်စေ၊ ပြည်သူတွေ ပြည်တွင်း၊ ပြည်ပ၊ နယ်စပ်တွေမှာဖြစ်စေ အားလုံး သူ့ကဏ္ဍနဲ့သူ ခြေလှမ်းတစ်ခုကိုကျနော်တို့ အတူတကွ လျှောက်လှမ်းမယ်ဆိုရင်၊ ကျနော်တို့ အတူတကွ ရပ်တည်ပြီး အတူတကွ ညီညီညွတ်ညွတ်နဲ့ သွားဖို့က အရေးကြီးဆုံးဖြစ်ပါတယ်။

ကရင်ပြည်နယ်အတွင်း လုပ်ဆောင်နေသည့်

မိုင်းအာသိပညာပေးလုပ်ငန်း

နှင့် လုပ်ဆောင်ရန် ကြိုးပမ်းနေဆဲဖြစ်သည့်

မိုင်းရှင်းလင်းရေးလုပ်ငန်း

အခြေအနေများအား လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကရင်ပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန၏ ပြည်နယ်ဦးစီးမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းအား တွေ့ဆုံမေးမြန်းထားခြင်း ဖြစ်ပါသည်။

မိုင်းလုပ်ငန်းစဉ်အကျဉ်း

မိုင်းနဲ့ပတ်သက်ပြီးတော့မှ လုပ်ငန်းစဉ်တွေ ကျနော်တို့ဌာနက တာဝန်ယူထားတဲ့ သမိုင်းကြောင်းနည်းနည်းလေး ပြောပြချင်ပါတယ်။ ပထမဦးစွာ ကျနော်တို့ဌာနက လုပ်ငန်းစဉ်တွေထဲမှာ မသန်စွမ်းတဲ့သူတွေကို ကူညီထောက်ပံ့ပေးတဲ့ လုပ်ငန်းစဉ်တစ်ခု ပါတယ်။ နောက်တစ်ခုကတော့ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးတစ်ခုနဲ့ ရှေ့ဆက်ပြီးတော့မှ လူမှုဝန်ထမ်းနဲ့ ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ဒီမိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းတွေ လုပ်ခဲ့ရတာပေါ့။

အဲဒါတွေကို ၂၀၁၂ ခုနှစ်ကနေစပြီးတော့မှ ပြည်ထောင်စုအဆင့်မှာ လူမှုဝန်ထမ်းနဲ့ ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌအနေနဲ့ ကျန်တဲ့ ကာကွယ်ရေးဝန်ကြီးဌာနတွေ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန စသဖြင့် ဝန်ကြီးဌာန ဆက်စပ် ဝန်ကြီးဌာနပေါင်းစုံနဲ့ ကျနော်တို့ဝန်ကြီးဌာနတစ်ရပ် ဖွဲ့ပါတယ်။ ပြည်ထောင်စုအဆင့်မှာ။ အဲဒီအဖွဲ့ကိုဖွဲ့ပြီးတော့မှ မိုင်းအန္တရာယ်အသိပညာပေးကော်မတီကို ပြည်နယ်/တိုင်းတွေမှာ မိုင်းအန္တရာယ် အထူးသဖြင့် ခံစားရတဲ့နေရာတွေပေါ့။ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ် ပါတာပေါ့။ ပြီးရင် ပဲခူးအရှေ့ခြမ်း အဲဒီမှာ မိုင်းအန္တရာယ်ဖြစ်စဉ် နည်းနည်းလေးရှိခဲ့တာကြောင့် ဦးစားပေးပြီးတော့ ကော်မတီကို ဖွဲ့ခဲ့တာ ဖြစ်တယ်။

ဖွဲ့ပြီးတဲ့အခါမှာ လူမှုဝန်ထမ်းဦးစီးဌာနကနေပြီးမှ ကမ္ဘာပေါ်က မိုင်းဖြစ်စဉ်ကို ပြန်ကြည့်လိုက်တဲ့အခါမှာ ကလေးသူငယ်တွေက မိုင်းတွေ ဆော့ကစားတယ်။ ဘာမှမသိဘူး။ တွေ့ရင် ထုရိုက်ပစ်တာတို့၊ မီးထဲပစ်ထည့်တာတို့၊ လွှဲနဲ့ တိုက်ဖျက်တာတို့ ဒီလိုသဘောနဲ့လုပ်ပြီး ဆော့စရာလို့ ထင်နေကြတယ်။ ဆော့ကစားရင်းနဲ့ ထိခိုက်မှုတွေဟာများတယ်။ ဒါတွေကိုလည်း ယူနီဆက်အဖွဲ့အစည်းက သုတေသနပြုလုပ်ပြီးမှ ဖြစ်စဉ်မှာ ကလေးတွေပါတာ များပါတယ်ဆိုပြီးတော့မှ ကလေးအခွင့်အရေးကို ဦးစားပေးလုပ်နေတဲ့ ကျနော်တို့ လူမှုဝန်ထမ်းဦးစီးဌာနက ဒါကို အဓိကတာဝန်ကြီးတစ်ရပ်နဲ့ အခုဆောင်ရွက်တာပေါ့။

နောက်တစ်ခုက မသန်စွမ်းသူများကို ကူညီပေးရေး ခေါင်းစဉ်ကလည်း ရှိတဲ့အခါကျတော့ မိုင်းဖြစ်စဉ်ထိခိုက်မှု တော်တော်များများကတော့ မိုင်းထိပြီးဆိုရင် အသက်ဆုံးပါးတယ်။ နောက်ပြီးတော့ ခန္ဓာကိုယ်ထိခိုက်ဆုံးရှုံးမှုတွေ ဖြစ်တယ်။ အဲဒီတော့ မသန်စွမ်းတဲ့အထဲမှာ ခန္ဓာကိုယ် မသန်စွမ်းမှုတွေ ဖြစ်သွားတာပေါ့။ မျက်စိကွယ်သွားတာတို့၊ ခြေထောက်တွေ လက်တွေ ပြတ်တောက်သွားတာတို့ပေါ့။ အဲဒါမျိုးတွေဖြစ်တာများတဲ့အတွက်ကြောင့်မို့ ကျနော်တို့က မသန်စွမ်းသူတွေကို ကူညီပေးတဲ့ လုပ်ငန်းတစ်ရပ်အနေနဲ့ ဆက်စပ်ထားတာပေါ့။

ကရင်ပြည်နယ်အတွင်း မိုင်းရှင်းလင်းရေးနဲ့ ပတ်သက်ပြီး လုပ်ဆောင်မယ့် လုပ်ငန်းစဉ်တွေနဲ့ လုပ်ငန်းဖော်ဆောင်မှု ဘယ်လိုအခြေအနေမှာ ရှိနေပြီလဲ ဆိုတာ သိပါရစေ။

ကျနော်တို့ လူမှုဝန်ထမ်းဦးစီးဌာနက မိုင်းအန္တရာယ် အသိပညာပေး လုပ်ငန်းတွေရယ်၊ ကျနော်တို့ ကရင်ပြည်နယ်မှာတော့ မကြာခင်မှာ ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့အတူ မိုင်းရှင်းလင်းရေးလုပ်ငန်း အစီအစဉ်တွေလည်း လုပ်သွားဖို့ ကျနော်တို့ ပြည်ထောင်စု ခွင့်ပြုချက်တွေလည်း ရထားပြီ။ ပြည်နယ်အစိုးရရယ်၊ တပ်မတော်ရယ်၊ ငြိမ်းချမ်းရေး အဖွဲ့အစည်းတွေရယ် ပူးပေါင်းပြီးတော့မှ ဦးစားပေးနေရာကတော့ ဒီမြို့ကြီးကို လုပ်ငန်းတွေ လုပ်ဖို့လည်း ပြည်နယ်အစိုးရက သတ်မှတ်ထားပြီးပြီ။ အဲဒီအတွက်ကိုလည်း လုပ်ရတဲ့အကြောင်းရင်းရှိတယ်။

ပထမအဆင့် ကျနော်တို့ကရင်ပြည်နယ်မှာ ကျနော်တို့တိုင်းရင်းသားတွေအချင်းချင်း ပဋိပက္ခတွေဖြစ်တဲ့အခါမှာ မြို့ကြီးငူဒေသမှာ တိုက်ပွဲရောင်လာတဲ့ ကျနော်တို့ ညီအစ်ကို မောင်နှမတွေ ရှိတယ်လေ။ သူတို့ရဲ့ ရပ်တွေရွာတွေကို ပြန်ချင်ကြတယ်။ သူတို့လည်း အကြောင်းမျိုးမျိုးနဲ့ မြို့ကြီးငူဆရာတော်ရဲ့ မေတ္တာရိပ်မှာ ခိုလှုံနေကြတာ၊ ပြန်ချင်နေကြပြီ။ အဲလို ပြန်ဖို့အတွက်ကို ကျနော်တို့ သူတို့ရဲ့အိမ်တွေ၊ ခြံတွေ၊ စိုက်ပျိုးရေးခြံတွေ၊ ဥယျာဉ်ခြံမြေ ရွာတွေမှာ အန္တရာယ်ကင်းကင်းနဲ့ အသက်မွေးဝမ်းကြောင်းတွေ ပြန်ရိုင်ဖို့ ဆိုပြီးတော့မှ လုပ်ပေးရမယ့် တာဝန်က ကျနော်တို့ နိုင်ငံတော်အစိုးရမှာ တာဝန်ရှိတယ်။ ဒီအတွက်လည်း နိုင်ငံတော်အစိုးရက သူတို့လည်းပြန်လို့ရအောင် အန္တရာယ်ကင်းသော လူ့အသိုင်းအဝိုင်းဖြစ်အောင် ဝိုင်းလုပ်ပေးမှာပေါ့။ အဲဒီအတွက်လည်း ကျနော်တင်ပြထားသလို ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်နေပါတယ်။

နောက်တစ်ခုက မြို့ကြီးငူဒေသက ကျနော်တို့ကရင်ပြည်နယ်မှာ သဘာဝဓရီးသွားအတွက် အရမ်းလှပတဲ့ နေရာလေးတွေ ရှိနေပါတယ်။ တော်တာ်များများလည်း ပြည်သူတွေကြားမှာ ကျယ်ကျယ်ပြန့်ပြန့် သိနေကြပြီပေါ့နော်။ ခရီးသွားတွေကလည်း လာချင်နေကြတယ်။ အဲလို လာလို့ရှိရင် ပြည်သူ၊ ဧည့်သည်အားလုံး အန္တရာယ်ကင်းဖို့အတွက် ကျနော်တို့မှာ တာဝန်ရှိတယ်။ အဲဒီအတွက်ကြောင့်မို့ ကျနော်တို့က ဒီဒေသတစ်ခုလုံးကို ဦးစားပေးတဲ့အနေနဲ့ နိုင်ငံတကာ အဖွဲ့အစည်းတွေဖြစ်တဲ့ THE HALO Trust, MAG, MPA တို့ဆိုတဲ့ NGO အဖွဲ့စည်းတွေနဲ့ အစိုးရတို့ တပ်မတော်တို့ ငြိမ်းချမ်းရေးအဖွဲ့တို့ ပူးပေါင်းပြီးတော့ အဲဒီနေရာကို အရင်ဦးဆုံး မိုင်းရှင်းလင်းရေးအနေနဲ့ ဦးစားပေးဖို့ နိုင်ငံတော်အစိုးရက မူဝါဒတွေ ချမှတ်ထားတာရှိတယ်။

အဲဒီအဖွဲ့အစည်းတွေလည်း ကျနော်တို့ ကရင်ပြည်နယ်မှာ ရုံးဖွင့်ထားပြီးတော့မှ၊ လူတွေခန့်ထားပြီးတော့မှ သင်တန်းတွေပေးတာတွေ ရှိတယ်။ မကြာခင်မှာ မိုင်းရှင်းလင်းရေးလုပ်ငန်းတွေ လုပ်ပြီးရင် ခရီးသွားဧည့်သည်တွေ များများလာနိုင်မယ်။ လာလို့ရှိရင် ကျနော်တို့ ဒေသခံတွေကနေပြီးတော့မှ အလုပ်အကိုင် အခွင့်အလမ်းတွေ၊ ဝင်ငွေတွေ ရမယ်။ ဒေသဖွံ့ဖြိုးမှုလည်း အခုထက် ပိုကောင်းသွားမယ်။ ရည်ရွယ်ချက်က ၂ ချက်နဲ့ မြို့ကြီးငူဒေသကို ဦးစားပေးမယ်ဆိုပြီး ရွေးချယ်ထားတာပေါ့။

မြို့ကြီးငူ အနီးတစ်ဝိုက် ကျေးရွာပေါင်း ၃၀ ရွာမှာ မိုင်းရှင်းလင်းရေး ဦးစားပေး လုပ်ဖို့အရင်နှစ်ကတည်းက ပြောထားတာ ရှိတယ်။ အခုထိ မလုပ်နိုင်သေးဘူး ဆိုတော့ ဘာအခက်အခဲတွေ ရှိနေပါသလဲ။

အဓိကအခက်အခဲကတော့ နည်းပညာနဲ့ ငွေကြေးမဟုတ်ဘူး။ ကျနော်တို့ ဒေသအခြေအနေဘဲ အဲဒီဒေသမှာ တချို့ အဖွဲ့အစည်းတွေက နည်းနည်း ပူးပေါင်းပါဝင်မှု အားနည်းသေးတာ ရှိတယ်။ မိုင်းရှင်းလင်းရေး မလုပ်ခင်မှာ နည်းပညာပါသော စူးစမ်းလေ့လာခြင်းနဲ့ နည်းပညာမပါသော စူးစမ်းလေ့လာခြင်း နှစ်မျိုးရှိတယ်။ အဲလိုလုပ်ဖို့အတွက်ကို နိုင်ငံတော်၊ ပြည်နယ် အစိုးရကော ခွင့်ပြုထားပြီးပြီ။ ခွင့်ပြုပြီးတဲ့အချိန်မှာပဲ ပြီးခဲ့တဲ့ သင်္ကြန်ကာလက မြို့ကြီးငူဒေသမှာ အခြေအနေလေး နည်းနည်းလေး ထူးလာတော့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးကြီးက အခြေအနေလေး အေးတဲ့အထိ ခဏပြန်ဆိုင်းထားဖို့ ကျနော့်ကို ပြန်စောင့်ခိုင်းတယ်။ ကျန်တာတော့ အခက်အခဲမရှိပါဘူး၊ အကုန်လုံးက မီးစိမ်းပြထားပြီးပါပြီ။

ကရင်ပြည်နယ်မှာ ကရင်လက်နက်ကိုင်အဖွဲ့လည်း များတယ်။ သူတို့ ထိန်းချုပ်ရာနယ်မြေလည်းမတူဘူး။ လောလောဆယ် မြို့ကြီးငူအနီးတဝိုက်မှာ မိုင်းရှင်းလင်းရေးလုပ်ဖို့ အဆင်သင့်မဖြစ်ရင် အခြားနေရာမှာ အရင်ပြောင်းပြီး လုပ်ဖို့ တွေကော အဲလိုမျိုး အစီအစဉ်ရှိလား။ ပြီးတော့ ညှိနှိုင်းထားတာရှိလား။

ငြိမ်းချမ်းရေးအဖွဲ့အစည်းဆီမှာတော့ ဘယ်အဖွဲ့ကနေလာပြီး မိုင်းရှင်းလင်းရေး လုပ်ပေးပါဆိုပြီး လာပြောတာ မရှိပါဘူး။ ဒါပေမယ့် တချို့အဖွဲ့အစည်းတွေကတော့ သက်ဆိုင်ရာ လူကြီးတွေကို တင်ပြတယ် ဆိုတာကတော့ ကျနော်တို့သိရတယ်။ တချို့ အဖွဲ့အစည်းတွေကတော့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသဖွံ့ဖြိုးရေး လုပ်ချင်တဲ့အခါ သူတို့လည်း သူတို့အတွေ့အကြုံနဲ့ လုပ်တာရှိတယ်။ တချို့နေရာကလည်း သူတို့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ဖို့က အရင့်အရင်က ထောင်ထားတာ ရှိလား မရှိလားဆိုတာကလည်း အကုန်မသိဘူး။ တချို့ သိတာရှိတယ်၊ မသိတာ ရှိတယ်။ အဲလိုနေရာမျိုးမှာ ရှင်းချင်တာ သူတို့ဆန္ဒရှိတာကို ကျနော်ကြားတယ်။

အကယ်၍ သူတို့ဘက်က တရားဝင် နိုင်ငံတော်အစိုးရ ပြည်နယ်အစိုးရကိုတင်ပြီးတော့မှ ပူးပေါင်းဆောင်ရွက်ဖို့ တောင်းဆိုတယ်ဆိုရင် တပ်မတော်နဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့က ဝိုင်းလုပ်ပေးဆိုရင် လုပ်ပေးမယ်။ တစ်ဖက် လိုလားချက်ပေါ် မူတည်တယ်။ သူတို့ဘက်က လိုလားလာတယ်ဆိုရင် ကျနော်တို့ဘက်က ဆင့်ကဲဆင့်ကဲ လူကြီးတွေကို တင်ပြပေးမှာ၊ ပူးပေါင်းဆောင်ရွက်ပေးမှာပါ။ ကျနော်တို့နိုင်ငံထဲမှာ လာပြီးတော့မှ ကူညီပေးဖို့ စောင့်နေတဲ့အဖွဲ့အစည်းတွေကလည်း ရှင်းပေးမယ်၊ ဝိုင်းလုပ်ပေးမယ်ဆိုရင် သူတို့အဖွဲ့က လုပ်ပေးမှာ ဖြစ်ပါတယ်။

ကျနော်တို့ကရင်ပြည်နယ်က တစ်ခြားပြည်နယ်တွေထက်စာရင် မိုင်းအန္တရာယ်နဲ့ ပတ်သက်ပြီး စိုးရိမ်ရမှုအခြေအနေ ဘယ်လောက်အတိုင်းအတာအထိ ရှိပါသလဲ။

ဒါ ပြောရတာခက်တယ်လေ။ ရှမ်းပြည်နယ်မြောက်ပိုင်းဆိုရင် အရင်တုန်းက မရှိသလောက်ပဲ။ အခုဆိုရင် ကျနော်တို့ ကရင်ပြည်နယ်ထက် ယှဉ်လိုက်ရင် ခဏခဏ မိုင်းဖြစ်စဉ်ဖြစ်တယ်။ ကျနော်တို့ပြည်နယ်ဆိုရင် တော်တော်များများ မကြားရသလောက် ဖြစ်သွားတယ်။ အဲဒါက ပြောရတာခက်တာပေါ့။

ကရင်ပြည်နယ်ထဲမှာ နှစ်စဉ် မိုင်းပေါက်ကွဲမှုဖြစ်စဉ်၊ ထိခိုက်ဒဏ်ရာ၊ သေဆုံးစတဲ့ စာရင်းအချက်အလက်တွေ ကောက်ယူထားတာ ရှိပါလား။

ရှိတော့ရှိတယ်။ လောလောဆယ် အဲဒီအချက်အလက်တွေကို ချက်ချင်းဖြေဖို့ ခက်တယ်။ တခါတလေ အဲဒီသတင်း အချက်အလက် ကျနော်တို့ဆီ မရောက်တာရှိတယ်။ ဘေးပြောလို့သိရတာ။ ဥပမာ မိုင်းထိလို့ သေဆုံးသွားတဲ့ ဖြစ်စဉ်ဆိုရင် အချက်အလက်က ကျနော်တို့ဘက် မရောက်လာတော့ဘူး။ ထိခိုက်ဒဏ်ရာရပြီး ဆေးရုံမှာ တက်ကုတာဆိုရင်တော့ ကျနော်တို့ အချက်အလက်တွေရတယ်။ အဲဒါတော့ ကျနော်တို့ မှတ်တမ်းတင်ထားတာတွေ ရှိပါတယ်။ တစ်ချို့ကျတော့ မဲဆောက်ဘက်မှာ သွားကုလိုက်တာ။ အဲလိုဆိုရင်တော့ အချက်အလက် ကျနော်တို့ မရတော့ဘူး။

မိုင်းအသိပညာပေးလုပ်ငန်းတွေ လုပ်ဆောင်နေတယ်လို့လည်း သိရတော့ ဘယ်လိုလုပ်ဆောင်နေလဲဆိုတာလေး သိပါရစေ။

မိုင်းရှင်းလင်းရေးလုပ်ငန်း မလုပ်ခင်မှာ မိုင်းအန္တရာယ်အသိပညာပေး အစီအစဉ်တစ်ခုကိုလည်း ကျနော်တို့ လူမှုဝန်ထမ်း နဲ့ ပြန်လည်နေရာချထားရေးဝန်ကြီးဌာနရယ်၊ တပ်မတော် အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးရယ် ပူးပေါင်းပြီးတော့မှ မိုင်းအန္တရာယ် အသိပညာပေး လုပ်ငန်းတွေ လုပ်တယ်။ အဓိက နည်းပညာနဲ့ ကျနော်တို့ ကူညီပေးနေတာကတော့ ယူနီဆက်ပေါ့။ ကျနော်တို့ကို နည်းပညာ အကူအညီပေးတယ်။ အဲလို နည်းပညာ ကူညီပေးပြီးတော့မှ ပညာရေးဝန်ကြီးဌာနနဲ့ ပေါင်းပြီးတော့ ကရင်ပြည်နယ်ထဲက အခြေခံပညာကျောင်းတွေက ကလေးတွေကို မိုင်းအန္တရာယ် အသိပညာပေးဖို့အတွက်က ဆရာ၊ဆရာမတွေကို ခေါ်ပြီးတော့ သင်တန်းပေးတယ်။ တစ်မြို့နယ်ကို ဆရာ၊ဆရာမ အယောက်

တဘက်စာမျက်နှာသို့ ▸

ကျော်ရဲ့နန်းဖော့အွာ ဖန်တီးရှင် စွယ်စုံ ဘရိုး

နန်းဝေဖြိုးဇာ

ရပ်နေတဲ့သူထက် လမ်းလျှောက်နေတဲ့သူက ခရီးပိုရောက်သလိုပဲ၊ ကြိုးစားတိုင်း မအောင်မြင်ပေမယ့် အောင်မြင်မှုဆိုတာ ကြိုးစားမှရမယ်ဆိုတဲ့ဆောင်ပုဒ်ကို အမြဲလက်ကိုင်ထားတဲ့ သူကတော့ လတ်တလော ကရင်တေးချစ်သူများအကြားမှာ နာမည်ကြီးနေတဲ့ **"ကျင့်ရဲ့နန်းဖော့အွာ"** ဖန်တီးရှင် တေးရေး၊ တေးဆို ကရင်အဆိုတော် **ယော်ထောင်းသောင့် (ယောဝ်ထင်းသင့်)** ခေါ် **အရိုး** ပဲ ဖြစ်ပါတယ်။

အရိုးဟာဆိုရင် လူငယ်ပိုင်းအကြိုက်ဖြစ်တဲ့ Hip-Pop အဆိုတော်တစ်ယောက်အဖြစ်နဲ့ လူသိများလာတာတင်မကပဲ တေးရေးအပိုင်းမှာလည်း တော်တော်များများ သိရှိလာကြတဲ့ အဆိုတော်တစ်ဦးလည်း ဖြစ်ပါတယ်။ အခုဆိုရင် နန်းဖော့အွာရဲ့ ဖန်တီးရှင်ဆိုပြီး ကရင်ပရိသတ်များရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားလာတဲ့သူတစ်ဦးလည်း ဖြစ်ပါတယ်။

မိဘတွေဖြစ်တဲ့ ဖူကျိန်းရိန်နဲ့ ဟုန်း(ဒေါ်)ယိုတို့ရဲ့ သားသမီး ၃ ဦးထဲက ဒုတိယမြောက်သားဖြစ်ပြီး ဖားအံ့ ဇာတိသား တစ်ယောက်လည်း ဖြစ်ပေမယ့် အနုပညာလမ်းကြောင်းပေါ်ကိုတော့ တစ်ဖက် ထိုင်းနိုင်ငံမှာ သွားရောက် အလုပ်လုပ်ကိုင်ရင်းနဲ့ စတင်ခြေလှမ်းခဲ့တဲ့ သူပါ။

'အဆိုတော်ကို အရမ်းဝါသနာပါလို့ သူများနိုင်ငံမှာ အလုပ်လုပ်ပြီး ရလာတဲ့ လခကို စတူဒီယိုခန်းမှာ သွားပေးလိုက်တယ်။ မိဘတွေကိုလည်း မပို့နိုင်တော့ဘူး။ အရင်တုန်းကလည်း တရားဝင်အလုပ်လုပ်ရတာ မဟုတ်ဘူး၊ ပတ်စ်ပို့လည်း မရှိဘူး။ ထိုင်းပုလိပ်ကိုလည်း ကြောက်ရ၊ သီချင်းကို ခိုးကြောင်ခိုးဝှက် သွားဆိုရတယ်။ MTV ရိုက်တော့လည်း တရားဝင် ရိုက်မရဘူး။ ပုန်းလျှိုးကွယ်လျှိုးနဲ့ ရိုက်ရတယ်။ ထိုင်းပုလိပ်ဖမ်းခံထိဖူးတယ်၊ တစ်ဖွဲ့လုံး၊ ဒါပေမယ့် အားလျော့ဘူး။ အားတင်းပြီး ဖြစ်အောင်လုပ်တယ်။ ကိုယ့်နိုင်ငံမဟုတ်တော့ အခက်အခဲပိုများတယ်' ဆိုပြီး သူသီချင်းစဆိုစဉ်က ကြုံတွေ့ခဲ့ရတာတွေကို ပြောပြပါတယ်။

စားဝတ်နေရေးအတွက် တစ်ဖက်နိုင်ငံမှာ အပင်းပန်းခံ သွားရောက် အလုပ်လုပ်ကိုင်ရင်းနဲ့ ငွေကြေး အနှုံးခံပြီး အနုပညာအလုပ်ကို ဆက်လက် လုပ်ကိုင်နေတဲ့ ကရင်လူငယ်တွေလည်း များစွာရှိနေဆဲပါ။ အရိုးကတော့ ငွေကြေးနောက်ခံ မတောင့်တင်းတဲ့အတွက် တစ်ဖက်နိုင်ငံမှာ သွားရောက် အလုပ်မလုပ်ခဲ့ပါက သူအနေနဲ့ အခုလို အနုပညာ အလုပ်တွေကို စတင်နိုင်ခဲ့မှာ မဟုတ်ဘူးလို့လည်း သူကပြောပါတယ်။

အရိုးရဲ့ ပထမဦးဆုံးထွက်တဲ့ သီချင်းကတော့ ၂၇၄၂ ဏိုင်းခါ (၂၇၄၂ ခုနှစ်တုန်းက)ဆိုတဲ့ Hip Pop သီချင်းပဲ ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်မှာ စတင်သီဆိုပြီး အနုပညာလမ်းကြောင်းပေါ် ခြေချခဲ့တဲ့ သူ့အနေနဲ့ အခုဆိုရင် ကိုယ်တိုင်ရေးဆို သီချင်းပေါင်း ၁၃ ပုဒ် ရှိနေခဲ့တဲ့အပြင် သီချင်းရေးတဲ့အပိုင်းမှာလည်း အခုဆို သီချင်းအပုဒ်ပေါင်း ၄၀ ကျော် ရေးခဲ့ပြီးဖြစ်တယ်လို့လည်း သိရပါတယ်။

သူရေးတဲ့သီချင်းထဲမှာတော့ လက်ရှိ ပရိသတ်ရင်ထဲ အားပေးမှုအများဆုံးသီချင်းက အဆိုတော် **လုံးမာန်** သီဆိုထားတဲ့ **ကျင့်ရဲ့နန်းဖော့အွာ** သီချင်းပဲဖြစ်ပါတယ်။ အဲဒီသီချင်းလေးကတော့ အခုဆိုကရင်ပြည်နယ်အပြင် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း ပဲခူးတိုင်းစတဲ့ ကရင်ပရိသတ်တော်တော်များများရဲ့ လက်ခံအားပေးမှုရလာတဲ့ သီချင်းတစ်ပုဒ်ဆိုရင် လည်း မမှားပါဘူး။

'နေရာတော်တော်များများမှာ ဒီသီချင်းကို သိလာတယ်။ အားပေးတယ် ကြားရတော့ ကျနော်ဖြစ် ဝမ်းသာလို့ မဆုံးပါဘူး။ အားလုံးကိုလည်း ကျေးဇူးတင်တယ်။ ပရိသတ် အရမ်းအားပေးလာတယ်လို့ ကျနော် မထင်ထား ဘူး။ ဒီသီချင်းကို ဆိုတဲ့လူ ကောင်းတာလည်းပါတယ်။ ပရိသတ်အတွက် ကျနော်ပိုပြီး ကြိုးစားပေးရတယ်'လို့ တေးရေးတေးဆို အရိုးက ပြောပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်က စတင်ပုံဖော်ရေးစပ်ခဲ့တဲ့ 'ကျင့်ရဲ့နန်းဖော့အွာ' သီချင်းကတော့ ကရင်ပြည်နယ်ကို ချစ်ပေမယ့်လည်း အဝေးတစ်နေရာကို ရောက်နေရတဲ့ ကရင်မိန်းမပျိုလေးတစ်ဦးဖြစ်တဲ့ နန်းဖော့အွာကို ကရင်ပြည်နယ်မှာ ကျန်ရစ်တဲ့ ချစ်သူက စောင့်မျှော်နေတဲ့အကြောင်းကို ကရင်–ဗမာ နှစ်ဘာသာနဲ့ ရေးဖွဲ့သီကုံးထားတဲ့ သီချင်းကောင်းတစ်ပုဒ်ပဲ ဖြစ်ပါတယ်။

အဲဒီသီချင်းကို အရိုးအနေနဲ့ ထိုင်းနိုင်ငံမှာ သွားရောက် အလုပ်လုပ်နေရင်း သူ့ဇာတိ ကရင်ပြည်နယ်ကို လွမ်းတဲ့အချိန်တိုင်း ထွက်လာတဲ့ ခံစားချက်တွေကို ဇာတ်လမ်းတစ်ပုဒ်လိုခံစားရင်း ရေးဖွဲ့ထားတာ ဖြစ်တယ်လို့ လည်း နန်းဖော့အွာသီချင်း ဖန်တီးဖြစ်တဲ့အကြောင်းနဲ့ ပတ်သက်ပြီး သူက ပြောပါတယ်။

တေးရေးအပိုင်းမှာ လူသိများလာစ တစ်ယောက်ဖြစ်တဲ့ အရိုးလို ပဲ လက်ရှိ ကရင်အနုပညာရှင်လောက၊ တေးရေး၊ တေးဆို၊ သရုပ်ဆောင်၊ ဇာတ်သဘင်စတဲ့ အနုပညာအလုပ်တွေမှာ ငွေကြေး အနှုံးအမြတ်ဆိုတာထက် အများစုဟာ ဝါသနာအရင်းခံပြီး အပင်ပန်းခံ၊ ငွေကြေးကုန်ကျခံပြီး တတ်နိုင်သလောက် ဆက်လက် လျှောက်လှမ်း နေကြဆဲပဲ ဖြစ်ပါတယ်။

'ကျနော်တို့အနုပညာလောကတော့ အများစုက ပိုက်ဆံရှိလို့ ဝင်ရောက်လာတာ မဟုတ်ဘူး။ ကျနော့်ဆီကို သီချင်းလာအပ်ရင် ရေးပေးတယ်။ သူတို့ပေးနိုင်သလောက်ပဲ ကျနော်ယူတယ်။ ကျနော်ကလည်း တော်လို့၊ တတ်လို့ သီချင်းရေးတာမဟုတ်ဘူး။ ဘယ်ဆရာသမားနဲ့လည်း ကျနော်မသင်ယူရဘူး။ ကရင်စကားမကြွယ်တော့ အသုံးအနှုန်းတွေကို ရေးလိုက်၊ သူများကိုမေးလိုက် အဲလိုလုပ်တယ်။ ကျနော့်ဝါသနာလို့ ပြောရမှာပေါ့'လို့ အရိုးက ပြောပါတယ်။

Hip-Hop သီချင်း သီဆိုမှု အားသန်ပေမယ့် သီချင်းရေးတဲ့အပိုင်းမှာတော့ Rock, Mono, Pop, Reggae စတဲ့ သီချင်းအမျိုးအစား သံစဉ်မျိုးစုံနဲ့ ဖန်တီးပြီးရေးတတ်တဲ့ အရိုးကတော့ သီချင်းရေးတာ ဆိုတာတွေတင်မကပဲ သရုပ်ဆောင်မှုအပိုင်းမှာလည်း ဝါသနာပါတဲ့အတွက် ကရင်မွီဒီယိုဇာတ်ကားတွေထဲမှာ အန၊ အကြမ်း၊ အလွမ်းကျရာဇာတ်ရုပ်မှာ ပါဝင်ကူညီသရုပ်ဆောင်နေတာတွေလည်း ရှိပါတယ်။

'အနုပညာကို ကျနော်အောင်မြင်ကျော်ကြားဖို့အတွက် လုပ်တာမဟုတ်ဘူး။ ကျနော်ဝါသနာပါလို့ လုပ်တယ်။ ကဖို့လိုရင် ကတယ်။ သရုပ်ဆောင်ဖို့လိုရင် သရုပ်ဆောင်တယ်။ ဒါတွေကို ကျနော်ဆက်လုပ်နိုင်ဖို့ ကျနော့်မှာ ငွေကြေးအပိုင်းလည်း မပြည့်စုံဘူး။ အဲဒီတော့ ကျနော် အင်္ဂါးတက္ကစီပဲ မောင်းရ၊ မောင်းရ သမာအာဇီဝနဲ့ ပိုက်ဆံရမယ့် ဘယ်အလုပ်မဆို ကျနော်လုပ်မယ်။ ကျနော်မရှက်ပါဘူး'လို့ သူက ပြောပါတယ်။

ကရင်အနုပညာလောကမှာတော့ တေးရေး၊ တေးဆိုအပြင် အကနဲ့ သရုပ်ဆောင်အပိုင်းစတဲ့ အနုပညာ အလုပ်တွေမှာ ထူးချွန်တဲ့ အနုပညာကြယ်ပွင့်တွေကို လက်ချိုးရေတွက်လို့ရပါတယ်။ သူတို့တွေ အနေနဲ့ကလည်း ဘဝတွေ အချိန်တွေ ငွေကြေးတွေ ရင်းပြီး နေရာတစ်နေရာရတဲ့အထိ ကြိုးစားခဲ့ကြသူတွေ ဖြစ်ပါတယ်။

တစ်ရက်လောက် သီချင်းမဆိုရရင် မနေနိုင်တဲ့သူ၊ ဝမ်းရေးမလှပေမယ့် ဝါသနာအရင်းခံတဲ့ ဒီအနုပညာအလုပ်ကို သက်ဆုံးတိုင် ဆက်လက် လုပ်ဆောင်သွားဖို့ ရည်မှန်းချက်ထားတဲ့ တက်သစ်စ လူငယ် အနုပညာရှင် အရိုးကို နောင်တစ်ချိန် ကရင် အနုပညာကောင်းကင်မှာ တည်နေမယ့် ကြယ်လေးတစ်စင်းအဖြစ် မျှော်လင့်ရင်း ... ။

နန်းဝေဖြိုးဇာ

▶ **တဘက်စာမျက်နှာမှ**

၃၀ ရွေးတယ်။ အယောက် ၁၁၀ ကို နည်းပြသင်တန်း ကျနော်တို့ ပို့ချပေးတယ်။ အဲဒီကနေတစ်ဆင့် သင်တန်းတက်တဲ့ဆရာ၊ ဆရာမတွေက သူတို့ကလေးတွေကို အားရင်အားသလို ကျောင်းမှာ မိုင်းအသိပညာပေးပြန်လုပ်တယ်ပေါ့။ ၂၀၁၆ ခုနှစ်ကနေစပြီးတော့မှ မိုင်းအန္တရာယ် အသိပညာပေးလုပ်လာတာ အခုဆိုရင် ကလေးပေါင်း အယောက် ၄ သောင်း နီးပါးလောက် ကျနော်တို့ မိုင်းအန္တရာယ် အသိပညာပေး လုပ်ပြီးပြီ။ ပြီးရင် ကလေးတွေရဲ့ မိဘတွေပါ ကျနော်တို့ သင်တန်းဆက်ပေးမယ်ပေါ့။

နောက်တစ်ခုက ကရင်ပြည်နယ်မှာ ၂၀၁၆ ခုနှစ်က မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းကော်မတီ စတင်ဖွဲ့စည်းတယ်။ အဲဒီကော်မတီအစည်းဝေးလုပ်ပြီး ကော်မတီထဲမှာတက်ရောက်တဲ့ အရပ်ဖက်အဖွဲ့ INGO, NGO ဌာနဆိုင်ရာ၊ တပ်မတော်နဲ့ ငြိမ်းချမ်းရေးအဖွဲ့အစည်းတွေ ပြန်အကြံပြုတာက ဒီကော်မတီထဲမှာ ကရင်ပြည်နယ်အနေနဲ့ သာသနာရေးဦးစီးဌာနလည်း ပါဖို့ အကြံပြုတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကရင်ပြည်နယ်မှာရှိတဲ့ ရွာတော်တော်များများက ဘုန်းကြီးကျောင်းတွေရှိတယ်။ ဆရာတော်တွေက သူတို့ရပ်ရွာမှာ သူတို့ကလေးတပည့်တွေကို အသိပညာပေး ပြန်လုပ်ပေးမယ်။ ဆရာတော်တွေက ဩဇာညောင်းတယ်။ ရွာသားတွေကိုလည်း စည်းရုံးတဲ့နေရာမှာ ဆရာတော်တွေက ပါဝင်ပူးပေါင်းမှု အားကောင်းတယ်။ ဒါကြောင့်မို့ ဆရာတော်တွေနဲ့ ဆက်စပ်တဲ့ သာသနာရေးဝန်ကြီးဌာန ပါသင့်တယ်ဆိုပြီး ကျနော်တို့ ကရင်ပြည်နယ်ရဲ့ ထူးခြားချက်က အဲဒီမှာ သူတို့ပါတယ်။

နောက်တစ်ခုကတော့ ပြည်သူထဲမှာ ကွင်းဆင်းနေတဲ့အဖွဲ့က မြေတိုင်းဦးစီးဌာန သစ်တောဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီး ဌာနကတို့ အဲဒီအဖွဲ့မှာ ပါသင့်တယ်ဆိုပြီး ကျနော်တို့ မိုင်းအန္တရာယ် အသိပညာပေး အဖွဲ့မှာ ထည့်ထားတယ်။ သူတို့ ပင်မတာဝန်အတွက်နဲ့ ရွာထဲကို ကွင်းဆင်းတဲ့အခါ မသက်ဆိုးရှည် အရာဝတ္ထုတွေ ရွာသားတွေ တစ်ခုခုတွေ့ရင် သူတို့ကိုပြောဖို့ သတင်းပို့ဖို့ ပြီးတော့ တစ်ခါထဲ မိုင်းအန္တရာယ် အသိပညာပေးလည်း လုပ်ခိုင်းမယ်ဆိုပြီးတော့ သူတို့အဖွဲ့ကိုလည်း ပါအောင် ထည့်ပေးထားပါတယ်။

မိုင်းအသိပညာပေးလုပ်ငန်းနဲ့ ပတ်သက်ပြီး အရင်တုန်းကနဲ့ အခုအခြေအနေနဲ့ နှိုင်းယှဉ်ရင် လုပ်ဆောင်ရတာ အခြေအနေ ဘယ်လိုရှိပါလဲ။

၂၀၁၆ ခုနှစ်မှာစပြီး ပြောရမယ်ဆိုရင် အခုက ပိုကောင်းလာပြီး။ ဘာဖြစ်လို့လဲဆိုတော့ ဥပမာ ကရင်ပြည်နယ်ဆိုရင် ၂၀၁၆ က စတဲ့ မိုင်းအန္တရာယ် အသိပညာပေးလုပ်ငန်းစဉ် ကော်မတီမှာဆိုရင် ပါဝင်သင့်ပါဝင်ထိုက်တဲ့ ငြိမ်းချမ်းရေးအဖွဲ့အစည်းတွေ အကုန်ပါလာတယ်လေ။ ကော်မတီအစည်းဝေးတိုင်းမှာလည်း သူတို့လာတက်တယ်။ ဒါအင်မတန် ကောင်းမွန်တဲ့ ရလဒ်တွေ။ ဒါတွေက တိုးတက်လာတဲ့ ဖြစ်စဉ်ပဲ။ ဒီဖြစ်စဉ်က အရင်တုန်းက ရှိမှမရှိခဲ့တာ။ ကျနော်တို့မှာ တကယ်ဖြစ်နေတဲ့ ပြဿနာတစ်ခုကို စားပွဲဝိုင်းမှာ တကယ်ဆွေးနွေးနိုင်တဲ့ အဆင့်တစ်ခုကို ရောက်တယ်ဆိုတာက တကယ်ကောင်းမွန်တဲ့ ရလဒ်ပါ။ အဲလိုမဟုတ်ဘူးဆိုရင် ကျနော်တို့ဘာလုပ်လဲ သူတို့မသိဘူး။ သူတို့ဘာလုပ်နေတာကိုလဲ ကျနော်တို့မသိဘူး။

ကရင်ပြည်နယ်မှာ မိုင်းကြောင့် ထိခိုက်ဒဏ်ရာရခဲ့ကြသူတွေ ရှိပါတယ်။ သူတို့အတွက်ရော ဘယ်လိုပြန်လည်ထူထောင်ရေးလုပ်ငန်း အစီအစဉ်တွေ လုပ်ဆောင်နေတာ ရှိပါသလဲ။

အခု ကူညီပေးရေးလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့လည်း မိုင်းဒဏ်ထိသူတွေမကဘဲ အကြောင်းမျိုးမျိုးကြောင့် ထိခိုက်တဲ့လူတွေ မသန်စွမ်းဖြစ်သွားတဲ့လူတွေကို ကျနော်တို့ ကူညီထောက်ပံ့တဲ့ လုပ်ငန်းတွေ လုပ်နေတယ်။ အခု လူမှုဝန်ထမ်းဦးစီးဌာနကနေပြီးတော့မှ အခုပြန်လည် ထူထောင်ရေးဦးစီးဌာနဆိုပြီး အသစ်တစ်ခုထပ်ဖွဲ့လိုက်ပြီး လူမှုဝန်ထမ်းကနေပြီး တာဝန်ယူတဲ့တချို့လုပ်ငန်းတွေကို သူတို့ကိုလွှဲပေးလိုက်ပြီး မသန်စွမ်းတွေကို ကာကွယ်စောင့်ရှောက်တဲ့ လုပ်ငန်းစဉ်တွေ၊ ပြီးတော့ မိုင်းအသိပညာပေးလုပ်ငန်းတွေကို သူတို့ဌာနက ပြန်လုပ်တော့မယ်ပေါ့။ လောလောဆယ် ပြည်နယ်တိုင်းတွေမှာ သူတို့ရုံးခွဲတွေကို မဖွင့်နိုင်သေးဘူးဆိုတော့ ကျနော်တို့ လူမှုဝန်ထမ်းဦးစီးဌာနကပဲ အရင်အတိုင်း မူလတာဝန်လိုပဲ ဆက်ပြီး ဝိုင်းပြီးလုပ်တာ။

ပြန်လည်ထူထောင်ရေးဦးစီးဌာန မဖွင့်ခင်မှာ နိုင်ငံတကာ INGO တစ်ခုဖြစ်တဲ့ HI အဖွဲ့က မိုင်းဒဏ်ကြောင့်နဲ့ အကြောင်းအမျိုးမျိုးကြောင့် မသန်စွမ်းတဲ့သူတွေကို အသေးစား ခြေတုလက်တုတွေ လုပ်ပေးတယ်။ ပြီးရင် သူတို့ အသက်မွေးဝမ်းကြောင်းပညာတွေ လုပ်ပေးတယ်။ သူတို့အသက်မွေးဝမ်းကြောင်းလုပ်ဖို့ အရင်းအနှီးတွေ ထုတ်ပေးတယ်။ အဲဒီအတွက်ကို ကျနော်တို့ကရင်ပြည်နယ်က ကော့ကရိတ်နဲ့ သံတောင်ကြီးမှာ ရုံးဖွင့်ထားတာရှိတယ်။ ပြီးတော့ ပဲခူးတိုင်းအရှေ့ဘက်ခြမ်းမုန်းမှာ တစ်ရုံးဖွင့်ထားတာ ရှိတယ်။ အဲဒီရုံးမှာ ခြေတုလက်တု လာလုပ်တဲ့သူတွေကို မသန်စွမ်းတဲ့လူတွေကပဲ ခြေတုလက်တုတွေကို ပြန်လုပ်ပေးတယ်။ အဲဒီအတွက်က မြန်မာနိုင်ငံ မသန်စွမ်းသူအသင်းနဲ့ ပူးပေါင်းပြီး ထောက်ပံ့ပေးထားတယ်။ ပြန်လည်ထူထောင်ရေးဦးစီးဌာနက ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်မှာ ကျနော်တို့ ကရင်ပြည်နယ်မှာ မသန်စွမ်းသူအားလုံး စုစုပေါင်း ၄၆၁၆ ဦးကို တစ်ယောက် ၁ သိန်းနှုန်းနဲ့ ကျနော်တို့ လူမှုဝန်ထမ်းဦးစီးဌာန ဘတ်ဂျက်ကနေပြီးတော့မှ ထောက်ပံ့ပေးပြီးလည်း ဖြစ်ပါတယ်။

KNU ဝင်းရေးမြို့နယ်အတွင်း အစိုးရ၏ အုပ်ချုပ်ရေးကဏ္ဍ (၅၀) ရာခိုင်နှုန်း စိုးမိုးလာ

နိုဝင်ဘာ ၂၈ ရက်၊ ၂၀၁၈ ခုနှစ် စောမြတ်ဦးသာ

ကေအဲန်ယူ– ကရင်အမျိုးသား အစည်းအရုံး၊ ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်အတွင်း၌ အပစ်ရပ်ကာလတွင် အစိုးရ၏ ဒေသဖွံ့ဖြိုးရေးအပါအဝင် နည်းလမ်းမျိုးစုံ အုပ်ချုပ်ရေးလုပ်ငန်းစဉ်များ ထိုးဖောက်ဝင်ရောက်လာခဲ့ပြီး လက်ရှိတွင် ၅၀ ရာခိုင်နှုန်းအထိ စိုးမိုးထားသည်ဟု ဝင်းရေးမြို့နယ် ၄ ကြိမ်မြောက် ညီလာခံတွင် တင်ပြသော အစီရင်ခံစာအရ သိရသည်။

အစိုးရတပ်ဘက်မှ ဒေသဖွံ့ဖြိုးရေး၊ နယ်မြေလုံခြုံအေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေး စသည့် ခေါင်းစဉ်များ ကိုင်စွဲကာ ကေအဲန်ယူ ဝင်းရေးမြို့နယ်အတွင်း ဆက်သွယ် အကြောင်းကြားခြင်း မရှိဘဲ သွားလာ လှုပ်ရှားမှုများ ရှိနေသည့်အပြင် NCA ထိုးပြီးနောက်ပိုင်း စစ်ရေးလှုပ်ရှားမှုများ မရှိသော်လည်း တပ်စခန်းပြုပြင်ခြင်း၊ ရိက္ခာဖြည့်တင်းခြင်း လုပ်ငန်းများကိုပါ လုပ်ဆောင်နေသည်ဟု နိဝင်ဘာ ၂၆ ရက်မှ ၂၈ ရက်နေ့အထိ ပြုလုပ်သည့် ၎င်းညီလာခံ၏ အစီရင်ခံစာထဲတွင် ဖော်ပြထားသည်။

ထို့အပြင် ဝင်းရေးမြို့နယ် အတွင်း ဂိတ်ဖွင့်ထားသည့် မွန်ပြည်သစ်ပါတီ တပ်ဖွဲ့ဝင်များအား ဂိတ်ပိတ်သိမ်းစေပြီး အချို့နေရာများတွင် ဝင်ရောက်အခြေချ နေထိုင်စေရာ၌ အစိုးရမြို့နယ်အဆင့်ကလည်း အုပ်ချုပ်ရေး လုပ်ငန်းပိုင်းတွင် ထက်ဝက်ခန့် စိုးမိုးမှုရှိလာသည်ဟု အဆိုပါ အစီရင်ခံစာတွင် ထည့်သွင်း ပါရှိသည်။

KNU ဝင်းရေးမြို့နယ်ဥက္ကဋ္ဌ၊ ပဒိုစောမောင်ရွှေက 'ၾနစ်ကျော် အုပ်ချုပ်လာတဲ့အပိုင်းမှာ တိုးတက်မှု မရှိဘူး။ လုပ်ဖော်ကိုင်ဖက် အပိုင်းမှာရော၊ လူထုကြားမှာ ထိုးဖောက်နိုင်မှု အားနည်းတယ်။ စည်းရုံးရေးသွားတဲ့နေရာမှာ ရည်ရွယ်ထားသလောက် မရခဲ့ဘူး'ဟု နိဝင်ဘာလ ၂၆ ရက်နေ့တွင် ကရင်သတင်းစဉ်သို့ ပြောသည်။

အဆိုပါညီလာခံတွင် မြို့နယ်အဆင့် တာဝန်ရှိသူများကို ရွေးကောက် တင်မြှောက်မည်ဖြစ်ရာ ခေတ်ပညာတတ်လူငယ်များ ပါဝင်ရွေးကောက်ခံစေလိုပြီး မြို့နယ်အုပ်ချုပ်ရေးအပိုင်း ပိုမိုခိုင်မာလာစေရန် လုပ်ဆောင်သွားရမည်ဟုလည်း ပဒိုစောမောင်ရွှေက ဆက်ပြောသည်။

ညီလာခံ တက်ရောက်နေသည့် ဒေသခံလူငယ် စောယောင့်သာအေဆန်က 'KNU ဌာနတွေရဲ့ အုပ်ချုပ်မှု တိုးတက်လား၊ ဆုတ်ယုတ်သွားသလားဆိုတာ အစီရင်ခံစာမှာ ပေါ်လွင်နေတယ်။ လူဟောင်းရော လူသစ်ရော ပြန်ပါစေချင်တယ်။ လူထုကို စည်းရုံးရမယ့်ကာလ ဖြစ်တဲ့အတွက် လူထုကရွေးချယ် တင်မြှောက်တဲ့ လူပုဂ္ဂိုလ်တစ်ယောက် ပါဝင်စေချင်တယ်'ဟု ကရင်သတင်းစဉ်သို့ ပြောသည်။

KNU ဝင်းရေးမြို့နယ်သည် မွန်ပြည်နယ်တောင်ပိုင်း ရေး၊ လမိုင်း မြို့နယ်ခွဲ၊ သံဖြူဇရပ်နှင့် ကျိုက်မရောမြို့နယ်အတွင်း ရှိကျေးရွာ အချို့ပါဝင်ပြီး ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့အထိ ကျယ်ပြန့်ကာ နယ်နိမိတ် ထိစပ်နေရာများတွင် အစိုးရနှင့် အုပ်ချုပ်ရေးလုပ်ငန်းများ တွဲလုပ်နေရသည့်အတွက် စနစ်တကျဖြစ်ရန် အားနည်းနေသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ကမ္ဘာ့'လမစေ့မွေးဖွားခြင်း'နေ့ (WPD)ကို နယ်စပ်ရှိမယ်တော်ဆေးခန်းတွင် ပြုလုပ်ကျင်းပ

နိုဝင်ဘာ ၁၇ ရက်၊ ၂၀၁၈ ခုနှစ် စအိုင်ဆူး

နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ကျရောက်သည့် **ကမ္ဘာ့လမစေ့ မွေးဖွားခြင်းနေ့** (World Prematurity Day)ကို နယ်စပ်ဒေသ ကျန်းမာရေးပညာပေးခြင်းဆိုင်ရာ အကူအညီများ လုပ်ဆောင်ပေးနေသည့် Community Partners International မှ ဦးဆောင်၍ ထိုင်းနိုင်ငံ၊ မဲဆောက်မြို့ရှိ မယ်တော်ဆေးခန်း၌ ပြုလုပ်ကျင်းပခဲ့သည်။

မွေးကင်းစ ကလေးငယ် သေဆုံးမှုများခြင်းနှင့် ၅ နှစ်အောက် ကလေးငယ်များ သေဆုံးမှုနှုန်း လျော့ကျစေရန်အတွက် ယနေ့ ကျရောက်သည့် WPD နေ့ကို မိခင်များ၊ နယ်စပ်ဒေသတွင်း အခြေခံကျန်းမာရေးလုပ်သားများ သိရှိစေရန် ရည်ရွယ်၍ ပြုလုပ်ရခြင်း ဖြစ်သည်ဟု CPI ၏ နည်းပညာ အကြံပေး ဒေါက်တာသိန်းဝင်းက ပြောသည်။

၎င်းက 'ကျနော်တို့ မွေးကင်းစ ကလေး သေနှုန်း လျော့ချနိုင်မှ ၅ နှစ်အောက်ကလေး သေနှုန်း လျော့ချနိုင်မှာ။ ၅ နှစ်အောက် ကလေး သေနှုန်းက ကျနော်တို့ရဲ့ နိုင်ငံရဲ့ ကျန်းမာရေး စီးပွားရေးကို တိုင်းတဲ့နေရာမှာ အများကြီး အထောက်အကူ ပြုပါတယ်။ တစ်ယောက်ချင်း အနေနဲ့ကြည့်လည်း မိခင်တွေက မိသားစုတွေက ကိုယ့်ကလေး သေတဲ့နှုန်း ကျသွားတဲ့အတွက် ဒါဟာ မင်္ဂလာတစ်ပါးပါပဲ'ဟု ကရင်သတင်းစဉ်သို့ ပြောသည်။

ထို့အပြင် လက်ရှိ နယ်စပ်အခြေစိုက် ကျန်းမာရေး အဖွဲ့အစည်းများ၏ ဆန်းစစ်ချက်အရ နေ့မစေ့လမစေ့ မွေးဖွားနှုန်းအနေဖြင့် ၁၈ ရာခိုင်နှုန်းခန့်မှ ၁၂ ရာခိုင်နှုန်းခန့် ကျဆင်းသွားသည့် အခြေအနေတွင် ရှိနေပြီး မြန်မာနိုင်ငံအနေဖြင့် နေ့မစေ့ လမစေ့ မွေးဖွားနှုန်း အနေဖြင့်လည်း ကျဆင်းသွားသည့် အခြေအနေတွင် ရှိနေသော်လည်း သိသိသာသာ ကျဆင်းသွားခြင်းမျိုး မရှိသေးကြောင်းလည်း ဒေါက်တာသိန်းဝင်းက ဆက်ပြောသည်။

ထိုသို့ လမစေ့ မွေးဖွားနှုန်း ကျဆင်းရန်အတွက်လည်း နယ်စပ်အခြေစိုက် ကျန်းမာရေးအဖွဲ့အစည်းများအနေဖြင့် လိုအပ်သည့် ပညာပေးလုပ်ငန်းများ၊ ကုသမှုများအပြင် မွေးကင်းစကလေး သေဆုံးမှုနှုန်း ကျဆင်းရေးအတွက် လိုအပ်သည့် ကျန်းမာရေး လုပ်သားများကိုလည်း မွေးထုတ်ပေးလျက် ရှိနေသည်ဟုလည်း နယ်စပ်ကျန်းမာရေး အဖွဲ့များက ဆိုသည်။

မယ်တော်ဆေးခန်းကို ဦးဆောင်နေသူ ဒေါက်တာ စင်သီယာမောင်က 'အများအားဖြင့် တော့ကိုယ်ဝန်ဆောင် စောင့်ရှောက်မှုတွေ ပုံမှန် မခံယူတာတို့၊ နောက်တော့ တချို့လည်း ဆယ်ကျော်သက် အမျိုးသမီးငယ်တွေနဲ့ များသောအားဖြင့် ရွှေ့ပြောင်းလူထုကြားထဲမှာဆိုရင် ပုံမှန်ကိုယ်ဝန်ဆောင် စောင့်ရှောက်မှု ခံယူဖို့အတွက် အခက်အခဲတွေ ရှိနေတဲ့ အချိန်တွေမှာ မွေးဖွားခါနီးမှ ရောက်လာတဲ့ အမျိုးသမီးတွေပေါ့နော်။ အဲ့လိုမျိုးကြားထဲမှာတော့ တွေ့ရှိရပါတယ်'ဟု ပြောသည်။

အလားတူ မဲဆောက်မြို့တွင် Community Partners International မှဦးဆောင်၍ WPD ကို ၂၀၁၆ ခုနှစ်တွင် ပထမဦးဆုံးအကြိမ် ပြုလုပ်ခဲ့ပြီး ယနေ့ပြုလုပ်သည့် အခမ်းအနားသို့ မယ်တော်ဆေးခန်းမှ ကျန်းမာရေးလုပ်သားများနှင့် သင်တန်းသူ/သားများ စုစုပေါင်း ၂၀၀ နီးပါး တက်ရောက်ခဲ့ကြသည်။

European Parent Organizationsက ဦးဆောင် စည်းရုံးလှုံ့ဆော်ကာ ၂၀၀၈ နိုဝင်ဘာ ၁၇ ရက်နေ့ကို ကမ္ဘာ့လမစေ့ မွေးဖွားခြင်းနေ့အဖြစ် ၂၀၁၁ ခုနှစ်မှစ၍ ကျင်းပလာခဲ့ခြင်း ဖြစ်သည်။

တစ်လအတွင်း မူးယစ်ဆေးရောင်းဝယ်သုံးစွဲသူ (၃၀၀) နီးပါး အရေးယူခံရ

နိုဝင်ဘာ ၂ ရက်၊ ၂၀၁၈ ခုနှစ် စောမြတ်ဦးသာ

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ် ဝင်းရော်ဒေသ (ကရင်အမျိုးသားအစည်းအရုံး- KNU ဒူးပလာယာခရိုင်၊ ဝင်းရေးမြို့နယ်) တွင် ပြီးခဲ့သည့် အောက်တိုဘာလ အတွင်းက မူးယစ်ဆေး ရောင်းဝယ်သုံးစွဲသူ ၃၀၀ ဦးခန့်ကို လူမှုရေးပြစ်ဒဏ်ဖြင့် အရေးယူထားသည်ဟု ကရင်ရဲတပ်ဖွဲ့ (KNPF) တာဝန်ရှိသူများက ပြောသည်။

ဝင်းရော်ဒေသအတွင်း KNU တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တို့ ပူးပေါင်းပြီး ကျေးရွာ ၂၀ တွင် မူးယစ်ဆေးဝါး ရောင်းဝယ် ဖြန့်ဖြူးသူနှင့် သုံးစွဲသူများကို လူမှုရေးပြစ်ဒဏ်ဖြင့် အရေးယူထားပြီး ဟန့်တားရေးနှင့် ပညာပေး အစီအစဉ်ဖြင့် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်သည်ဟု ဝင်းရေးမြို့နယ်၊ အမှတ်(၄) စခန်းမှူး စောငြိမ်းချမ်းက ပြောသည်။

၎င်းက 'အောက်တိုဘာလမှာပဲ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တွေနဲ့ ပူးပေါင်းပြီး မူးယစ်ဆေး ရောင်းဝယ် သုံးစွဲသူ ၃၀၀ နီးပါးကို လူမှုရေးပြစ်ဒဏ် ၃ လနဲ့ အရေးယူထားတယ်။ ၃၅ အထက် လူကြီးတွေ များတယ်။ လူငယ်တွေ သုံးစွဲမှု နည်းသွားပြီ။ အရေးယူခံရတဲ့

တဘက်စာမျက်နှာသို့ ▸

သာသနာမြေအဖြစ် ခြံစည်းရိုးခတ်ရန် ပြင်ဆင်မှုကို ပဋိပက္ခမဖြစ်ရေး မျှတစွာ ဆောင်ရွက်ပေးရန် မူလမြေပိုင်ရှင်ပြော

နိုဝင်ဘာ ၂၂ ရက်၊ ၂၀၁၈ ခုနှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ ထိန်လေးပင်ကျေးရွာအုပ်စု၊ မရမ်းချိုကျေးရွာရှိ၊ ဒေသခံတစ်ဦး အမည်ပေါက်ဖြင့် ပိုင်ဆိုင်သည့် ဥယျာဉ်ခြံမြေ ၆.၆ ဧကကို သာသနာမြေအဖြစ် ခြံစည်းရိုးခတ်ရန် ပြင်ဆင်နေမှုကို ပဋိပက္ခ မဖြစ်ရေးအတွက် သက်ဆိုင်ရာက ထိန်းသိမ်းကာ တရားမျှတစွာ လုပ်ဆောင်ပေးစေလိုသည်ဟု မူလ မြေပိုင်ဆိုင်သူ စောဘောစက်က ကရင်သတင်းစဉ်သို့ ပြောသည်။

ပုသိမ်မြို့၊ ပုသိမ်–မြောင်းမြနှစ်ခြိုင်းသာသနာနယ်ရုံး၌ နိုဝင်ဘာ ၂၁ ရက်က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် အဆိုပါ မြေနေရာကို စောဘောစက်၏ ဖခင်က ၁၉၅၀ ခုနှစ်တွင် မြေလွတ်၊မြေရိုင်းများ ခုတ်ထွင် ရှင်းလင်းကာ ဥယျာဉ်ခြံအဖြစ် စိုက်ပျိုးခဲ့ပြီး ၁၉၆၁–၆၂ တွင် တရားဝင် အမည်ပေါက် ရရှိခဲ့သည်။ ၂၀၁၃ ဦးသို့ စွန့်လွှတ်လျှောဒါန်းခဲ့ပြီး ဌာနဆိုင်ရာသို့ အကြောင်းကြားခဲ့သော်လည်း ရွာအနီးရှိ ဂွေးချောင်း ကျေးရွာ NLD ဥက္ကဋ္ဌနှင့် သာသနာအကျိုးဆောင်အဖွဲ့များက မြို့နယ်သံဃာ့နာယကအဖွဲ့ထံ တင်ပြကာ စေတီမှာ ရှေးယခင်ထဲ က ရှိထားသည်ဟုဆိုကာ မြေဧရိယာ အားလုံးကို သာသနာမြေအဖြစ် မြို့နယ်သံဃာ့နာယကအဖွဲ့က ဆုံးဖြတ်ခဲ့သည်။

အလားတူ ကျေးရွာ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ကလည်း ယင်းမြေ ၆.၆ ဧကအနက် ၄.၆ ဧကကို စေတီပုရဝဏ်အဖြစ် လည်းကောင်း၊ ကျန်မြေ ၂ ဧကကို ခရစ်ယာန် ဘုရားကျောင်းရှိသည့်အတွက် ဘုရားကျောင်းပုရဝဏ်အဖြစ်လည်းကောင်း သတ်မှတ် ဆုံးဖြတ်ခဲ့ခြင်းအပေါ် နှစ်ဖက်စလုံးက မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှု ကော်မတီထံ အယူခံတင်ခဲ့သော်လည်း ယနေ့အချိန်ထိ တစုံတရာ တောသမ္မတ၊ ပြည်ထောင်စုဝန်ကြီးဌာနအချို့နှင့် ဧရာဝတီတိုင်း ဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး၏ ကရင်ရေးရာဝန်ကြီးတို့ထံ စာတင်ပြ တောင်းဆိုခဲ့သော်လည်း လက်ရှိအချိန်ထိ တစုံတရာ ဖြေရှင်းပေးခြင်း မရှိသေးကြောင်း ၎င်းက ဖြည့်စွက် ပြောဆိုသည်။

မရမ်းချိုရွာသားတစ်ဦး ဖြစ်သူ စောအင်ဒရူးက 'ကျနော် မြေစာရင်းဌာနမှာ နေ့စား၊ လပေးလည်း လုပ်ခဲ့တယ်။ နောက် ကျေးရွာ အုပ်ချုပ်ရေးမှူး ၁၉၉၀ မှာ လုပ်ခဲ့တယ်။ ဒီကျေးရွာအုပ်စုမှာ ရွာလေးရွာရှိတယ်။ ဘာ ပြဿနာမှ မဖြစ်ခဲ့ဘူး။ လိုချင်တပ်မက်မှုအရ ဖြစ်တယ်လို့ မြင်တယ်။ အရင်ကလည်း နှစ်ရွာတရွာ နေခဲ့တာ။ သူတို့အဖွဲ့က နည်းနည်းလေးပါ။ အခုလည်း ခြံလာခတ်မယ်ဆိုတော့ စိတ်ထဲမကောင်းဘူး။ အဲ့လို မဖြစ်စေချင်ဘူး'ဟု ဆိုသည်။

အဆိုပါ မြေနေရာသည် ဥပဒေ

ခုနှစ်တွင်မူ သားဖြစ်သူက လုပ်ပိုင်ခွင့် ပုံစံ–၇၊ မြေစာရင်း ပုံစံ ၁၀၅ ရရှိခဲ့သည်ဟု စောဘောစက်က ရှင်းပြ ပြောဆိုခဲ့သည်။

သို့သော် ယင်းမြေပေါ်တွင် ဖခင်၏ မိတ်ဆွေတစ်ဦးက အိပ်မက်အရ ယတြာချေရန် စေတီငယ်တစ်ဆူ တည်ခွင့်တောင်းသဖြင့် ဖခင်ဖြစ်သူက ခွင့်ပြုခဲ့သည်။ ၁၉၇၃ ခုနှစ်နှင့် ၁၉၈၀ ပြည့်နှစ်တို့တွင် ဖခင်ဖြစ်သူ၏ အခြားမိတ်ဆွေတစ်ဦးက ခွင့်တောင်းကာ စေတီပြုပြင်ပြီး 'ရွှေပြည်ညွှန့် စေတီ' ဟု အမည်ပေးခဲ့သည့်အပြင် စေတီ စတင်တည်ခဲ့သူ၏ဆွေမျိုးများ သက်ရှိထင်ရှားရှိနေသေးကြောင်းလည်း ပြောထားခဲ့သည်။

၂၀၁၇ ခုနှစ်တွင် စေတီ ပုရဝဏ် မြေ ၀.၅ ဧကကို မူလ မြေပိုင်ရှင်၏သား စောဘောစက်က ထိန်းလေးပင်ကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် သာသနာ အကျိုးဆောင်အဖွဲ့ ၉ ဦးသို့ ကိုင်တွယ် ဖြေရှင်းပေးခြင်း မရှိသေးကြောင်း စောဘောစက်၏ ရှင်းလင်းချက်စာထဲတွင် ဖော်ပြထားသည်။

'မြို့နယ်ကို အယူခံတက်နေချိန်မှာ ခြံတစ်ခုလုံးကို သာသနာ့အလံတွေ လာစိုက်သွားတယ်၊ အခု ရက်ပိုင်းမှာ ခြံစည်းရိုးခတ်မယ် ပြောတယ်။ အလံစိုက်တဲ့နေရာမှာလည်း မရမ်းချို၊ စကောကရင် နှစ်ခြင်းခရစ်ယာန် ဘုရားကျောင်းနဲ့ သင်းအုပ် သိက္ခာတော်ရ ဆရာအိမ် ပါသွားတယ်။ မရမ်းချို ကရင်တစ်ရွာလုံးက မကျေနပ်ဘူး။ လူကြီးတွေကတော့ ထိန်းတယ်။ လူငယ်တွေကတော့ စိတ် မထိန်း နိုင်မှာ စိုးတယ်။ ပဋိပက္ခ မဖြစ်အောင် ပိုင်းထိန်းပေးဖို့နဲ့ တရားမျှတစွာ ဖြေရှင်းပေးဖို့ ပြောလိုတယ်'ဟု စောဘောစက်က ပြောသည်။

ယင်းဖြစ်စဉ်အပေါ် တရားဥပဒေနှင့်အညီ ဖြေရှင်းပေးရန် နိုင်ငံအရ စောဘောစက် တရားဝင် ပိုင်ဆိုင်သည့် မြေဖြစ်သလို မတရား ရယူရန် လုပ်ဆောင်မှုကို လက်မခံနိုင်ကြောင်း ထိန်လေးပင် ကျေးရွာအုပ်စု၊ လှည်းငုတ်ကြီးကျေးရွာ တာဝန်ခံဖြစ်သူ စောပီတာကလည်း ပြောသည်။

၎င်းအငြင်းပွားမြေနေရာကို နိုဝင်ဘာ ၂၁ ရက် ညဦးပိုင်းက မရမ်းချိုကျေးရွာအနီးရှိ ရွာတစ်ရွာမှ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ခြံစည်းရိုးခတ်ရန် တစ်အိမ်တစ်ယောက် လာရောက်နိုင်ရေး စပီကာဖြင့် လိုက်လံ ပြောဆိုမှု ရှိခဲ့သော်လည်း ယခု သတင်းရေးချိန် (နိုဝင်ဘာ ၂၂ ရက်နေ့ ညနေပိုင်း)အချိန်ထိ လာရောက် ခြံစည်းရိုးခတ်ခြင်း တစုံတရာ ပြုလုပ်ခြင်း မရှိသေးကြောင်း ဒေသခံရွာသားများထံမှ သိရသည်။

လေးကေကော်လျှပ်စစ်မီးလင်းရေး GAE ကုမ္ပဏီမှ (၁၀) နှစ်တာ လျှပ်စစ်မီးဖြန့်ဖြူးပေးမည်

နိုဝင်ဘာလ ၂၄ ရက်၊ ၂၀၁၈ ခုနှစ်

ကရင်ပြည်နယ် မြဝတီမြို့တောင်ဘက် လေးကေကော်မြို့သစ် လျှပ်စစ်မီးလင်းရေးအတွက် ပြည်တွင်း စွမ်းအင် ကုမ္ပဏီ တစ်ခုဖြစ်သည့် Green Alliance Energy Co.ltd မှ ၁၀ နှစ်တာ တာဝန်ယူပြီး လျှပ်စစ်မီးများ ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကုမ္ပဏီ အနေဖြင့် ပြီးခဲ့သည့် ဩဂုတ်လမှစတင်ကာ လေးကေကော်တွင် လျှပ်စစ်မီးများ စတင်စမ်းသပ် ဖြန့်ဖြူးပေးနေပြီး ယင်းစီမံကိန်းကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလကတည်းက အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်း လည်း ဖြစ်သည်။

Green Alliance Energy Co.ltd မှလေးကေကော် ၂၄ နာရီ မီးလင်းရေး စီမံကိန်း မန်နေဂျာ ဦးဇော်မင်းဦးက 'ကရင်အမျိုးသား အစည်းအရုံး –KNU ရဲ့ စစ်ဘေးရှောင်ပြည်သူတွေ လာရောက်အခြေချပြီး မြို့တည်တဲ့ အနေအထားမှာ ကျနော်တို့က အကျိုးအမြတ် ရရှိရေးဆိုတာထက် ငြိမ်ချမ်းရေး ဖော်ဆောင်မှု အထောက်အကူ ပြုနိုင်ဖို့ အဓိက ဒေသဖွံ့ဖြိုးဖို့ လိုအပ်တဲ့ လျှပ်စစ်မီးအတွက် တာဝန်ယူဆောင်ရွက်တာပါ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်နဲ့ ကရင်ပြည်နယ်အစိုးရတို့ရဲ့ တရားဝင် ခွင့်ပြုချက်နဲ့ ထုတ်တာရော၊ ဖြန့်တာရော ၁၀ နှစ် ရထားပါတယ်။ ၂၀၁၈ ကနေ ၂၀၂၈ အထိ ထုတ်လုပ်ဖြန့်ချိ ခွင့်ရထားတာ ဖြစ်ပါတယ်'ဟု ပြောသည်။

လေးကေကော်မြို့သစ် ၂၄ နာရီ မီးလင်းရေးစီမံကိန်းအတွက် Green Alliance Energy Co.ltd မှ ယနေ့ နံနက် လေးကေကော်မြို့သစ်တွင် ဖွင့်ပွဲအခမ်းအနား ပြုလုပ်ခဲ့ပြီး ယင်းအခမ်းအနားသို့ ကရင်ပြည်နယ် ဝန်ကြီးချုပ် နန်းခင်ထွေးမြင့်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကရင်အမျိုးသား အစည်းအရုံး–KNU ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဗိုးနှင့် KNU တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

Green Alliance Energy Co.ltd မှ ၃ မဂ္ဂဝပ်ရှိသည့် လျှပ်စစ်ဓာတ်အားများကို ဒီဇယ်အင်ဂျင်များဖြင့် လည်ပတ်ပြီး လက်ရှိတွင် လေးကေကော်မြို့သစ်မှ အိမ်ခြေအလုံး ၄၀၀ ကျော်နှင့်အတူ ထီးမယ်ဝါးခီး၊ ပဟိကလော် နှင့် မေတ္တာလင်းမြိုင်ကျေးရွာများအား လျှပ်စစ်မီး စတင်ဖြန့်ဖြူးပေးနေပြီ ဖြစ်ကြောင်း သိရသည်။

ထို့သို့ ဖြန့်ဖြူးပေးရာတွင် အိမ်သုံး တစ်ယူနစ်လျှင် ထိုင်းဘတ်ငွေ ၈ ဘတ် ကောက်ခံသွားမည် ဖြစ်ပြီး မနက် ၆ နာရီမှ ၁၁ နာရီတစ်ကြိမ် မွန်းလွဲ ၁ နာရီမှ ည ၁၀ နာရီအထိ တစ်နေ့လျှင် ၂ ကြိမ် ဖြန့်ဖြူးပေးသွားမည်ဟု GAE ကုမ္ပဏီမှ လေးကေကော် မီးလင်းရေး တာဝန်ရှိသူများထံမှ သိရသည်။

လေးကေကော် မြို့ခံတစ်ဦးက 'အခု လောဆယ်ဒီမှာတော့ လုပ်ငန်းသုံးတွေ မရှိသလောက်ဘဲ ထင်တယ်။ အိမ်သုံးကို ၈ ဘတ်ကတော့ နည်းနည်းများတယ်လေ။ မြဝတီတို့ ဘာတို့ဆို ဒီထက် နည်းနည်း သက်သာတယ်။ ဒါပေမယ့် အခု ဖြန့်မယ့် မီးစက်တွေက ကောင်းတယ်လို့တော့ ပြောတယ်။ မီးမှန်မမှန်ကတော့ စောင့်ကြည့်ရမယ်'ဟု ပြောဆိုသည်။

Green Alliance Energy Co.ltd ၏ လေးကေကော် ၂၄ နာရီ မီးလင်းရေးစီမံကိန်းအတွက် ကရင်ပြည်နယ် အစိုးရမှ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလတွင် ခွင့်ပြုခဲ့ပြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် Myanmar Investment Commission – MIC ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ခွင့်ပြုပေးခဲ့ခြင်း ဖြစ်သည်။

လေးကေကော်မြို့သစ် စီမံကိန်းကို စစ်ဘေးရှောင် နေရပ် စွန့်ခွာခဲ့ကြသည့် ဒုက္ခသည်များနှင့် ကေအဲန်ယူ–ကရင် အမျိုးသား အစည်းအရုံး တပ်မိသားစုဝင်များ အတွက် ကေအဲန်ယူနှင့် ပြည်ထောင်စု အစိုးရတို့ ညှိနှိုင်း ဆောင်ရွက်မှုဖြင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် စတင် အကောင်အထည်ဖော် တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။

▶ **တဘက်စာမျက်နှာမှ**

သူတွေကို ရွာမှာပဲထားတယ်။ ရွာက လူမှုရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ဆောင်ခိုင်းထားတယ်။ နိုင်ငံတော်နဲ့ယှဉ်ပြီး ဖမ်းဆီးနိုင်ဖို့ ကျနော်တို့ မြို့နယ်တစ်ခုထဲအနေနဲ့ မလုပ်နိုင်သေးဘူး'ဟု ပြောသည်။

ဝင်းရော် ဒေသတွင်း ဖားပြ၊ ဝင်းထောင်း၊ ကကတစ်၊ နန်းခွီ၊ သံပရာ၊ အနန်းကွင်း၊ ခုံခံ၊ ဝင်းခန၊ တညင်၊ လွတ်ရှမ်းရွာရှိ ဆေးဝါးရောင်းဝယ်သုံးစွဲသူများကို အရေးယူနိုင်ခဲ့ပြီး ကျန်ရှိသည့် ရွာများကိုလည်း ဆက်လက် အရေးယူဆောင်ရွက်သွားမည်ဟု ကရင်ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဖားပြကျေးရွာ လူငယ်စည်းရုံးရေးမှူး စောမျိုးဆက်သစ်က 'မြင်းဆေးရောင်းသူက တစ်နေရာ၊ သောက်သူက တနေရာထားပြီး အရေးယူထားတာတွေ ရှိတယ်။ ရွာလူကြီးတွေနဲ့ ဆွေးနွေးပြီး လုပ်ဆောင်တာပါ။ ကျနော်တို့ တစ်ရွာထဲမှာဆို တစ်သုတ်ပြီး တသုတ် အရေးယူထားတာဆိုတော့ လူ ရာနဲ့ ရှိမယ်ထင်တယ်။ သုံးစွဲရောင်းဝယ်သူ ခုရွာမှာ မရှိသလောက် ဖြစ်သွားပြီ'ဟု ကရင်သတင်းစဉ်သို့ ပြောသည်။

KNU ဝင်းရေးမြို့နယ်အနေဖြင့် မူးယစ်ဆေးဝါးရောင်းဝယ် သုံးစွဲသူများကို ၂၀၁၆ ခုနှစ်၊ ဧပြီလ မှ ၂၀၁၈ ခုနှစ်၊ မေလအထိ မူးယစ်ဆေး ရောင်းဝယ်သုံးစွဲသူ ဦးရေ ၂၀၀ ကျော်၊ ဆေးပြားအလုံးရေ တစ်သိန်းကျော် ဖမ်းဆီး အရေးယူခဲ့ပြီး အများပြည်သူရှေ့၌ ၄ ကြိမ်တိုင် မီးရှို့ဖျက်ဆီးခဲ့ပြီး ဖြစ်သည်။

မြိုင်ကြီးဂူဆရာတော်၏ အန္တိမ အဂ်ိဳဈာပန အခမ်းအနား ကျင်းပပြီးစီး

နိုဝင်ဘာလ ၂၈ ရက်၊ ၂၀၁၈ ခုနှစ်

ကရင်ပြည်နယ်၏ အထင်ကရ ဆရာတော်ကြီးတစ်ပါး ဖြစ်သည့် မြိုင်ကြီးဂူဆရာတော် ဘဒ္ဒန္တ ဥးသုဇန၏ အန္တိမ အဂ်ိဳဈာပန အခမ်းအနားကို လှိုင်းဘွဲမြို့နယ် မြိုင်ကြီးဂူ အထူးဒေသ၌ နိုဝင်ဘာလ ၂၇ ရက်) ည ၁၁ နာရီကျော်အချိန်တွင် ကျင်းပခဲ့သည်။

ယခင်လ အောက်တိုဘာလ ၁၃ ရက် နေ့တွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားသည့် ဆရာတော်၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို ၄၅ ရက်ကြာ ပူဇော်ခံပြီးနောက် ယမန်နေ့ညတွင် သိန်း ၂၀၀ ကျော် တန်ဖိုးရှိသည့် မီးရှူးမီးပန်းများ ဖောက်ကာ မီးပူဇော်ခဲ့ပြီး ရုပ်ကလာပ်တော်ကို မီးသင်္ဂြိဟ်ခဲ့ကြခြင်း ဖြစ်သည်။

အဆိုပါ အခမ်းအနားတွင် ကရင်တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၊ အစိုးရအဖွဲ့ဝင်များ အပါအဝင် အနယ်နယ်အရပ်ရပ်ရှိ အလွှာစုံ လူပရိသတ်များ သောင်းချီ လာရောက် ဖူးမြော်ခဲ့ကြသည်။

ဆရာတော်ဘုရားကြီး ဥးသုဇန၏ အန္တိမ အဂ်ိဳဈာပန အခမ်းအနားတွင် ဇော်ဂျီပြဿဒ်ထမ်းပြိုင်ပွဲနှင့် ဇယာဥ်ကျူး ပြိုင်ပွဲများ ပြုလုပ်ခဲ့ကာ ဆုရရှိသူများအား ဆုအသီးသီးချီးမြှင့် ခဲ့ကြသည့်အပြင် တေးဂီတ ဖျော်ဖြေပွဲများ၊ ဇာတ်သဘင်ပွဲများ ထည့်သွင်းကျင်းပခဲ့သည်။

ဆရာတော်ကြီး၏ အန္တိမ အဂ်ိဳဈာပန အခမ်းအနားကို တပည့် သံဃာတော်များနှင့် ဒါယကာ/ဒါယိကာများတို့က ဆရာတော်ကြီးအား နောက်ဆုံး ဝန်ချတောင်းပန်လွှာ ဖတ်ကြားခြင်း၊ ဆရာတော်၏ ဥတု ဇရုပ်ကလာပ်တော်အား ဈာပနကျင်းပရာသို့ ပင့်ဆောင်ခြင်း၊ 'ပစ္ဆိမ ဝန္ဒနာ' ဂါထာတော်အား ဆရာတော်များက ဖတ်ကြားခြင်းများ ပြုလုပ်ခဲ့ကြသည်။

မြိုင်ကြီးဂူဆရာတော် ဥးသုဇန သည် အောက်တိုဘာလ ၁၃ ရက်၊ ထိုင်းစံတော်ချိန် ည ၉ နာရီ ၁၂ မိနစ်အချိန်တွင် ဘန်ကောက်မြို့၊ Bumrungrad International Hospital ဆေးရုံကြီး၌ ပျံလွန်တော်မူခဲ့ခြင်း ဖြစ်ပြီး ပျံလွန်တော် မူချိန်တွင် သက်တော် ၇၁ နှစ်၊ ဝါတော် ၅၁ ဝါရှိသည်။

၂၀၁၈ ခုနှစ် ပဒိုမန်းရှာလူငယ်ခေါင်းဆောင်ဆုအတွက် အဆိုပြုနိုင်ပြီဟု ဖန်းဖောင်ဒေးရှင်းထုတ်ပြန်

နိုဝင်ဘာ ၂၂ ရက်၊ ၂၀၁၈ ခုနှစ်
စအိုင်ဆုး

ကရင်အမျိုးသား အစည်းအရုံး (KNU) အထွေထွေ အတွင်းရေးမှူး ချုပ်ဟောင်း ကွယ်လွန်သူ ပဒိုမန်းရှာလားဖန်းနှင့် ဇနီး နမ့်ကျင်ရွှေတို့အား ရည်စူး၍ Phan Foundation မှ ပေးအပ်ချီးမြှင့်သော ၂၀၁၈ ခုနှစ် ပဒိုမန်းရှာလားဖန်း လူငယ်ခေါင်းဆောင်ဆုအတွက် အမည်စာရင်းကို စတင်အဆိုပြုနိုင်ပြီဟု နိုဝင်ဘာ ၂၁ ရက်နေ့တွင် Phan Foundation မှ ထုတ်ပြန်ကြေညာလိုက်သည်။

ပဒိုမန်းရှာလားဖန်း လူငယ်ခေါင်းဆောင်ဆုသည် မိမိကိုယ်ကျိုးအတွက် မကြည့်ဘဲ ကရင်အမျိုးသား တိုးတက်ရေးအတွက် ပညာရေး၊ လူ့အခွင့်အရေးနှင့် ရိုးရာ ယဉ်ကျေးမှုဆိုင်ရာ စသည့် ကရင်လူမျိုးတို့၏ လိုအပ်ချက်များကို အထောက်အကူဖြစ်အောင် စွမ်းစွမ်းတမံ လုပ်ဆောင်ပေးသူ အသက် ၃၅ နှစ်အောက် ကရင်လူငယ်များအား နှစ်စဉ်ပေးအပ်ချီးမြှင့်ခြင်း ဖြစ်သည်။

ပဒိုမန်းရှာလားဖန်း၏ သားထွေးဖြစ်သူ စ'လုံ့ဖန်းက 'ဒီနှစ်တွေမှာ ပြည်တွင်း၊ပြည်ပနဲ့ နယ်စပ်က ကရင်လူငယ်တွေ တော်တော်များများ နိုင်ငံရေးတွေမှာ ပူးပေါင်းပါဝင်ပြီး ဝင်ရောက်ဆွေးနွေးတာမျိုး တွေ့လာရတယ်။ ဒါကြောင့် ဒီနှစ်အတွက် အမည်စာရင်း အများကြီး သွင်းလာဖို့ မျှော်လင့်ထားပါတယ်။ မျိုးဆက်သစ်တွေက အရေးကြီးတဲ့အတွက် ကျနော်တို့ ရည်ရွယ်ချက်ကလည်းပဲ မျိုးဆက်သစ်တွေကို လူ့အဖွဲ့အစည်းတွေမှာ ကိုယ့်အမျိုးသားရေး လှုပ်ရှားဆောင်ရွက်မှုတွေမှာ ပိုမိုပါဝင်လာဖို့ ရည်ရွယ်ပြီး ဒီဆုကို ပေးအပ်တာဖြစ်တယ်'ဟု ကရင်သတင်းစဉ်သို့ ပြောသည်။

သတ်မှတ်ထားသည့် စံနှုန်းနှင့် ကိုက်ညီမှုအရှိဆုံး လူငယ်ကို ဆွေ အမေရိကန်ဒေါ်လာ ၂၀၀၀ ဖြင့် ရွေးချယ်ဆုပေးအပ် သွားမည်ဖြစ်ကာ ၂၀၁၉ ခုနှစ် အစောပိုင်းကာလတွင် ကြေညာသွားမည်ဟု ဖန်းဖောင်ဒေးရှင်းက ထုတ်ပြန်ထားပြီး လာမည့် နှစ် ၇၀ ပြည့် ကရင်အမျိုးသား တော်လှန်ရေးနေ့တွင် ပေးအပ်ချီးမြှင့်သွားရန် စီစဉ်ထားကြောင်း စ'လုံ့ဖန်းက ဆက်ပြောသည်။

ထိုဆုအတွက် စာရင်းတင်သွင်းရာ၌ အမည်၊ အသက်၊ မွေးသက္ကရာဇ်၊ နေရပ်နှင့် အဖွဲ့အစည်း နာမည်များဖြင့် တကွ မိမိကိုယ်ကို အဆိုတင်သွင်းခြင်းမှလွဲ၍ မည်သည့် ကရင်အဖွဲ့အစည်း၊ ဆွေမျိုးသားချင်းကိုမဆို လာမည့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ နောက်ဆုံးထားပြီး ကရင်၊ မြန်မာနှင့် အင်္ဂလိပ်ဘာသာများဖြင့် bwabwa. phan@phanfoundation.org သို့ အမည်စာရင်းကို တင်သွင်းပို့ဆောင်ပေးရမည် ဖြစ်သည်။

ဖန်းဖောင်ဒေးရှင်းကို ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ အမည်မသိ သေနတ်သမားနှစ်ဦး၏ သတ်ဖြတ်ခြင်းခံရသော KNU အထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ပဒိုမန်းရှာလားဖန်းနှင့် ကွယ်လွန်သူ နမ့်ကျင်ရွှေ တို့အား ဂုဏ်ပြုသည့် အနေဖြင့် ကျန်ရစ်သူ သားသမီးများ ဖြစ်ကြသော စောစေးစေးဖန်း၊ နမ့်ဘွားဘွားဖန်း၊ နမ့်ဇိယာဖန်းနှင့် စ'လုံ့ဖန်းတို့က တည်ထောင်ခဲ့ခြင်း ဖြစ်သည်။

၂၀၀၈ ခုနှစ်မှစ၍ ပေးအပ်ချီးမြှင့်သော ပဒိုမန်းရှာလားဖန်း လူငယ်ခေါင်းဆောင်ဆုကို ညောင်လေးပင်ခရိုင်မှ နော်ဖောကဘာလာထူး၊ ဖာပွန်ခရိုင်မှ စောညွန့်ဝင်း၊ ဘိတ်–ထားဝယ်ခရိုင်မှ နော်ဒီဇင်ဘာဖော၊ Free Burma Ranger အဖွဲ့မှ စောထူးထူးအယ်၊ ကရင်အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (KWEG) မှ နမ့်သန္တာအောင်၊ ကရင်အမျိုးသမီး အစည်းအရုံး (KWO) မှ နော်ကညောဖောနှင့် ကရင်သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ လှုပ်ရှားမှုအဖွဲ့မှ နော်ဆာမူး၊ Hpa-An Youth Network မှ စ'ရှိုင်းနှင့် အင်တာနက် လူမှုကွန်ရက်များမှ တစ်ဆင့် ကရင်စာပေဖွံ့ဖြိုးရေး လုပ်ငန်းများ ဦးဆောင်လုပ်ကိုင်နေသူ စ'သူလှိုင်ဝင်းတို့ကို အသီးသီး ပေးအပ်ခဲ့သည်။

ယမန်နှစ် ၂၀၁၇ ခုနှစ်အတွက် အဆိုပါ လူငယ်ခေါင်းဆောင်ဆုကို ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် လူမှုရေးလုပ်ငန်း လုပ်ဆောင်နေသူ ကရင်ဒုက္ခသည်များဆိုင်ရာ လူမှုစောင့်ရှောက်ရေးအဖွဲ့ (OKRSO)မှ စောအဲသို နှင့် အမျိုးသမီး အခွင့်အရေးဆိုင်ရာ တက်ကြွလှုပ်ရှားနေသူ ကရင်အမျိုးသမီး အစည်းအရုံး (KWO)မှ နော်ဆဲဆဲတို့နှစ်ဦးကို ပူးတွဲ ပေးအပ်ချီးမြှင့်ခဲ့သည်။

ကရင်သတင်းစဉ် ပရိသတ်များ အား အသိပေးခြင်း

ကရင်သတင်းစဉ်– ကရင်သတင်းဌာန၏ စကောကရင်ဘာသာဖြင့် တင်ဆက်နေသည့် သတင်းများအား လစဉ်ထုတ် ကရင်သတင်းစဉ် စာစောင်ထဲတွင် ဖတ်ရှုနိုင်သကဲ့သို့ karen.kicnews.org တွင်လည်း နေ့စဉ်သတင်းနှင့် ဆောင်းပါးများကို ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

လစဉ် ကရင်သတင်းစဉ်ကို အားပေးဖတ်ရှုကြသော စာဖတ်ပရိသတ်များအနေဖြင့် ကရင် တိုင်းရင်းသားဘာသာ ရုပ်သံအစီအစဉ် ၁၃ မိနစ်စာကို DVB ရုပ်သံလွှင့်လိုင်းမှ အပတ်စဉ်၊ ဗုဒ္ဓဟူးနေ့ မြန်မာစံတော်ချိန် နံနက် ၇း၁၅ နာရီနှင့် ည ၉း၄၅ နာရီ တို့တွင် စောင့်စားကြည့်ရှုနိုင်ပြီး အလားတူအချိန် ကျန်နေ့ရက်များတွင်လည်း အခြား တိုင်းရင်းသားဘာသာရုပ်သံများကို ကြည့်ရှုနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်။

ထို့အပြင် စကောကရင်ဘာသာ အပတ်စဉ် ဆောင်းပါးနှင့် သတင်းများကို တနဂ်္ဂနေ့ ညနေတိုင်း www.kicnews.org နှင့် www.karennews.org တွင် အွန်လိုင်းရေဒီယိုအဖြစ် အသံလွှင့် တင်ဆက်လျက်ရှိရာ မိုဘိုင်းလ်ဖုန်းဖြင့်ဖြစ်စေ၊ ကွန်ပြူတာဖြင့်ဖြစ်စေ ဖမ်းယူ နားဆင်နိုင်ကြောင်းလည်း အသိပေးအပ်ပါသည်။ ကြည့်ရှု၊ နားဆင်ကြသော ပရိသတ်အားလုံးထံမှ အဆိုးအကောင်း ဝေဖန်၊ အကြံပေးမှုများကို လှိုက်လှဲစွာ ကြိုဆိုအပ်ပါသည်။